ကြေးမုံ
The Mirror Daily
Established in 1957
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

**စည်းစိမ်ဥစ္စာ သတင်းကျော်စော**

လုံ့လလည်းရှိ၊ သတိလည်းရှိ၊ အပြစ်ကင်းသော အလုပ်ကိုလည်း ပြုလုပ်တတ်၊ အမှုကိစ္စဟူသမျှကို ပညာဖြင့် ဆင်ခြင်၍ ပြုလုပ်လေ့လည်းရှိ၊ ကိုယ်-နှုတ်-စိတ် သုံးပါးကိုလည်း စောင့်စည်းလေ့ရှိ၊ တရားသဖြင့် အသက်မွေးလေ့လည်းရှိ၍ မမေ့မလျော့သောသူမှာ စည်းစိမ်ဥစ္စာအရာအထူး ကျေးဇူးသတင်းကျော်စောခြင်း အလွန်တိုးပွားလေ၏။ **အပ္ပမာဒဝဂ်(ဓမ္မပဒ-၂၄)**

၁၃၈၇ ခုနှစ်၊ နတ်တော်လဆန်း ၆ ရက်၊ အင်္ဂါနေ့။ Tuesday, 25 November 2025 ၁၂၀၁၂

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။
၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။
၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။
၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# နိုင်ငံတော်ယာယီသမ္မတ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ဖိတ်ကြားချက်အရ ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ အလက်ဇန္ဒား လူကာရှန်ကို မြန်မာနိုင်ငံသို့ တရားဝင်ချစ်ကြည်ရေးခရီး လာရောက်မည်

နေပြည်တော် နိုဝင်ဘာ ၂၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ဖိတ်ကြားချက်အရ ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ အလက်ဇန္ဒား လူကာရှန်ကိုသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသို့ မကြာမီကာလအတွင်း တရားဝင်ချစ်ကြည်ရေးခရီး လာရောက်မည်ဖြစ်သည်။

သတင်းစဉ်

## ပိုလီတက္ကနစ်တက္ကသိုလ်(ပင်လုံ)၌ ၂၀၂၅ - ၂၀၂၆ ပညာသင်နှစ် ကျောင်းများစတင်ဖွင့်လှစ်

လွိုင်လင် နိုဝင်ဘာ ၂၄

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပိုလီတက္ကနစ်တက္ကသိုလ်(ပင်လုံ)၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် ယနေ့နံနက်ပိုင်းမှစ၍ ကျောင်းများစတင်ဖွင့်လှစ်ကာ ပညာသင်ကြားပေးလျက်ရှိကြောင်း သိရသည်။

စာမျက်နှာ ၄ ကော်လံ ၁ သို့ ☆



### ယနေ့ ဖတ်စရာ

Naypyitaw State Polytechnic University (NSPU)၌ သိပ္ပံပွဲတော်(၂၀၂၅) ကျင်းပ
စာမျက်နှာ » ၃

အညာသားများ အညာမမိစေချင်
ဆောင်းပါး စာမျက်နှာ » ၆

အဂတိလိုက်စားမှုတိုက်ဖျက်ရေးတွင် ကျင့်ဝတ်အရေးပါပုံနှင့် နိုင်ငံ့သားကောင်း လူငယ်တို့၏အခန်းကဏ္ဍ လူငယ်စကားဝိုင်း ကျင်းပ
စာမျက်နှာ » ၈

မြန်မာ့ကျောက်မျက်ရတနာပြပွဲ အဋ္ဌမနေ့ ဆက်လက်ကျင်းပ ကျောက်စိမ်းအတွဲပေါင်း ၆၉၅ တွဲ ရောင်းချရ
စာမျက်နှာ » ၁၀

ကြေးမုံ

# စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကြိုးပမ်း

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကိုအခြေခံသောနိုင်ငံဖြစ်သည်။ ကျေးလက်နေပြည်သူများမှာ စိုက်ပျိုးရေးလုပ်ငန်းများဖြင့် အသက်မွေးဝမ်းကျောင်းပြုကြသည့်အပြင် မွေးမြူရေးလုပ်ငန်းများကိုလည်း တွဲဖက်လုပ်ကိုင်ကြသည်။ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ရာ၌ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စီးပွားရေးလုပ်ငန်းများကို အဓိကအားပြုလျက်ရှိသည့်အတွက် စိုက်ပျိုးမွေးမြူရေးဆိုင်ရာအတတ်ပညာရှင်များစွာ လိုအပ်လျက်ရှိသည်။

မြန်မာနိုင်ငံတွင် ပညာကို ပြီးဆုံးအောင်သင်ကြားမှု၊ ပညာတတ်များဖြစ်ထွန်းမှုအားနည်းနေသေးသောကြောင့် အခြေခံပညာအဆင့်တွင် KG+9 သင်ယူမှုပြီးဆုံးသူများအား နယ်မြေဒေသအသီးသီး၌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုအထက်တန်းကျောင်းများ ဖွင့်လှစ်ပေးပြီး စိုက်ပျိုးမွေးမြူရေးနှင့် စက်မှုပညာများတတ်မြောက်အောင် သင်ကြားပေးလျက်ရှိသည်။ အထက်တန်းအဆင့် အသက်မွေးဝမ်းကျောင်းပညာများ သင်ယူပြီးမြောက်ပြီးပါက သက်ဆိုင်ရာလုပ်ငန်းခွင်အသီးသီးတွင် ကျွမ်းကျင်သူများအဖြစ် ဆောင်ရွက်နိုင်ပြီဖြစ်သည်။ အထက်တန်းအဆင့်အသက်မွေးဝမ်းကျောင်းပညာများ ပြည့်မီစွာသင်ယူပြီးပါက အဆင့်မြင့်အသက်မွေးဝမ်းကျောင်းပညာများ ဆက်လက်သင်ယူနိုင်ရန်အတွက် လမ်းဖွင့်ပေးထားသည်။

ယခင်က စိုက်ပျိုးရေးတက္ကသိုလ်၊ မွေးမြူရေးတက္ကသိုလ် တစ်ကျောင်းစီသာရှိခဲ့ရာမှ ယခုအခါ နိုင်ငံတစ်ဝန်းရှိမြို့ကြီးများ၌ စိုက်ပျိုးရေးနှင့် မွေးမြူရေးတက္ကသိုလ်များ ဖွင့်လှစ်သင်ကြားပေးနိုင်အောင် နိုင်ငံတော်အစိုးရက စီမံဆောင်ရွက်ပေးနေပြီဖြစ်သည်။ စိုက်ပျိုးရေးနှင့် မွေးမြူရေးတက္ကသိုလ်များ ဖွင့်လှစ်ပေးရသည့် ရည်ရွယ်ချက်မှာ နိုင်ငံတော်၏ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်သည့် လူသားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်စေရန်၊ အရည်အချင်းပြည့်ဝသည့် စိုက်ပျိုးရေးပညာသိပ္ပံဘွဲ့နှင့် မွေးမြူရေးပညာသိပ္ပံဘွဲ့ရပညာရှင်များ ပိုမိုသင်ကြားမွေးထုတ်ပေးနိုင်ရန်၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးအခြေခံ စီးပွားရေးလုပ်ငန်းများအတွက်လိုအပ်သည့် ခေတ်မီနည်းပညာများ၊ အတတ်ပညာများ လေ့လာသင်ယူနိုင်ကြစေရန်နှင့် လက်တွေ့အသုံးချ သုတေသနလုပ်ငန်းများကို ပိုမိုအားကောင်းစွာ ဆောင်ရွက်ပေးနိုင်ရန်ဖြစ်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် နိုဝင်ဘာ ၂၃ ရက်က စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးနှင့် မွေးမြူရေးတက္ကသိုလ်(မအူပင်)ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ဖွင့်လှစ်ပေးရာတွင် "စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးအတွက် ရင်းနှီးမြှုပ်နှံခြင်းသည် တိုးပွားလာသည့်လူဦးရေအတွက် စားရေရိက္ခာလိုအပ်ချက် ဖြည့်ဆည်းပေးနိုင်ရေး၊ သဘာဝအရင်းအမြစ်များ ရေရှည်တည်တံ့စေရေး၊ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး၊ လယ်ယာ၊ သားငါးတန်ဖိုးမြှင့်ထုတ်ကုန် တိုးမြှင့်ထုတ်လုပ်နိုင်ရေးစသည့် ရည်မှန်းချက်များကို ပြည့်မီစေမည်ဖြစ်ကြောင်း"ပြောကြားခဲ့သည်။

စိုက်ပျိုးမွေးမြူရေးလုပ်ငန်းသည် မြန်မာနိုင်ငံ၏ ရှေးအစဉ်အဆက် အခြေခံစီးပွားရေးလုပ်ငန်းဖြစ်ခဲ့သော်လည်း အထောက်အကူဖြစ်စေမည့် အဆင့်မြင့်ပညာဖြန့်ဝေရာတွင် စိုက်ပျိုးရေးတက္ကသိုလ်တစ်ခုနှင့် မွေးမြူရေးတက္ကသိုလ်တစ်ခုသာရှိခဲ့သဖြင့် အဆင့်မြင့်နည်းပညာလွှမ်းခြုံမှုတွင် အားနည်းချက်များရှိခဲ့သည်။ ယခုအခါ စိုက်ပျိုးရေးနှင့် မွေးမြူရေးတက္ကသိုလ် တိုးချဲ့ဖွင့်လှစ်ပေးနိုင်ပြီး စိုက်ပျိုးမွေးမြူရေးပညာရှင်များ စဉ်ဆက်မပြတ် မွေးထုတ်ပေးနိုင်တော့မည်ဖြစ်သည်။ အဆင့်မြင့်ပညာများ သင်ယူဆည်းပူးကြသည့် ကျောင်းသား ကျောင်းသူများအနေဖြင့် မျိုးဆက်တစ်ဆက်ပြီးတစ်ဆက် လက်ဆင့်ကမ်းပေးပြီး နိုင်ငံတော်၏ စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍ တိုးတက်အောင်မြင်စေရန် "စိုက်မွေးပညာ၊ ပြည်ရွာဖွံ့ဖြိုး" ဆိုသည့် တက္ကသိုလ်၏ ဆောင်ပုဒ်နှင့်အညီ တိုင်းပြည်နှင့် လူမျိုးအကျိုးကို ဆတက်ထမ်းပိုး သယ်ပိုးထမ်းဆောင်သွားနိုင်လိမ့်မည်ဟု ယုံကြည်သည်။

စိုက်ပျိုးမွေးမြူရေးပညာရပ်ကို သာမန်အားဖြင့် အသုံးချသိပ္ပံပညာရပ်သက်သက်သာရှုမြင်လေ့ရှိသည်။ အမှန်တကယ်တွင် စိုက်ပျိုးရေးပညာရပ်နှင့်သက်ဆိုင်သည့် မြေဆီလွှာ၊ ဇီဝဗေဒ၊ ရုက္ခဗေဒ စသည့်ဘာသာရပ်များ၊ မွေးမြူရေးနှင့်သက်ဆိုင်သည့် ဆေးပညာ၊ ခွဲစိတ်ကုနှင့် မျိုးပွားပညာစသည့်ဘာသာရပ်များ၊ သီအိုရီများနှင့် နည်းပညာသဘောတရားများ ကျယ်ပြန့်စွာပါဝင်လျက်ရှိသည်။ အဆိုပါဘာသာရပ်များကို နားလည်သဘောပေါက်ပြီး သိပ္ပံပညာဆိုင်ရာ၊ ဝိဇ္ဇာပညာဘာသာရပ်ဆိုင်ရာ တွေးခေါ်မြော်မြင်မှုနှင့် ပြဿနာများ ဖြေရှင်းမှုစွမ်းရည်၊ တောင်သူနှင့် မွေးမြူရေးသမားများ၏ ခံယူမှုနှင့် လူမှုစီးပွားရေးဆိုင်ရာ အချက်အလက်များအပါအဝင် စီမံခန့်ခွဲမှုများကိုပါ လေ့လာသင်ယူကြရမည်ဖြစ်၍ အကျိုးကျေးဇူးများသည့် ကဏ္ဍကြီးများဖြစ်သည်။

သို့ဖြစ်ရာ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် မြန်မာနိုင်ငံအနေဖြင့် ခေတ်နှင့်အညီ လိုက်ပါတိုးတက်လျက်ရှိသည့် စိုက်ပျိုးရေး၊ မွေးမြူရေး အဆင့်မြင့်နည်းပညာများ တတ်မြောက်ကျွမ်းကျင်သည့် လူသားအရင်းအမြစ်များ စဉ်ဆက်မပြတ်မွေးထုတ်ပေးနေပြီဖြစ်ရာ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးဖြစ်လာအောင် ဝိုင်းဝန်းကြိုးပမ်းတည်ဆောက်ကြရမည်ဖြစ်ပါကြောင်း။ ။

# တရားမ အထူးအယူခံမှု လေးမှုကို စီရင်ချက်ချမှတ်ပြီး တရားမ အထူးအယူခံမှု ခြောက်မှုကို ရုံးထိုင်ကြားနာ

နေပြည်တော် နိုဝင်ဘာ ၂၄

ပြည်ထောင်စုတရားသူကြီးချုပ်ဦးသာဌေးနှင့်ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများဖြစ်ကြသော ဒေါ်သင်းသင်းနွဲ့၊ ဒေါက်တာကိုကိုနိုင်၊ ဒေါ်စိုးခက်ခက်၊ ဒေါ်သင်းသင်းချိုတို့ပါဝင်သည့် အထူးအယူခံခုံရုံးသည် ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော် ပုဗ္ဗသီရိမြို့နယ် မင်္ဂလာဒီပရပ်ကွက် ချင်းတွင်းလမ်းရှိ ဇေယျာသီရိခရိုင်တရားရုံး ရုံးခန်းအမှတ်(၁)၌ ပြည်ထောင်စုတရားလွှတ်တော်ချုပ် အထူးအယူခံခုံရုံး ရုံးထိုင်၍ တရားမ အထူးအယူခံမှုအမှတ် ၁၆/၂၀၂၅ (မန္တလေး)၊ ၂၃/၂၀၂၅ (ရန်ကုန်)၊ ၂၄/၂၀၂၅ (ရှမ်း)၊ ၂၅/၂၀၂၅ (မန္တလေး) စုစုပေါင်း တရားမ အထူးအယူခံမှု လေးမှုကို စီရင်ချက်ချမှတ်ပြီး တရားမ အထူးအယူခံမှုအမှတ် ၂၁/၂၀၂၅ (မကွေး)၊ ၃၅/၂၀၂၅ (ဧရာဝတီ)၊ ၃၆/၂၀၂၅ (မကွေး)၊ ၃၉/၂၀၂၅ (ရန်ကုန်)၊ ၄၀/၂၀၂၅ (မန္တလေး)၊ ၄၄/၂၀၂၅ (မကွေး) စုစုပေါင်း တရားမ အထူးအယူခံမှု ခြောက်မှုကို ရုံးထိုင်ကြားနာခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# အင်းစိန်မြို့နယ်၌ (၈၁)နှစ်မြောက် စာဆိုတော်နေ့အထိမ်းအမှတ် ရသစာပေစာဖတ်ဝိုင်း ကျင်းပ

ရန်ကုန် နိုဝင်ဘာ ၂၄

ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (အင်းစိန်)၊ မြို့နယ် စာပေဥယျာဉ် (Book Club) အသင်းနှင့် မြို့နယ်စာရေးဆရာအသင်းတို့ ပူးပေါင်း၍ (၈၁)နှစ်မြောက် စာဆိုတော်နေ့ အထိမ်းအမှတ် ရသစာပေစာဖတ်ဝိုင်း ဆွေးနွေးပွဲကို ယမန်နေ့ မွန်းလွဲ ၁ နာရီက ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (အင်းစိန်) လူထုအခြေပြုဗဟိုဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**ရှင်းလင်းပြောကြား**

အခမ်းအနားတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အငြိမ်းစားဦးစီးအရာရှိ ဒေါ်ခင်နှင်းကြည်က အခမ်းအနားမှူးအဖြစ် ဆောင်ရွက်၍ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (အင်းစိန်) လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မေသန္တာ၊ အသင်းနာယက ဆရာကြီး ဦးရန်နောင် (ရန်နောင်-ပညာရေး)၊ စာရေးဆရာအသင်း အတွင်းရေးမှူး ဦးတင်ဌေးအောင် (ရန်မိုးအောင်-အင်းစိန်)တို့က အမှာစကားပြောကြားပြီး အသင်းဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း သတင်းစာဆရာအသင်း ဒုတိယဥက္ကဋ္ဌ(၂)၊ စာရေးဆရာ သတင်းစာဆရာ ဦးဘိုကြည် (ဒေါက်တာဗိုလ်သံမဏိ - တောင်တွင်းကြီး)က ရသစာပေစာဖတ်ဝိုင်း ပြုလုပ်ရခြင်း ရည်ရွယ်ချက်များအကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် စာဖတ်ဝိုင်းအခမ်းအနားကို ဆက်လက်ပြုလုပ်ရာ တက်ရောက်လာကြသည့် စာရေးဆရာ အသင်းဝင်များ၊ စာပေဥယျာဉ်အသင်းဝင်များနှင့် စာပေဝါသနာရှင်များထဲမှ စာရေးဆရာအသင်း တွဲဖက်အတွင်းရေးမှူး ဆရာဦးတင်ဝင်း (ဝင်းနွယ်-ပုသိမ်)က ၁၉၆၉ ခုနှစ်တွင် စာရေးဆရာကြီး နန္ဒ ရေးသားထုတ်ဝေခဲ့သည့် "ငါ့ခါး ငါ့သွေး ငါ့ဧရာဝတီ" အမည်ရှိ နယ်ချဲ့ဆန့်ကျင်ရေး နောက်ခံပါရှိသော မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး ရသစာပေဝတ္ထုရှည်အကြောင်းကို ဟောပြောဆွေးနွေးခဲ့ကြောင်း သိရသည်။

မြင့်ဦး

## ၂၄ - ၁၁ -၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ ငွေကျပ် ၅၉၇၀၀၀၀ ဖြစ်သည်။**

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၂၄ - ၁၁ - ၂၀၂၅

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၆၀၀ | ၈,၆၀၀ | ၅၇၃ | ၄,၉၂၇,၈၀၀ |
| MTSH | ၃,၆၀၀ | ၃,၆၀၀ | ၂၈ | ၁၀၀,၈၀၀ |
| MCB | ၇,၆၀၀ | ၇,၆၀၀ | ၄၀ | ၃၀၄,၀၀၀ |
| FPB | ၂,၁၀၀ | ၂,၁၅၀ | ၁,၁၆၈ | ၂,၄၈၅,၃၀၀ |
| TMH | ၂,၈၅၀ | ၂,၈၅၀ | ၃၅၈ | ၁,၀၂၀,၃၀၀ |
| EFR | ၁,၇၀၀ | ၁,၇၀၀ | ၂,၄၂၉ | ၄,၀၃၀,၈၅၀ |
| AMATA | ၃,၆၀၀ | ၃,၆၀၀ | ၁၁ | ၃၉,၆၀၀ |
| MAEX | ၃,၁၅၀ | ၃,၁၅၀ | ၀ | ၀ |
| MADPL(PLB) | ၂,၆၅၀ | ၂,၆၀၀ | ၂၁၁ | ၅၄၈,၆၅၀ |

ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။

ကြေးမုံ

**စာတည်းမှူးချုပ်** - ဝင်းနိုင်
**ခေတ္တ စာတည်းမှူး** - အေဝမ်းစိုး
**စာတည်းများ** - စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဥ၊ နိုင်လင်းကြည်
**ဘာသာပြန်** - အောင်ကျော်ကျော်၊ စိုးသူရ
**အကြီးတန်း သတင်းထောက်များ** - စိုးအောင်၊ ခင်မို့မို့အောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန်
**အငယ်တန်း သတင်းထောက်များ** - အောင်ကျော်ဦး၊ သန်းတင်အောင် ခင်သက်မွန်၊ မြသီတာ
**သုတေသန** - ဇင်မာဝင့်
**စာပြင်** - ခင်နှင်းယုနှင့်အဖွဲ့
**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** - နီလာစိုးနှင့်အဖွဲ့
**အီးမေးလ်နှင့် အွန်လိုင်း** - စိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကို ဒီတိုင်းကြည့်နေမှာမဟုတ်

**ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကိုတော့ ကျုပ်တို့အစိုးရကလည်း ဒီတိုင်းကြည့်နေမှာမဟုတ်ဘူး။ အပြင်းအထန်နှိပ်ကွပ်ရမှာပဲ။ ရွေးကောက်ပွဲမှာ လွတ်လပ်စွာ ယှဉ်ပြိုင်ရွေးကောက်တဲ့နေရာမှာတော့ ဘယ်သူ့ကိုမှ ကျုပ်တို့အစိုးရက နှောင့်ယှက်မှာ မဟုတ်ဘူး။ သို့သော် ဖျက်လိုဖျက်ဆီးလုပ်တဲ့လူမှန်သမျှကို တော့ အာဏာကုန် နှိမ်နင်းပစ်မှာပဲဆိုတာ ရှင်းရှင်းကြီး သတိပေးထားပါရစေ။**

(၁၉၄၇ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင် ရွေးကောက်ပွဲနှင့်ပတ်သက်၍
ဗိုလ်ချုပ်အောင်ဆန်း ပြောကြားခဲ့သည့် အသံလွှင့်မိန့်ခွန်းမှ ကောက်နုတ်ချက်)



## ပြန်ကြားရေးနှင့် တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်းဖော်ဆောင်ရေးဆွေးနွေးပွဲ တောင်ကြီးမြို့၌ ကျင်းပ

**တောင်ကြီး နိုဝင်ဘာ ၂၄**

ပြန်ကြားရေးနှင့် တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်းဖော်ဆောင်ရေး ဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် တောင်ကြီးမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ ဆွေးနွေးပွဲသို့ ပြန်ကြားရေးနှင့် တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်းဖော်ဆောင်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တောင်ကြီးမြို့ရှိ တောင်ကြီးတက္ကသိုလ်၊ ဆေးတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်၊ သူနာပြုသင်တန်းကျောင်း၊ သားဖွားသင်တန်းကျောင်း၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဖိတ်ကြားထားသော MRTV-4 မှ ရိုက်ကူး/ ထုတ်လုပ်သည့် ရုပ်ရှင်နှင့် ရုပ်သံဇာတ်လမ်းတွဲများမှ နာမည်ရအနုပညာရှင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များက "လှမ်းခဲ့တော့လေ ချယ်ရီမြေ" တေးသီချင်းဖြင့် ကပြဖျော်ဖြေကြသည်။

ဆက်လက်၍ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားက စီစဉ်ထုတ်လုပ်သည့် "ပြင်းထန်တဲ့ မြေငလျင်ဒဏ်ကို ကျော်ဖြတ်ကာ ပြန်လည်တည်ဆောက်ကြမယ့် ပိုမိုကောင်းမွန်တဲ့အနာဂတ်"နှင့် "ရှေ့သို့ချီမည် ပန်းတိုင်ဆီ" Video Clip တို့ကို ဖွင့်လှစ်ပြသသည်။



ထို့နောက် လုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက အဖွင့်အမှာစကား ပြောကြားရာတွင် သတင်းတု၊ သတင်းမှားများ အန္တရာယ်ကို အထူးဂရုပြုချင့်ချိန်ဆောင်ရွက်ကြရန်နှင့် သတင်းမှန်ပြန်ကြားမှုများကို ကြည့်ရှုနားဆင်ပြီး အလေးထားဆောင်ရွက်သင့်ပါကြောင်း၊ နိုင်ငံတော်အစိုးရက အနာဂတ်အတွက် လူငယ်များကို အလေးထား တန်ဖိုးထားပါကြောင်းနှင့် ပညာရေးကို အထူးအားပေးဆောင်ရွက်နေပါကြောင်း၊ မကြာမီ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီး ကျင်းပမည်ဖြစ်ရာ အသက် ၁၈ နှစ်ပြည့်ပြီးသူ ဆန္ဒမဲပေးရန် သင့်လျော်ကိုက်ညီသူများအနေဖြင့် နိုင်ငံတော်နှင့် ဒေသအတွက် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်မည့်သူများကို ဆန္ဒအလျောက် လွတ်လပ်စွာ ဆန္ဒပြုမဲပေးခြင်းဖြင့် နိုင်ငံသားတစ်ဦးချင်းစီ၏ တာဝန်ကျေပွန်အောင် ဆောင်ရွက်သင့်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက MRTV DTH စလောင်းအစုံ ၅၀ ကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ထံ ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် ရှမ်းပြည်နယ် တရားသူကြီးချုပ်တို့က MRTV DTH စလောင်း ၁၀ စုံကို တက်ရောက်လာကြသူများအား မဲဖောက်၍ ပေးအပ်ကြသည်။

ထို့နောက် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များက "စည်းလုံးခြင်းအတွက် သီချင်းတစ်ပုဒ်" တေးသီချင်းဖြင့် ကပြဖျော်ဖြေကြရာ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးတို့က အဆိုပါ ဖျော်ဖြေရေးအဖွဲ့များအား ဂုဏ်ပြု ချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## Naypyitaw State Polytechnic University (NSPU)၌ သိပ္ပံပွဲတော်(၂၀၂၅) ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၂၄**

ရုရှား ဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံပိုင် အဏုမြူစွမ်းအင်ကော်ပိုရေးရှင်း "ROSATOM"နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနတို့ပူးပေါင်း၍ သိပ္ပံပွဲတော်(၂၀၂၅)ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ Naypyitaw State Polytechnic University (NSPU) ၌ ကျင်းပသည်။

အခမ်းအနားသို့ သိပ္ပံနှင့် နည်းပညာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိန်းကျော်၊ ဒုတိယဝန်ကြီး ဒေါက်တာ အောင်ဇေယျ၊ အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထိန်လင်း၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီးနှင့် ကိုယ်စားလှယ်များ၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ ပါမောက္ခများ၊ ပညာရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအောက်ရှိ တက္ကသိုလ်နှင့် ကျောင်းများမှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ ၂၀၂၃ ခုနှစ်နှင့် ၂၀၂၄ ခုနှစ်က ကျင်းပခဲ့သည့် သိပ္ပံပွဲတော်များ၏ မှတ်တမ်းဗီဒီယိုများကို ပြသ၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိန်းကျော်က အဖွင့်အမှာစကား ပြောကြားကာ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး Mr. I.K. Azizov က ဂုဏ်ပြုအမှာစကား ပြောကြားပြီး NSPU နှင့် ရမည်းသင်း နည်းပညာတက္ကသိုလ်မှ ကျောင်းသား ကျောင်းသူများက မြန်မာ့ရိုးရာယဉ်ကျေးမှု အကအလှများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။



ထို့နောက်ပြည်ထောင်စုဝန်ကြီးနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကိုယ်စားလှယ်များက အနုပညာပြပွဲ(Splitting Color) ဆုရရှိသူများအား ဂုဏ်ပြုဆုများကို လည်းကောင်း၊ ဖျော်ဖြေရေးအဖွဲ့များအား ဂုဏ်ပြုဆုငွေနှင့် လက်ဆောင် ပစ္စည်းများကို လည်းကောင်း ပေးအပ်ကြကာ ကျောင်းသား လူငယ်များ၏ပန်းချီပြပွဲနှင့် Project Shows ပြုလုပ်နေမှုများကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။

အဆိုပါ သိပ္ပံပွဲတော်ကို Naypyitaw State Polytechnic University (NSPU)၌ နိုဝင်ဘာ ၂၄ ရက်မှ ၂၅ ရက်အထိ ကျင်းပ၍ အခြေခံပညာ ကျောင်းသားကျောင်းသူများအတွက် နျူကလီးယားဆိုင်ရာ ဥာဏ်စမ်းဂိမ်းယှဉ်ပြိုင်မှုများကို ကျင်းပကာ ဂုဏ်ပြုဆုများ ချီးမြှင့်ပေးသွားမည်ဖြစ်သည်။

ထို့ပြင် Oliver Stone "Nuclear Now" မှတ်တမ်းရုပ်ရှင်နှင့် "ATOM Egypt ENG Master" နှင့် "The City Falls Asleep" မှတ်တမ်းရုပ်ရှင်တို့များ ပြသခြင်း၊ "Nuclear Technology in Everyday Life" ခေါင်းစဉ်ဖြင့် ဟောပြော ဆွေးနွေးခြင်းနှင့် နျူကလီးယားဆိုင်ရာ အသိပညာများ မျှဝေခြင်းများ ပါဝင်မည်ဖြစ်သည်။

ယခုလို သိပ္ပံပွဲတော်ကျင်းပခြင်းအားဖြင့် အခြေခံပညာအဆင့်မှသည် တက္ကသိုလ် ကျောင်းသားကျောင်းသူများနှင့် ကဏ္ဍအသီးသီးတွင် တာဝန်ထမ်းဆောင်နေသည့် လူငယ် ပညာရှင်များအထိ နျူကလီးယားပညာရပ်အပါအဝင် သိပ္ပံဆိုင်ရာ အသိအမြင်များ၊ အတွေ့အကြုံ ဗဟုသုတများ တိုးပွားလာစေခြင်း၊ သိပ္ပံပညာကို ပိုမိုစိတ်ဝင်စားစေပြီး သိပ္ပံပညာဆိုင်ရာ အသစ်အဆန်းများ လေ့လာစူးစမ်းလိုစိတ် ဖြစ်ပေါ်လာစေခြင်း၊ ပညာရေးကဏ္ဍတွင် လူငယ်များ၏ စိတ်ဓာတ်ခွန်အားကို မြှင့်တင်ပေးနိုင်ခြင်း၊ နိုင်ငံအတွင်း နျူကလီးယားစွမ်းအင်ဆိုင်ရာအသိပညာများ ပြန့်ပွားလာမည်ဖြစ်သည့်အတွက် နိုင်ငံတော်၏ သိပ္ပံနှင့် နျူကလီးယားစွမ်းအင်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် များစွာအထောက်အကူပြုနိုင်ခြင်း စသည့် အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# သံရည်ကျိုနည်းပညာ မွမ်းမံသင်တန်းဖွင့်ပွဲအခမ်းအနား ကျင်းပ



**နေပြည်တော်  နိုဝင်ဘာ  ၂၄**

သံရည်ကျိုနည်းပညာ မွမ်းမံသင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ် တောင်ကြီးမြို့နယ်ရှိ အမှတ်(၂)သံမဏိစက်ရုံ (ပင်းပက်)၌ ကျင်းပသည်။

အခမ်းအနားသို့ စက်မှုဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဒေါက်တာချာလီသန်းနှင့် တာဝန်ရှိသူများ သည် Virtual စနစ်ဖြင့် နေပြည်တော်ရှိ စက်မှုဝန်ကြီး ဌာနမှ တက်ရောက်ပြီး ဒုတိယညွှန်ကြားရေးမှူးချုပ်၊ အမှတ်(၂)သံမဏိစက်ရုံ(ပင်းပက်) စက်ရုံမှူးနှင့် အရာထမ်းများ၊ သင်တန်းသားများ တက်ရောက်ကြ သည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက အမှတ်(၂)သံမဏိ စက်ရုံ(ပင်းပက်)၌ တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများ စွမ်းဆောင်ရည်မြှင့်တင်ရေးအတွက် "သံရည်ကျိုနည်းပညာ မွမ်းမံသင်တန်း" ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း၊ စက်ရုံစက်စွမ်းအားပြည့် လည်ပတ်နိုင်ရန် စက်ပိုင်းဆိုင်ရာ ပြင်ဆင်မှုများအပြင် လူ့စွမ်းအားအရင်းအမြစ်များကို အချိန်နှင့် တစ်ပြေးညီ လေ့ကျင့်တည်ဆောက်ရမည်ဖြစ်ကြောင်း၊ သံရည်ကျိုခြင်းဆိုင်ရာ ဘေးအန္တရာယ်ကင်းရှင်းရေး စံနှုန်းများ၊ ထုတ်လုပ်မှုစွမ်းရည်မြှင့်တင်ရေးနည်းလမ်းများနှင့် အရည်အသွေးထိန်းချုပ်ရေးနည်းစနစ်တို့ကို စိတ်ပါဝင်စားစွာ လေ့လာ သင်ယူကြရန် တိုက်တွန်းပါကြောင်း၊ သင်တန်းမှရရှိလာသည့် နည်းပညာများကို မိမိတို့၏စက်ရုံ၊ လုပ်ငန်းခွင်တွင် လက်တွေ့ကျကျထိရောက်စွာ အသုံးချခြင်းဖြင့် စက်ရုံ၏စွမ်းဆောင်ရည်ကို မြှင့်တင်ကြရမည်ဖြစ်ကြောင်း၊ ဝန်ထမ်းတစ်ဦးချင်းစီ၏ တိုးတက်မှုသည် စက်ရုံ၏တိုးတက်မှုဖြစ်သလို ဝန်ကြီးဌာနနှင့် နိုင်ငံတော်အတွက် အကျိုးရှိမည်ဖြစ်ကြောင်း မှာကြားသည်။

ထို့နောက် ဒုတိယညွှန်ကြားရေးမှူးချုပ်က သင်တန်းဖွင့်လှစ်ရသည့် ရည်ရွယ်ချက်နှင့် သင်တန်းဖွင့်လှစ်ရန် စီမံဆောင်ရွက်ခဲ့ရမှုတို့ကို ရှင်းလင်းတင်ပြသည်။

သင်တန်းသို့ အမှတ်(၂)သံမဏိစက်ရုံ(ပင်းပက်)မှ အရာထမ်း၊ အမှုထမ်း ၃၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တနှစ်ပတ်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

ယမန်နေ့ ညနေပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ် Novotel Hotel ၌ မြန်မာနိုင်ငံစက်မှုကုန်ထုတ်လုပ်သူများအသင်း၏ အကြိမ်(၃၀) မြောက်အသင်းသားစုံညီ နှစ်ပတ်လည်အစည်းအဝေးနှင့် ညစာစားပွဲအခမ်းအနားသို့ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးသည် နေပြည်တော်ရှိ စက်မှုဝန်ကြီးဌာနမှ Virtual စနစ်ဖြင့် တက်ရောက်ပြီး ရန်ကုန်တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး၊ တာဝန်ရှိသူများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌ၊ ညီနောင်အသင်းများမှ ဥက္ကဋ္ဌများ၊ မြန်မာနိုင်ငံစက်မှုကုန်ထုတ်လုပ်သူများအသင်းမှ အကြံပေးပုဂ္ဂိုလ်များ၊ ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်များ၊ ပြည်နယ်နှင့်တိုင်းဒေသကြီး စက်မှုဇုန်များမှ ဥက္ကဋ္ဌများနှင့်အဖွဲ့ဝင်များ၊ စက်မှုလုပ်ငန်းရှင်များ တက်ရောက်ကြသည်။

ဦးစွာ မြန်မာနိုင်ငံ စက်မှုကုန်ထုတ်လုပ်သူများ အသင်းဥက္ကဋ္ဌက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာ စကားပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးစီးပွားရေးရာဝန်ကြီး၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌတို့က အမှာစကားပြောကြားပြီး မြန်မာနိုင်ငံစက်မှုကုန်ထုတ်လုပ်သူများအသင်း၏ ၂၀၂၅ ခုနှစ် လုပ်ငန်းဆောင်ရွက်မှုနှင့် ငွေစာရင်းရှင်းတမ်းကို ဖတ်ကြားတင်ပြခြင်း၊ စက်မှုလုပ်ငန်းရှင်များ၏ မေးမြန်းချက်များကို ပြန်လည်ဖြေကြားခြင်းများ ဆောင်ရွက်၍ မြန်မာနိုင်ငံ စက်မှုကုန်ထုတ်လုပ်သူများအသင်းဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားသည်။ **သတင်းစဉ်**

# တရုတ်-အာဆီယံ ဥပဒေရေးရာပူးပေါင်းဆောင်ရွက်မှု ဆွေးနွေးပွဲသို့ ဥပဒေရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ်ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့တက်ရောက်

**နေပြည်တော်  နိုဝင်ဘာ  ၂၄**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချုံချင့်မြို့ရှိ China–ASEAN Legal Research Center ၏ ဖိတ်ကြားချက်အရ နိုဝင်ဘာ ၂၁ ရက်၌ ကျင်းပခဲ့သည့် (၇)ကြိမ်မြောက် တရုတ်–အာဆီယံ ဥပဒေရေးရာ ပူးပေါင်းဆောင်ရွက်မှု ဆွေးနွေးပွဲ (China–ASEAN Legal Cooperation Forum) သို့ ဥပဒေရေးရာ ဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ် ဒေါက်တာ ထိန်လင်းဦး ဦးဆောင်သည့်မြန်မာ ကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့သည်။

ဆွေးနွေးပွဲကို နိုဝင်ဘာ ၂၁ ရက် နံနက် ၁၀ နာရီတွင် Chongqing Yuzhou Hotel ရှိ Changjiang Hall ၌ ကျင်းပရာ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ၏ နိုင်ငံရေးဌာနကြီးအဖွဲ့ဝင်၊ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ၏ နိုင်ငံရေးနှင့်ဥပဒေရေးရာကော်မရှင် အတွင်းရေးမှူး၊ တရုတ်နိုင်ငံ ဥပဒေရေးရာ အဖွဲ့အစည်း၏ အတွင်းရေးမှူး Mr. Chen Wenqing၊ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ၏ နိုင်ငံရေးဌာနကြီး အဖွဲ့ဝင်၊ ချုံချင့်မြို့ မြူနီစပယ်ကော်မတီ၏ အတွင်းရေးမှူး Mr. Yuan Jiajun၊ အာဆီယံနိုင်ငံများမှ ဥပဒေနှင့် တရားရေးရာဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးချုပ်များ၊ တရားသူကြီးချုပ်များ၊ ဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများ၊ အာဆီယံ အတွင်းရေးမှူးချုပ်ရုံးမှ တာဝန်ရှိသူများ၊ တရုတ်နိုင်ငံအနောက်တောင်ပိုင်း နိုင်ငံရေးသိပ္ပံနှင့် ဥပဒေတက္ကသိုလ်မှ ပါမောက္ခချုပ်၊ ပါမောက္ခများနှင့် ကျောင်းသားကျောင်းသူများ၊ တရုတ်–အာဆီယံ ဥပဒေရေးရာ သုတေသနစင်တာမှ အထွေထွေ အတွင်းရေးမှူးချုပ် Professor Zhang Xiao Junနှင့် အဖွဲ့ဝင်များ၊ တရုတ်နိုင်ငံမှ ဥပဒေပညာရှင်များ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ် ဒေါက်တာထိန်လင်းဦးက တရုတ်–အာဆီယံ ဥပဒေရေးရာ သုတေသနစင်တာနှင့် ဥပဒေရေးရာဝန်ကြီးဌာနတို့အကြား ဥပဒေရေးရာပူးပေါင်းဆောင်ရွက်မှုအဖြစ် ဥပဒေသုတေသန လုပ်ငန်းများ ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း၊ တရားဥပဒေစိုးမိုးရေးအတွက် နှစ်နိုင်ငံအကြား လက်တွဲညီညီ အကောင်အထည်ဖော်လျက်ရှိပြီး နိုင်ငံဖြတ်ကျော်မှုခင်းများ တိုက်ဖျက်ရာတွင် အောင်မြင်မှုများရရှိခဲ့ကြောင်း၊ ဥပဒေရေးရာဝန်ကြီးဌာနအနေဖြင့် အာဆီယံနိုင်ငံများနှင့်လည်း ဥပဒေရေးရာ ပူးပေါင်းဆောင်ရွက်မှုများကို ပြုလုပ်လျက်ရှိကြောင်း၊ တရုတ်–အာဆီယံ ဥပဒေရေးရာသုတေသနစင်တာနှင့် ဥပဒေရေးရာဝန်ကြီးဌာနတို့အကြား နှစ်ဖက်တွေ့ဆုံဆွေးနွေးမှုများဖြင့် ချစ်ကြည်ရင်းနှီးမှုအခွန့်ရှည်စွာ တည်ဆောက်ပြီး ဥပဒေရေးရာဆန်းစစ်မှု၊ ပြန်လည်သုံးသပ်မှု၊ လက်တွေ့အကောင်အထည်ဖော်မှုများ၊ ပညာတော်သင်များစေလွှတ်မှု၊ ဥပဒေရေးရာ သင်တန်းများ ပို့ချမှုတို့ကို နားလည်မှု စာချွန်လွှာနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ညနေပိုင်းတွင် ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် China Law Society မှ ဒုတိယ အထွေထွေအတွင်းရေးမှူးချုပ် Yin Baohu ဦးဆောင်သော အဖွဲ့နှင့်တွေ့ဆုံခဲ့ပြီး တရုတ်–အာဆီယံဥပဒေရေးရာ သုတေသနစင်တာနှင့် ဥပဒေရေးရာဝန်ကြီးဌာနတို့အကြား ဥပဒေရေးရာ ပူးပေါင်းဆောင်ရွက်မှုအခြေအနေများနှင့်စပ်လျဉ်း၍ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

**☆ ရှေ့ဖုံးမှ**

အဆိုပါ တက္ကသိုလ်၏ ၂၀၂၅–၂၀၂၆ ပညာသင်နှစ် နည်းပညာနှင့် ကွန်ပျူတာဌာနများတွင် ပထမနှစ် ဝင်ခွင့်ရကျောင်းသား ကျောင်းသူများအား သက်ဆိုင်ရာဘာသာရပ်ဌာနမှူးများက လှိုက်လှဲနွေးထွေးစွာ ကြိုဆိုကြပြီး ပထမနှစ်အတွက် သင်ကြားရမည့် ဘာသာရပ်များ၊ သင်ကြားပို့ချမည့် ဌာနမှူးများနှင့် မိတ်ဆက်ပေးကာ ကျောင်းစည်းကမ်း၊ အဆောင်နေစည်းကမ်းများကို တာဝန်ရှိသူများက ရှင်းလင်းပြောကြားခဲ့ကြသည်။

**လှိုင်လင်မိုး**

# ထားဝယ်မြို့၌ အရန်မီးသတ်တပ်ဖွဲ့ဝင်များအား တူညီဝတ်စုံများပေးအပ်



**ထားဝယ်  နိုဝင်ဘာ  ၂၄**

တနင်္သာရီတိုင်း ဒေသကြီး ထားဝယ်မြို့တွင် အရန်မီးသတ်တပ်ဖွဲ့ဝင်များအား တူညီဝတ်စုံများ ပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက တိုင်းဒေသကြီး ဦးစီးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**လက်ခံရယူ**

အခမ်းအနားတွင် တိုင်းဒေသကြီးဦးစီးမှူး ဦးဇော်လင်းထွန်းက ပွင့်လင်းရာသီသို့ ရောက်ရှိလာပြီဖြစ်သောကြောင့် မီးသတိမူရေး၊ မီးဘေး ကြိုတင်ကာကွယ်ရေး၊ မီးငြိမ်းသတ်ရေးနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ရာတွင် သန္နေမီးသတ်တပ်ဖွဲ့ဝင်များနှင့် အတူဆောင်ရွက်ရန် လမ်းညွှန်မှာကြားပြီး တိုင်းဒေသကြီးဦးစီးမှူးက တူညီဝတ်စုံများကို ပေးအပ်ရာ အရန်မီးသတ် တပ်ဖွဲ့ဝင်များက လက်ခံရယူခဲ့ကြောင်း သိရသည်။

**မြို့နယ်(မီးသတ်)**

# မိုင်းပျဉ်းမြို့၌ ပန်းခင်းစီမံချက်ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေးခြင်းဆောင်ရွက်



**မိုင်းပျဉ်း  နိုဝင်ဘာ  ၂၄**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းပျဉ်းမြို့၌ ပန်းခင်းစီမံချက်ဖြင့် အိမ်ထောင်စု လူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေးခြင်းကို ယနေ့နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ မိုင်းပျဉ်းမြို့နယ်အတွင်းရှိ အသက် ၁၈ နှစ်နှင့် အထက် နိုင်ငံသားစိစစ်ရေးကတ်ပြားမရှိသူများနှင့် ပျောက်ဆုံး၊ ပျက်စီးသွားသူ မဲဆန္ဒရှင်ပြည်သူများအား ၂၀၂၅ ခုနှစ် ပြည်ထောင်စုရွေးကောက်ပွဲတွင် ဆန္ဒမဲပေးနိုင်ရေးအတွက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်ရဲတပ်ဖွဲ့၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဌာနနှင့် မြို့နယ်စီမံကိန်းဦးစီးဌာနတို့ ပါဝင်သော ငါးဦးကော်မတီအဖွဲ့များက နိုင်ငံသားမှတ်ပုံတင်နှင့် UID ကတ်ပြားများကို နေ့ချင်းပြီး ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **နန်းသန္တာဦး(ပြန်/ဆက်)**

**သစ်တောမှန်လျှင် အသုံးဝင်၊ အစဉ်ထာဝရ ထိန်းသိမ်းကြ**

**ရွေးကောက်ပွဲ ကျင်းပရန် ၃၃ ရက် သာ လိုတော့သည်။**

# ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

## မဲစာရင်းများကို သွားရောက်ကြည့်ရှုပါ

မဲစာရင်းများကို ၂၁-၁၁-၂၀၂၅ ရက်နေ့မှ ၄-၁၂-၂၀၂၅ ရက်နေ့အထိ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲရုံးများတွင် ဒုတိယအကြိမ် ကပ်ထားကြေညာထားပါသည်။ မဲစာရင်းတွင် အမည်မပါလျှင် ပုံစံ(၃)ဖြင့် တောင်းဆိုပါ။ အမည်နှင့် အချက်အလက်များကို ကန့်ကွက်ရန်ရှိပါက ပုံစံ(၄) ဖြင့်ကန့်ကွက်ပါ။ အချက်အလက်များ ပြင်ဆင်ရန်ရှိပါက ပုံစံ(၄-က)ဖြင့် လျှောက်ထားပါ။ ယင်းပုံစံများကို သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲရုံးများတွင် အခမဲ့ရယူနိုင်ပါသည်။

## ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင် (တနင်္သာရီတိုင်းဒေသကြီးတာဝန်ခံ) မြိတ်မြို့၌ မဲစာရင်းများ ဒုတိယအကြိမ် ကြေညာထားမှု ကြည့်ရှုစစ်ဆေး



မြိတ် နိုဝင်ဘာ ၂၄

ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင် ဦးသန်းထွတ်သိန်း(တနင်္သာရီတိုင်းဒေသကြီး တာဝန်ခံ)၊ တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ဇော်လှိုင်နှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် မြိတ်မြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာများတွင် မဲစာရင်းများ ဒုတိယအကြိမ် ကြေညာထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင်နှင့် အဖွဲ့သည် ရပ်ကွက်/ကျေးရွာကော်မရှင် အဖွဲ့ခွဲများမှ ဒုတိယအကြိမ် မဲဆန္ဒရှင်စာရင်းများ ကြေညာထားမှုကို လိုက်လံကြည့်ရှု စစ်ဆေးပြီး ပြည်သူများ လာရောက်မဲစာရင်း ကြည့်ရှုနေမှုကို အားပေးကာ မဲဆန္ဒရှင်ပြည်သူများ မိမိတို့၏ မဲစာရင်းများ ရှာဖွေရာတွင် အခက်အခဲမရှိစေရေး၊ အဆင်ပြေစွာ ကြည့်ရှုနိုင်အောင် ဆောင်ရွက်ကြရန်၊ မဲဆန္ဒရှင်များမှ အမည်ထည့်သွင်းပေးရန် တောင်းဆိုခြင်း၊ ကန့်ကွက်ခြင်း၊ ပြင်ဆင်လွှာ တင်သွင်းခြင်းများ ဆောင်ရွက်ရာတွင် ဥပဒေနှင့်အညီ စနစ်တကျ ဆောင်ရွက်ကြရန်နှင့် တာဝန်ရှိသူများအား ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက် ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင်သည် ခရိုင်/မြို့နယ် ရွေးကောက်ပွဲ ကော်မရှင် အဖွဲ့ခွဲများနှင့် တာဝန်ရှိသူများအား မြိတ်ခရိုင်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန ညှိရိပ်သာ အစည်းအဝေးခန်းမ၌ တွေ့ဆုံ၍ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းများ ဆွေးနွေးသည်။

ဦးစွာ တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ဇော်လှိုင်က အမှာစကား ပြောကြားပြီး တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူးက ဆောင်ရွက်လျက်ရှိသော ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များကို ဆွေးနွေး တင်ပြ၍ မြိတ်ခရိုင်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူးက ခရိုင်အတွင်း ရွေးကောက်ပွဲ ဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်နေမှုကို ဆွေးနွေးတင်ပြသည်။

ယင်းနောက် တက်ရောက်လာသော ခရိုင်/မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် ခရိုင်/မြို့နယ်ကော်မရှင်ခွဲ တာဝန်ရှိသူများက ရွေးကောက်ပွဲဆိုင်ရာများကို ကဏ္ဍအလိုက် ဆွေးနွေးကြပြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက ဖြည့်စွက်ဆွေးနွေးပြောကြား၍ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်က နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

ခိုင်ထူး(ပြန်/ဆက်)



## မအူပင်မြို့နယ်၌ မဲရုံမှူး၊ ဒုတိယမဲရုံမှူးသင်တန်း ဖွင့်လှစ်

မအူပင် နိုဝင်ဘာ ၂၄

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်၌ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ မဲရုံမှူး၊ ဒုတိယမဲရုံမှူး လုပ်ငန်းလမ်းညွှန်နှင့် MEVM မဲပေးစက်ကိုင်တွယ်အသုံးပြုနည်းသင်တန်းကို ယနေ့နံနက် ၉ နာရီက တိုးရွှေဝါခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မအူပင်ခရိုင်ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးစိန်ဝင်းက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဒေါ်ချိုချိုသန်းက မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်လုပ်ငန်းလမ်းညွှန်းချက်များ ရှင်းလင်းဆွေးနွေးခြင်း၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ ဦးစီးအရာရှိ ဒေါ်ဝင်းဝင်းမာနှင့် တာဝန်ရှိသူများက မဲပေးစက်ဆိုင်ရာ လုပ်ငန်းစဉ်များနှင့် မဲရုံအဖွဲ့ဝင်တို့၏ လုပ်ငန်းတာဝန်များအား ရှင်းလင်းဆွေးနွေး ပြောကြားခဲ့ကြောင်း သိရသည်။

အဆိုပါ သင်တန်းအမှတ်စဉ်(၁/၂၀၂၅)ကို နိုဝင်ဘာ ၂၄ ရက်မှ ၂၅ ရက်အထိ၊ (၂/ ၂၀၂၅)ကို နိုဝင်ဘာ ၂၆ ရက်မှ ၂၇ ရက်အထိ၊ (၃/၂၀၂၅)ကို ဒီဇင်ဘာ၃ရက်မှ၄ရက်အထိ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ပြည့်ဖြိုးကျော်(ပြန်/ဆက်)

## မဲစာရင်းလာရောက်ကြည့်ရှုသော ဒေသခံပြည်သူများအား MEVM မဲပေးစက်သရုပ်ပြခြင်း ဆောင်ရွက်

သာယာဝတီ နိုဝင်ဘာ ၂၄

ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ် သုံးဆယ်မြို့တွင် နိုဝင်ဘာ ၂၁ ရက်က ဒုတိယအကြိမ် မဲဆန္ဒရှင်စာရင်းများ ကပ်ထား ကြေညာထားရှိမှုကို လာရောက်ကြည့်ရှုသော ဒေသခံပြည်သူများအား MEVM မဲပေးစက်သရုပ်ပြခြင်းများ တစ်ပါတည်းပြုလုပ်ခဲ့သည်။

သာယာဝတီမြို့နယ် သုံးဆယ်မြို့ မြို့အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ဖြိုးမင်း၊ ခရိုင်/မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲနှင့် အဖွဲ့ဝင်များက မဲစာရင်းလာရောက်ကြည့်ရှုသူပြည်သူများနှင့်တွေ့ဆုံ၍ မဲဆန္ဒရှင်စာရင်းများ ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်းနှင့် စိစစ်ဆောင်ရွက်မှု လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး မဲဆန္ဒရှင်များ၏ အခက်အခဲများကို ပူးပေါင်းဖြေရှင်း ဆောင်ရွက်ပေးခဲ့ကြောင်း၊ မဲစာရင်းလာရောက်ကြည့်ရှုသူများကို MEVM မဲပေးစက်ဖြင့် မဲပေးတတ်စေရန် လက်တွေ့သရုပ်ပြပေးခြင်းများလည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သာယာဝတီမြို့နယ် သုံးဆယ်မြို့တွင် ရွေးကောက်ပွဲအပိုင်း(၁)အား ရပ်ကွက်(၁၃)ရပ်ကွက်နှင့် မဲရုံ(၁၄)ရုံဖြင့် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)





## မင်္ဂလာဒုံမြို့နယ်၌ ဒုတိယအကြိမ် မဲစာရင်းများကပ်ထားကြေညာမှု ကြည့်ရှုစစ်ဆေး

မင်္ဂလာဒုံ နိုဝင်ဘာ ၂၄

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်၌ မဲဆန္ဒရှင်အမည်စာရင်းများကို ဒုတိယအကြိမ် ကပ်ထားကြေညာလျက်ရှိရာ ပြည်သူများ လာရောက်ကြည့်ရှုနေမှုအား ယနေ့နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

မင်္ဂလာဒုံမြို့နယ်၌ ရပ်ကွက် ၂၇ ရပ်ကွက်၊ ကျေးရွာအုပ်စု ငါးအုပ်စု၊ မဲရုံပေါင်း ၁၄၄ ရုံရှိပြီး မဲဆန္ဒရှင်ပြည်သူများ ဆန္ဒမဲပေးပိုင်ခွင့်မဆုံးရှုံးစေရေးအတွက် သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲနှင့် ကျေးရွာများတွင် နိုဝင်ဘာ ၂၁ ရက်မှ ဒီဇင်ဘာ ၄ ရက်အထိ မဲစာရင်းများ ကပ်ထားကြေညာရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဘုန်းမြတ်သူနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးထူးကျော်နှင့် အဖွဲ့ဝင်များက ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

မင်းသိန်းထွန်း

✪

# အညာသားများ အညာမမိစေချင်

မောင်တိုးအေး

သည်နှစ်မိုးကောင်းတော့ အညာတစ်ခွင် စိမ်းစိုလို့နေသည်။ ယခုလို မိုးကောင်းသည့်နှစ်တွေဆိုလျှင် အညာကို သတိရသည်။ ရွာက ယာခင်းများနှင့် ဆွေမျိုးများထံ မရောက်ဖြစ်တာကြာပြီ။ “တို့အညာကို တစ်နှစ်မှာ သုံး/လေးကြိမ်လောက်သာ မိုးကောင်းကောင်းရွာပေးစမ်းပါကွာ...၊ အညာသားတွေ အခြားမြို့ရွာတွေ သွားပြီး အလုပ်လုပ်စရာ မလိုတော့ဘူး...” ဟု ဦးကြီးပြောဖူးသည့်စကားကို ကြားယောင်မိသည်။ ကျွန်တော့်ဦးကြီးပြောသလို အညာကို မိုးကောင်းကောင်းသာ ရွာပေးကြည့်ပါ။ ကျွန်တော်တို့ အညာသားတွေ ပြုံးပျော်ရွှင်မြူးနေမှာ အမှန်ပါပဲ။

တကယ်တော့ ကျွန်တော်တို့ အညာသားတွေက ရိုးသားလွန်းသည်။ ငယ်ငယ်က ဆရာမောင်ကြေးမုံ၏ **“အညာမိသွားတဲ့ အညာသား”** သီချင်းလေးနားထောင်ပြီး အောက်ပြည် အောက်ရွာသူတစ်ယောက်က အညာသားတစ်ယောက်ကို လိမ်ညာလှည့်ဖြားချန်ထားခဲ့ပုံလောက်သာ ကြားဖူးသည်။ အခုတော့ ရိုးသားလွန်းသည့် အညာသားတွေကို ကိုယ်ကျိုးစီးပွားသမားတွေက ဘဝတွေပျက်သွားအောင် အမြတ်ထုတ်ခဲ့ကြတာတွေ နားနှင့်မဆံ့အောင် ကြားနေရသည်။ အညာသားတွေဘဝက ယခုထိ အညာခံနေရဆဲဖြစ်သည်။

## အညာမိပြန်ပြီ

အညာသားတွေအညာခံရတဲ့အကြောင်း ကျွန်တော်တို့အညာသားအချင်းချင်း ပြောမိတိုင်း ရင်နာရသည်။ အွန်လိုင်းပေါ်မှာ အညာသားကဗျာဆရာတစ်ယောက်က ယနေ့ဖြစ်ပေါ်နေသည့် အခြေအနေများမှာ အညာသားတွေ ဘဝတွေပျက်၊ အသိုက်တွေပျက်ပြီး အလူးအလဲခံနေရပုံကို တစ်ဖွဲ့တစ်နွဲ့ပြောရှာသည်။ နားထောင်ကြည့်ရုံနှင့်ပင် ရင်ထဲနင့်နင့်သီးသီး ခံစားရသည်။ ရိုးသားသည့် အညာသားများကိုမှ လုပ်ရက်ပါလေစဟု ယူကျုံးမရဖြစ်မိသည်။

အညာသား ကဗျာဆရာပြောသလို **“အညာဟာ သနားဖို့ကောင်းပါတယ်။ ပြန်တည်ရမယ့် ဘုရားတွေ၊ ပြန်ဆောက်ရမယ့် ကျောင်းတွေ၊ ပြုပြင်ရမယ့် ဆေးရုံတွေ၊ ပြန်ရွှေ့ရမယ့် သင်္ချိုင်းတွေ၊ လူမစုံတော့တဲ့ ထမင်းဝိုင်းတွေ၊ အိပ်နေရင်း လန့်နိုးရမယ့် မှတ်ဉာဏ်ဆိုးတွေနဲ့ အညာနေရာ အညာနဲ့အစားထိုးရင်တောင် တစ်ချိန်က အညာကို ပြန်မရတော့ဘူး”** ဆိုသည့် စကားလုံးတွေဟာ ကျွန်တော်တို့ရင်ထဲ ပြောမပြတတ်အောင် နာကျင်မိသည်။

## အညာကို ညာသွားတာဘယ်သူလဲ

တကယ်တော့ အညာသားတွေဟာ “တုံး” “အ” လွန်းလို့ အညာခံရတာမဟုတ်။ “ရိုး” “အ” လွန်း၊ အားနာလွန်းလို့ အညာခံရခြင်းဟု ပြောရမည်။ ၂၀၂၁ ခုနှစ် နိုင်ငံရေးအပြောင်းအလဲတွင် အညာသားတွေကို သတင်းမှားတွေပေး၊ မျှော်လင့်ချက်အမှားတွေပေး၊ အတွေးအခေါ်အမှားတွေပေးပြီး လမ်းမှားသို့ တွန်းပို့ကြသည်။ နိုင်ငံရေးပြောင်းလဲမှုဖြစ်စဉ်အမှန်ကို အသိမပေးဘဲ တပ်မတော်အပေါ်၊ နိုင်ငံတော်အစိုးရအပေါ် မကျေနပ်ချက်တွေ၊ အမုန်းတရားတွေ၊ အာဃာတတွေ ရိုက်သွင်းပြီး အစွန်းရောက်အောင် ဆွဲခေါ်ခဲ့သည်။ NLD ပါတီ၏ မဲမသမာမှုကို အသိမပေးဘဲ လိမ်လည်လှည့်ဖြားကာ စည်းရုံးသိမ်းသွင်းပြီး အညာကို စစ်တလင်းဖြစ်အောင် လုပ်ကြသည်။ အချို့ NUG၊ PDF ဆိုသည့် အကြမ်းဖက်သမားတွေက လက်နက်အားကိုးဖြင့် အညာသားတွေကို ခြိမ်းခြောက်သည်။ အကြမ်းဖက်မှုတွေမှာ ရိုးသားသည့် အညာသားတွေကို ပါဝင်ခိုင်းခဲ့သည်။

အဆိုးရွားဆုံးကတော့ ရွာသားအချင်းချင်း စည်းလုံးမှုတွေ ပြိုကွဲအောင်လုပ်ပြီး အဖွဲ့တွေအမျိုးမျိုးကွဲစေခဲ့သည်။ အညာမှာ လမ်းပေါ်ဝါးလုံးတန်းတွေတားပြီး အညာသားပြည်သူတွေဆီက ငွေကြေးတွေ ကောက်၊ ကုပ်သွေးတွေ စုပ်နေကြသည်။

**“တကယ်တော့ အညာဟာ ရေနံ့နည်းနည်း၊ ရွှေနည်းနည်း ထွက်သည်။ ပဲ၊ ပြောင်း၊ နှမ်း၊ ဝါ၊ ကြက်သွန်ထွက်သည်။ ကြက်သွန်ပေါ်လျှင် သားကိုရှင်ပြုမည်။ နှမ်းကောင်းလျှင် ဘုရားပွဲကျင်းပမည်ဆိုသည့် အညာဒေသဟာ ယခင်ကတည်းက အရာရာရှားပါးသည်။ အညာမှာရှိသည့် မိသားစုတွေအားလုံး တက်ညီလက်ညီလုပ်မှ ဝမ်းဝခါးလှသည်။ ယာခင်းထဲကထွက်သည့် ဆူးပုပ်၊ ကင်ပွန်းချဉ်ရွက်နှင့် ဖြစ်သလိုစားပြီး ငွေကို ခြစ်ခြစ်ကုတ်ကုတ်စုကြရသည်။ စုထားသမျှငွေကို ဝါကျွတ်လျှင် သားသမီး၊ မြေး၊ မြစ်တွေကို ရှင်ပြုနားသပြီး တစ်နှစ်ပတ်လုံးအလုပ်ပြန်လုပ်ကြသည်။ မရှိ ရှိတာလှူလိုက်ပြီး ကျောင်းအစ်မကြီး၊ ကျောင်းဒါယကာကြီးဟုအခေါ်ခံရလျှင် တစ်နှစ်တာ သူတို့ပင်ပန်းထားသမျှ ပြေပျောက်ကြသည်။ အဲသည်လို ကျင်လည်နေကြသည့်အညာကို NUG၊ PDF အကြမ်းဖက်သမားတစ်သိုက်က ဝါဒမှိုင်း အမျိုးမျိုးတိုက်၊ အမုန်းတရားအမျိုးမျိုးပြောပြီး အစိုးရနှင့် တပ်မတော်အပေါ် အမြင်မှားအောင် လုပ်ဆောင်သည်။ နဂိုကတည်းကရိုးသားသည့်အညာသားများကို လိမ်ညာလှည့်ဖြားပြီး စစ်တလင်းဖြစ်အောင် လုပ်ကြသည်။ တွေးမိတိုင်း ရင်နာရသည်”**

တကယ်တော့ အညာဟာ ရေနံ့နည်းနည်း၊ ရွှေနည်းနည်း ထွက်သည်။ ပဲ၊ ပြောင်း၊ နှမ်း၊ ဝါ၊ ကြက်သွန်ထွက်သည်။ ကြက်သွန်ပေါ်လျှင် သားကိုရှင်ပြုမည်။ နှမ်းကောင်းလျှင် ဘုရားပွဲကျင်းပမည်ဆိုသည့် အညာဒေသဟာ ယခင်ကတည်းက အရာရာရှားပါးသည်။ အညာမှာရှိသည့် မိသားစုတွေအားလုံး တက်ညီလက်ညီလုပ်မှ ဝမ်းဝခါးလှသည်။ ယာခင်းထဲကထွက်သည့် ဆူးပုပ်၊ ကင်ပွန်းချဉ်ရွက်နှင့် ဖြစ်သလိုစားပြီး ငွေကို ခြစ်ခြစ်ကုတ်ကုတ် စုကြရသည်။ စုထားသမျှငွေကို ဝါကျွတ်လျှင် သားသမီး၊ မြေး၊ မြစ်တွေကို ရှင်ပြုနားသပြီး တစ်နှစ်ပတ်လုံး အလုပ်ပြန်လုပ်ကြသည်။ မရှိ ရှိတာလှူလိုက်ပြီး ကျောင်းအစ်မကြီး၊ ကျောင်းဒါယကာကြီးဟု အခေါ်ခံရလျှင် တစ်နှစ်တာ သူတို့ပင်ပန်းထားသမျှ ပြေပျောက်ကြသည်။ အဲသည်လို ကျင်လည်နေကြသည့်အညာကို NUG၊ PDF အကြမ်းဖက်သမားတစ်သိုက်က ဝါဒမှိုင်းအမျိုးမျိုးတိုက်၊ အမုန်းတရားအမျိုးမျိုးပြောပြီး အစိုးရနှင့် တပ်မတော်အပေါ် အမြင်မှားအောင် လုပ်ဆောင်သည်။ နဂိုကတည်းက ရိုးသားသည့် အညာသားများကို လိမ်ညာလှည့်ဖြားပြီး စစ်တလင်းဖြစ်အောင် လုပ်ကြသည်။ တွေးမိတိုင်း ရင်နာရသည်။

## အညာသားတွေ အညာမခံကြပါနှင့်

ယခုဆိုလျှင် အညာတစ်ခွင်တွင် အကြမ်းဖက်သမားများ ခိုအောင်းနိုပ်စက်ခဲ့သည်မှာ ငါးနှစ်ခန့်ကြာခဲ့ပြီ။ အညာဒေသတစ်ခုလုံး၏ ထိခိုက်ပျက်စီးမှုတွေက ပြောမပြချင်လောက်အောင် များလှသည်။ မကြာမီ နိုင်ငံတော်အစိုးရက အညာဒေသအပါအဝင် နိုင်ငံတစ်ဝန်းတွင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပတော့မည်။ တစ်နည်းအားဖြင့် နိုင်ငံတစ်ဝန်းကို ရွေးကောက်ပွဲများဖြင့် ဒီမိုကရေစီကို ပြန်လည်ဖော်ဆောင်ပေးတော့မည်။ အညာသားတွေ ဘာဖြစ်ချင်သည်၊ ဘာလိုချင်သည်ကို သဲသဲကွဲကွဲ ခွဲခြားရန်လိုပါသည်။ ရွေးကောက်ပွဲသည်သာ ယနေ့အခြေအနေအားလုံးအတွက် အကောင်းဆုံးဖြစ်သည်ဟုလည်း နားလည်လက်ခံသင့်သည်။ ၂၀၂၅ ရွေးကောက်ပွဲပြီးပါက ဒီမိုကရေစီအစိုးရပေါ်လာမည်။ လွှတ်တော်အသီးသီးလည်း ပေါ်လာတော့မည်။ ဒီမိုကရေစီ ပြန်လည်အသက်ဝင်လာမည်ဟုလည်း သိထားရမည်။

**“အကြမ်းဖက်သမားများ၏ မဟုတ်မမှန်လိမ်ညာလှည့်ဖြား ပြောဆိုမှုများကို မယုံကြဘဲ နိုင်ငံတော်အစိုးရ၊ တပ်မတော်တို့နှင့်အတူ ညီညီညွတ်ညွတ်လုပ်ဆောင်ကြဖို့လိုသည်ဟု မြင်သည်။ အကြမ်းဖက်သမားများ၏ လှည့်ဖြားမှုအောက်ရောက်နေကြသည့် လူငယ်များကိုလည်း လမ်းမှန်ရောက်အောင် ဝိုင်းဝန်းလမ်းပြဖို့လိုသည်။ အညာကို ယခင်ကလို အညာဆန်ချင်သည်။ အေးချမ်းချင်သည်။ ယနေ့အချိန်တွင် နိုင်ငံတော်အစိုးရက ရွေးကောက်ပွဲကို မဖြစ်မနေလုပ်မှာဖြစ်သည့်အတွက် မိမိတို့၏ အနာဂတ်ကို မိမိတို့စိတ်တိုင်းကျရွေးချယ် “မဲ”ပေးကြဖို့လိုသည်။ ဒီမိုကရေစီနိုင်ငံရေးအလှည့်အပြောင်းကို အညာသားတွေ ပါဝင်ကူးပြောင်းပေးကြဖို့သာ တိုက်တွန်းပေးချင်သည်”**

မိမိတို့၏ အခက်အခဲများ၊ အခွင့်အရေးများကို မိမိတို့ရွေးချယ်ပေးထားသည့် လွှတ်တော်ကိုယ်စားလှယ်များမှတစ်ဆင့် တင်ပြအရေးဆိုနိုင်ကြမည်။ ယင်းအချိန်တွင် အညာမှာအခြေပြုနေသည့် အကြမ်းဖက်သမားများ၏ တော်လှန်ရေးအမည်ခံ အကြမ်းဖက်လုပ်ငန်းများအားလုံး သားလျှောပျက်ပြယ်ကြမည်မှာ အမှန်ပင်ဖြစ်သည်။ အညာမှာ အကြမ်းဖက်သမားများ အသိုက်အမြုံဆောက်၊ ဝပ်ကျင်းတည်ဆောက်မှုများ နောက်တစ်ကြိမ်မပြုလုပ်နိုင်ရေး အညာသားတိုင်းက မျက်စိဖွင့်၊ နားစွင့်ပြီး အမြင်ကျယ်ကျယ်လုပ်ဆောင်ကြဖို့လိုသည်။

အကြမ်းဖက်သမားများ၏ မဟုတ်မမှန် လိမ်ညာလှည့်ဖြားပြောဆိုမှုများကို မယုံကြဘဲ နိုင်ငံတော်အစိုးရ၊ တပ်မတော်တို့နှင့်အတူ ညီညီညွတ်ညွတ် လုပ်ဆောင်ကြဖို့လိုသည်ဟု မြင်သည်။ အကြမ်းဖက်သမားများ၏ လှည့်ဖြားမှုအောက်ရောက်နေကြသည့် လူငယ်များကိုလည်း လမ်းမှန်ရောက်အောင် ဝိုင်းဝန်းလမ်းပြဖို့လိုသည်။ အညာကို ယခင်ကလို အညာဆန်ချင်သည်။ အေးချမ်းချင်သည်။ ယနေ့အချိန်တွင် နိုင်ငံတော်အစိုးရက ရွေးကောက်ပွဲကို မဖြစ်မနေလုပ်မှာဖြစ်သည့်အတွက် မိမိတို့၏အနာဂတ်ကို မိမိတို့စိတ်တိုင်းကျရွေးချယ် “မဲ” ပေးကြဖို့လိုသည်။ ဒီမိုကရေစီနိုင်ငံရေးအလှည့်အပြောင်းကို အညာသားတွေ ပါဝင်ကူးပြောင်းပေးကြဖို့သာ တိုက်တွန်းပေးချင်သည်။

## အညာသား အညာပြန်ချင်သည်

ယခုနှစ်မိုးကောင်းသဖြင့် အညာကို ပြန်ချင်သည်။ ယခင်ကလို ရွာဘုရားပွဲ၊ အလှူပွဲတွေသွားပြီး ရွာက ဆွေမျိုးမိဘများနှင့် စကားလက်ဆုံကျချင်သည်။ ပဲဈေး၊ နှမ်းဈေး၊ ကြက်သွန်ဈေးများပြောပြီး အပန်းဖြေချင်သည်။ ကြက်သွန်ဈေး၊ နှမ်းဈေး ကောင်းသည့်နှစ်များမှာ သင်္ကန်းတောင်းကြီး ခေါင်းပေါ်ရွက်ထားသည့် အညာသူများ၊ ဖက်စိမ်းကွမ်းတောင်ကိုင်ထားသည့် အညာသူ ညိုပြာညက်များကို တွေ့ချင်သည်။ ကွမ်းချိုးများပေါ်အောင်ပြုံးရင်း သပိတ်လွယ်ထားကြသည့် အညာသား လူညိုထွားများကိုလည်း တွေ့ချင်လှပြီ။ ရွာဘုရားမှာ ထုံးသင်္ကန်းကပ်ရင်း တရားတစ်ပုဒ်ကို ကြည်ကြည်လင်လင်နာချင်သည်။ နောက်ဆုံး ရွာကဆွေမျိုးများနှင့်ရေစက်ချ သာဓုအတူခေါ်ချင်သည်။ ဆုတောင်းတိုင်းသာ ပြည့်မည်ဆိုပါလျှင် အညာသားတစ်ဦး၏ အညာပြန်ခရီးသည် ယခင်ကလို သာယာဖြောင့်ဖြူးစေလိုသည်။

ဤဆုတောင်းပြည့်ဖို့ဆိုလျှင် အညာဟာ ငြိမ်းချမ်းနေဖို့လိုပါသည်။ အညာသားများ အညာကို ချစ်ဖို့လိုသည်။ အညာသားများ စည်းလုံးဖို့လိုသည်။ အကြမ်းဖက်သမားများကို ညီညီညွတ်ညွတ်ဆန့်ကျင်ဖို့လိုသည်။ အကြမ်းဖက်သမားများ၏ လှည့်စားမှုပရိယာယ်ကို သိမြင်ပြီး နိုင်ငံတော်အစိုးရ၊ တပ်မတော်တို့နှင့် ပူးပေါင်းဆောင်ရွက်ရမည်သာ ဖြစ်သည်။

စာမျက်နှာ ၇ သို့ ❐

# ပြည်ထောင်စုဝန်ကြီး ဦးအောင်ကျော်ဟိုး ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အထည်ချုပ်စက်ရုံများ လည်ပတ်ဆောင်ရွက်နေမှု ကွင်းဆင်းကြည့်ရှု

**ရန်ကုန် နိုဝင်ဘာ ၂၄**

အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကျော်ဟိုးသည် ရန်ကုန်တိုင်းဒေသကြီးရှိ အလုပ်သမားရေးရာဌာနများမှ တာဝန်ခံအရာထမ်းများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် လှိုင်သာယာ (အနောက်ပိုင်း) မြို့နယ်ရှိ Myanmar Dihuali Garment Co.,Ltd၊Myanmar Fortress Wealth Garment Co.,Ltd၊ Myanmar Dixinda Garment Co.,Ltd နှင့် Myanmar Hua Da Garment Co.,Ltd အထည်ချုပ်စက်ရုံများ လုပ်ငန်းလည်ပတ်ဆောင်ရွက်နေမှုနှင့် ရွေ့လျားဆေးကုသယာဉ်(MMU) ဖြင့် ဆေးကုသဆောင်ရွက်ပေးနေမှုကို ကြည့်ရှုအားပေးသည်။



ထိုသို့ကြည့်ရှုစဉ် ပြည်ထောင်စုဝန်ကြီးသည် စက်ရုံတာဝန်ခံများ၊ မန်နေဂျာများ၊ ကြီးကြပ်ရေးမှူးများနှင့် အလုပ်သမားရေးရာ လုပ်ငန်းညှိနှိုင်းရေး ကော်မတီဝင်များ၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးတာဝန်ခံများနှင့် တွေ့ဆုံပြီး လုပ်ငန်းခွင်တည်ငြိမ် အေးချမ်းရေးနှင့် ကုန်ထုတ်စွမ်းအားတိုးတက်စေရေးအတွက် အလုပ်သမားရေးရာ ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန်၊ စက်ရုံအလုပ်သမားအဖွဲ့အစည်း၊ အလုပ်သမားရေးရာလုပ်ငန်းညှိနှိုင်းရေး ကော်မတီ (WCC)၊ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးကော်မတီများသည် အလုပ်သမားရေးရာ ဥပဒေများနှင့်အညီ လိုက်နာဆောင်ရွက်ရန်၊ လုပ်ငန်းခွင်ဆက်ဆံရေးကောင်းမွန်ခြင်းဖြင့် စက်ရုံ၏ ကုန်ထုတ်လုပ်မှုကို မြှင့်တင်ပေးနိုင်သောကြောင့် အလုပ်ရှင်၊ အလုပ်သမားများအကြား အပြန်အလှန် အလေးထားဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ထို့နောက် လူမှုဖူလုံရေးအဖွဲ့က စက်ရုံများအတွင်း ရွေ့လျားဆေးကုသယာဉ် (Mobile Medical Unit) ဖြင့် အာမခံအလုပ်သမားများအား ဆေးဝါးကုသ ဆောင်ရွက်ပေးနေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

**စစ်တွေ နိုဝင်ဘာ ၂၄**

ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးထိန်လင်းသည် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် စစ်တွေမြို့ မင်းဂံရပ်ကွက် မင်းဂံဆင်းလမ်း ကွန်ကရစ်ခင်းခြင်းနှင့် Box Culvert နှစ်စင်း တည်ဆောက်ခြင်း လုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးရာ ပြည်နယ် သယံဇာတရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများက လုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ပြီးစီးမှုအခြေအနေကို ရှင်းလင်းတင်ပြကြသည်။



ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က လုပ်ငန်းဆောင်ရွက်ရာတွင် သတ်မှတ်စံချိန်စံညွှန်း ပြည့်မီရေး၊ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေးနှင့် လုပ်ငန်းပိုင်းဆိုင်ရာ လိုအပ်ချက်များကို ဆွေးနွေးမှာကြားသည်။

ယင်းနောက် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်နယ် ပြင်ဆင်ထိန်းသိမ်းခြင်း ရန်ပုံငွေဖြင့် စစ်တွေ-မင်းဂံ-သဘော်ဆိပ်လမ်းအား Joint Sealant ဖြည့်ခြင်း၊ ကျောက်စီ မြေထိန်းနံရံ တည်ဆောက်ခြင်း၊ လမ်းပခုံးပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကိုလည်းကောင်း၊ စစ်တွေမြို့ ရွာကြီးလမ်းအား (လမ်းမကြီးမှ မင်းဘာကြီးလမ်းထိ) ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုက်နာဆောင်ရွက်ရန် လိုအပ်သည့် လုပ်ငန်းပိုင်း ဆိုင်ရာများကို ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**



# ထန်းတပင်မြို့နယ်အတွင်းရှိ လူနာများအား ကွင်းဆင်းဆေးကုသပေး

**ပဲခူး နိုဝင်ဘာ ၂၄**

ပဲခူးတိုင်းဒေသကြီး ထန်းတပင်မြို့နယ်၌ တောင်ငူခရိုင် ပြည်သူ့ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဦးဆောင်သော အထူးကုဆရာဝန်ကြီးများအဖွဲ့က မြို့နယ်အတွင်းရှိ အထွေထွေရောဂါဝေဒနာရှင်များအား နိုဝင်ဘာ ၂၂ ရက်က မြို့နယ်ပြည်သူ့ဆေးရုံတွင် လိုအပ်သည့်ကျန်းမာရေး စောင့်ရှောက်မှုများ အခမဲ့ဆောင်ရွက်ပေးခဲ့သည်။

ကွင်းဆင်းဆေးကုသပေးရာတွင် တောင်ငူခရိုင် ပြည်သူ့ဆေးရုံ အုပ်ကြီးနှင့် အထူးကုဆရာဝန်ကြီးများအဖွဲ့၊ မြို့နယ်ဆရာဝန်ကြီးနှင့် ကျန်းမာရေးနှင့်ကုသရေး ဝန်ထမ်းများ ပူးပေါင်း၍ အထွေထွေရောဂါ ၅၁ ဦး၊ ခွဲစိတ်ရောဂါ ရှစ်ဦး၊ မျက်စိရောဂါ ၇၄ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၂၁ ဦး၊ အကြောအဆစ်နှင့် ကိုယ်အင်္ဂါပြန်လည်သန်စွမ်းရေးလူနာ ခြောက်ဦး၊ အရိုးရောဂါ ၅၄ ဦး၊ သွားနှင့် ခံတွင်းရောဂါ ၁၂ ဦး၊ သားဖွားမီးယပ်ရောဂါ သုံးဦး၊ ကလေးရောဂါ ၁၂ ဦး၊ အရေပြားရောဂါ ၁၈ ဦး၊ ဓာတ်မှန်ရိုက်သူ ၄၄ ဦး၊ ရောဂါဗေဒလူနာ နှစ်ဦး စုစုပေါင်းလာရောက်ပြသသူ ၃၀၅ ဦးတို့ကို ကွင်းဆင်းကုသပေးခဲ့သည်။

အဆိုပါ နယ်လှည့်ကွင်းဆင်းဆေးကုသရာသို့ တောင်ငူခရိုင် ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာဝင်းဝင်းခိုင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသန်းထိုက်အောင်နှင့် အဖွဲ့ဝင်များက လာရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# ရပ်စောက်မြို့နယ်၌ မီးခိုးမြူငွေ့လျှော့ချရေး အသိပညာပေးဟောပြောပွဲပြုလုပ်

**ရပ်စောက် နိုဝင်ဘာ ၂၄**

ရှမ်းပြည်နယ် (တောင်ပိုင်း) ရပ်စောက်မြို့နယ်တွင် သစ်တောကာကွယ်ရေးနှင့် မီးခိုးမြူငွေ့ လျှော့ချရေး အသိပညာပေး ဟောပြောပွဲကို နိုဝင်ဘာ ၂၀ ရက် နံနက်ပိုင်းက အခြေခံပညာ အထက်တန်း ကျောင်းခွဲ (နောင်ခမ်း)၌ ပြုလုပ်သည်။



ဦးစွာ မြို့နယ် သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးပြည့်ဖြိုးမောင်က သစ်တောထိန်းသိမ်းကာကွယ်ရေးနှင့် မီးခိုးမြူငွေ့လျှော့ချရေးလုပ်ငန်းများ၊ မြို့နယ် မီးသတ်ဦးစီးဌာနမှ ဦးစီးမှူး ဦးအောင်ဖြိုးမင်းက မီးဘေးအန္တရာယ် ကာကွယ်ခြင်းအကြောင်းအရာများနှင့် လက်တွေ့သရုပ်ပြခြင်းများ ဟောပြောဆောင်ရွက်ကြသည်။ ထို့နောက် ၂၀၂၄ ခုနှစ် မိုးရာသီတွင် ကျောင်းသား ကျောင်းသူတစ်ဦးချင်းစီ စိုက်ပျိုးထားသည့် အပင်များမှ ရှင်သန်မှုအကောင်းဆုံး အပင်များကို သစ်မျိုးအလိုက် ဆုများပေးအပ်ခြင်း၊ ကျောင်းသုံး ဗလာစာအုပ်များနှင့် စာသင်ကျောင်း ရန်ပုံငွေများလှူဒါန်းခြင်းတို့ ဆောင်ရွက်သည်။

အဆိုပါဟောပြောပွဲသို့ မြို့နယ်သစ်တောဦးစီးဌာနမှ ဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ စုစုပေါင်း ၂၇၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



**တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့နယ်အတွင်းရှိ စက်ရုံ/အလုပ်ရုံများ မီးဘေးကြိုတင်ကာကွယ်ရေးနှင့် မီးဘေးလုံခြုံရေး လိုက်လံစစ်ဆေးခြင်းကို မြို့နယ်မီးသတ်ဦးစီးမှူး ဦးဇင်ဦးချိုနှင့် တပ်ဖွဲ့ဝင်များက နိုဝင်ဘာ ၂၂ ရက်တွင် စစ်ဆေးဆောင်ရွက်စဉ်။**

သီသီခိုင်(တနင်္သာရီ)

❒ စာမျက်နှာ ၆ မှ

## အညာသားများ အညာမမိစေချင်

သည်တစ်မိုးပြီးလျှင် အညာမှာ ငြိမ်းချမ်းတော့မည်ဟု ယုံကြည်သည်။ အညာသားတစ်ဦး၏ ရင်ထဲကဆန္ဒအမှန်မှာ အညာကိုဟိုးအရင်ကအညာလို ပြန်ဖြစ်ချင်သည်။ နွေဆန်းလျှင် အညာကိုသွားပြီး ရေနွေးကြမ်းနှင့် အမဲခြောက်ဖုတ်ကိုမြည်းကာ အညာသားများ၏ "ရိုး" "အ" မှုကို အားရပါးရပြောချင်သည်။ နိုင်ငံရပ်ခြားက ပြည်ပအားကိုး ပုဆိန်ရိုးများ၏ နိုင်ငံရေးအမြတ်ထုတ်မှုများကို အသိပေးချင်သည်။ နောက်တစ်ကြိမ် နိုင်ငံရေးတောကြောင်များ၏ အသုံးချမှုမခံရအောင် အညာသားများကို လက်ခမောင်းခတ်ပြီး ပြောပြချင်သည်။

အညာသား ကဗျာဆရာတစ်ဦးပြောသလို ကျွန်တော်တို့အညာဟာ တကယ်ပဲသနားစရာကောင်းလှသည်။ သည်တစ်ခေါက် အညာရောက်လျှင် တချို့အညာဒေသများမှာ ရွာလမ်းဘေးအနီးတစ်ဝိုက်မြှုပ်ထားသည့် နင်းမိုင်းတွေကို ပြန်ဖော်ကြမည်။ အကြမ်းဖက်သမားများကြောင့် ပျက်စီးခဲ့ရသည့် ဘုရားစေတီတွေ၊ စာသင်ကျောင်းတွေ၊ ဆေးရုံ၊ ဆေးခန်းတွေကို အေးချမ်းသွားသည့်အခါ ဝိုင်းဝန်းပြုပြင်ကြရမည်။

တစ်ချိန်သောအခါက အညာကိုပြန်ရဖို့အတွက် တစ်နည်းအားဖြင့် အညာနေရာကို အညာနှင့်အစားထိုးနိုင်ဖို့အတွက် ကျွန်တော်တို့ အညာသားတွေ စည်းလုံးကြဖို့ ဆောင်ရွက်ချင်သည်။ ယနေ့အချိန်တွင် အကြမ်းဖက်သမားများ၏ လုပ်ရပ်များကို ဆန့်ကျင်ပြီး ရွေးကောက်ပွဲကြီး အောင်မြင်အောင် ကြိုးပမ်းကြဖို့သာလိုသည်။ အထူးသတိပြုရမည်မှာ အညာသားများ ထပ်ပြီးအညာမမိကြဖို့ သတိကြီးစွာထားရပေလိမ့်မည်။ ။

# နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ဟိုတယ်များမှ မန်နေဂျာ၊ ကြီးကြပ်ရေးမှူးများအတွက် ခေါင်းဆောင်မှုနှင့် ဝန်ဆောင်မှုစွမ်းရည်မြှင့်တင်ရေးသင်တန်းဖွင့်ပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၂၄**

ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းကဏ္ဍရှိ ဝန်ထမ်းများ စွမ်းဆောင်ရည်မြှင့်မားပြီး ခရီးသွားလုပ်ငန်းကဏ္ဍ ရေရှည်ဖွံ့ဖြိုးတိုးတက်စေရေးနှင့် ဟိုတယ်ဆိုင်ရာဝန်ဆောင်မှုလုပ်ငန်းများနှင့် ဆက်စပ်လုပ်ငန်းများ၌ ကျွမ်းကျင်လုပ်သားများ ပေါ်ထွက်လာစေရေး၊ လူ့စွမ်းအား အရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ ဟိုတယ်များမှ မန်နေဂျာ၊ ကြီးကြပ်ရေးမှူး ဝန်ထမ်းများအတွက် ခေါင်းဆောင်မှုနှင့် ဝန်ဆောင်မှုစွမ်းရည် မြှင့်တင်ရေး သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် Aureum Palace ဟိုတယ်၌ ကျင်းပသည်။





**တက်ရောက်**

အခမ်းအနားသို့ အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာနနှင့် ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ အမြဲတမ်းအတွင်းဝန်၊ အရာထမ်း၊ အမှုထမ်းများ၊ မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်းနှင့် ခရီးသွား လုပ်ငန်းရှင်များအသင်း (နေပြည်တော်ဇုန်)မှတာဝန်ရှိသူများ၊ သင်တန်းနည်းပြဆရာများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ဟိုတယ်များသို့ လာရောက် တည်းခိုကြသည့် ပြည်တွင်း၊ ပြည်ပ ခရီးသွားဧည့်သည်များကို ပြည့်စုံကောင်းမွန်သော ဝန်ဆောင်မှုများ ပေးနိုင်ရေးအတွက် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ သင်တန်းများကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဖွင့်လှစ်ပေးလျက်ရှိကြောင်း၊ ဟိုတယ်များမှ မန်နေဂျာ၊ ကြီးကြပ်ရေးမှူးအဆင့်ရှိ ဝန်ထမ်းများအနေဖြင့် ဟိုတယ်များ၏ မူဝါဒ၊ ရည်ရွယ်ချက်များကို အကောင်အထည်ဖော်ရသူများ၊ ဝန်ထမ်းများနှင့် ဧည့်သည်များအကြား ဦးဆောင်ချိတ်ဆက် ဆောင်ရွက်သူများဖြစ်သဖြင့် supervisor skill ရှိနေရန် လိုအပ်ကြောင်း၊ ထို့ပြင် မိမိတို့ဟိုတယ်နှင့် ခရီးစဉ်ဒေသ၏ ပုံရိပ်ကို မြှင့်တင်နိုင်ရေး၊ ဝန်ဆောင်မှု ကောင်းမွန်ရေးနှင့် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်း စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းကြိုးစားကြစေလိုကြောင်း ပြောကြားပြီး သင်တန်းနည်းပြများကို အမှတ်တရ ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

မွန်းလွဲပိုင်းတွင် အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးသည် ဒုတိယဝန်ကြီး၊ တာဝန်ရှိသူများနှင့်အတူ မြန်မာနိုင်ငံ အမျိုးသမီးအားကစားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

**ဆွေးနွေးတင်ပြ**

တွေ့ဆုံစဉ် မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ်မှ တာဝန်ရှိသူများက မြန်မာ့အားကစား အောင်နိုင်ရေးနှင့် အမျိုးသမီး အားကစားသမားများ စိတ်ခွန်အားများ ရရှိရေး ထိုင်းနိုင်ငံတွင် ကျင်းပမည့် (၃၃) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် အဖွဲ့ချုပ်အနေဖြင့် လိုက်ပါအားပေးမည်ဖြစ်ကြောင်း၊ ဒီဇင်ဘာ ၁ ရက်တွင် နေပြည်တော် ရေပန်းဥယျာဉ်၌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ်တို့ ပူးပေါင်း၍ Fitness Dance (Zumba) လေ့ကျင့်ခန်း ဆောင်ရွက်မည်ဖြစ်ရာ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနမှ နည်းပြနှစ်ဦး စေလွှတ်ပေးနိုင်ရေး ဆွေးနွေးတင်ပြကြသည်။

တင်ပြချက်များ အပေါ် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ အမျိုးသမီးအားကစားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် မြန်မာအမျိုးသမီး အားကစားသမားများ စိတ်ခွန်အားရရှိရေး ကဏ္ဍပေါင်းစုံမှ ဆောင်ရွက်ပေးလျက်ရှိသည့်အတွက် ဝန်ကြီးဌာနအနေဖြင့် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ပြောကြားပြီး ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ်မှ တာဝန်ရှိသူများကို အမှတ်တရ လက်ဆောင်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# စစ်ကိုင်းတိုင်းဒေသကြီး e-Government လူ့စွမ်းအားအရင်းအမြစ် အရည်အသွေးမြှင့်တင်ရေးသင်တန်း အပတ်စဉ်(၃)ဆင်းပွဲ ကျင်းပ

**မုံရွာ နိုဝင်ဘာ ၂၄**

စစ်ကိုင်း တိုင်းဒေသကြီး e-Government စနစ် အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီက ကြီးမှူးဖွင့်လှစ်သည့် e-Government လူ့စွမ်းအား အရင်းအမြစ် အရည်အသွေး မြှင့်တင်ရေးသင်တန်း အပတ်စဉ် (၃) ဆင်းပွဲကို ယနေ့ နံနက်ပိုင်းတွင် ကွန်ပျူတာတက္ကသိုလ်(မုံရွာ) ရှိ ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့တိုင်းဒေသကြီး e-Government စနစ် အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီ နာယက၊ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်းဒေသကြီး/ ခရိုင်/ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ကွန်ပျူတာတက္ကသိုလ် (မုံရွာ)မှ ပါမောက္ခချုပ်နှင့် ဆရာ ဆရာမများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

**ပေးအပ်ချီးမြှင့်**

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကား ပြောကြားပြီး ကွန်ပျူတာတက္ကသိုလ် (မုံရွာ)မှ ပါမောက္ခချုပ် ဒေါက်တာ စိုးစိုးခိုင်ထံ ဂုဏ်ပြုမှတ်တမ်းလွှာကို လည်းကောင်း၊ သင်တန်းတွင် ပထမ၊ ဒုတိယ၊ တတိယ ထူးချွန်ဆုရ သင်တန်းသား သင်တန်းသူများထံ ဂုဏ်ပြုလက်မှတ်နှင့် ဂုဏ်ပြုချီးမြှင့်ငွေများကို လည်းကောင်း ပေးအပ်ချီးမြှင့်သည်။

ထို့နောက်ကွန်ပျူတာတက္ကသိုလ် (မုံရွာ)မှ ပါမောက္ခချုပ်က e-Government လူ့စွမ်းအား အရင်းအမြစ် အရည်အသွေး မြှင့်တင်ရေးသင်တန်း ဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး တိုင်းဒေသကြီး ဝန်ကြီးများက သင်တန်းနည်းပြနှင့် လက်ထောက်နည်းပြများအတွက် ဂုဏ်ပြုမှတ်တမ်းလွှာကို လည်းကောင်း၊ သင်တန်းသား သင်တန်းသူများအတွက် သင်တန်းဆင်းလက်မှတ်များကို လည်းကောင်း ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် သင်တန်းသား သင်တန်းသူများ ကိုယ်စား သင်တန်းသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



# အဂတိလိုက်စားမှုတိုက်ဖျက်ရေးတွင် ကျင့်ဝတ်အရေးပါပုံနှင့် နိုင်ငံ့သားကောင်းလူငယ်တို့၏အခန်းကဏ္ဍ လူငယ်စကားဝိုင်းကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၂၄**

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပညာရေးဝန်ကြီးဌာနတို့ ပူးပေါင်း၍ ကျင်းပသည့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးတွင် ကျင့်ဝတ်အရေးပါပုံနှင့် နိုင်ငံ့သားကောင်းလူငယ်တို့၏ အခန်းကဏ္ဍ လူငယ်စကားဝိုင်းကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ စိုးစံကိုယ်ပိုင်အထက်တန်းကျောင်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ ကော်မရှင်အဖွဲ့ဝင် ဒေါက်တာ ထွန်းထွန်းဦးနှင့် ကော်မရှင်ရုံးမှ တာဝန်ရှိသူများ၊ စိုးစံကိုယ်ပိုင်အထက်တန်းကျောင်းမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။



လူငယ်စကားဝိုင်းဆွေးနွေးပွဲတွင် ကော်မရှင်အဖွဲ့ဝင်က ကျောင်းသားလူငယ်များ ဦးဆောင်ပါဝင်သည့် လူငယ်စကားဝိုင်းများ ဆောင်ရွက်ပေးခြင်းဖြင့် လူငယ်များ အဂတိလိုက်စားမှု တိုက်ဖျက်ရေးနှင့် စပ်လျဉ်းသည့် အသိအမြင်၊ ဗဟုသုတများရရှိစေခြင်း၊ အဂတိလိုက်စားမှုကို တွန်းလှန်တိုက်ဖျက်လိုစိတ်ရှိသည့် လူ့အဖွဲ့အစည်းတည်ဆောက်ရာ၌ ကျောင်းသားလူငယ်တို့၏ အခန်းကဏ္ဍ ပါဝင်လာစေခြင်း၊ ဖြောင့်မတ်တည်ကြည်မှုရှိသည့် နိုင်ငံ့သားကောင်းများ ဖြစ်ထွန်းလာစေခြင်းစသည့် အကျိုးကျေးဇူးများရရှိရန် ရည်ရွယ်ပါကြောင်း၊ လူငယ်များအနေဖြင့် အမှား၊ အမှန် ခွဲခြားသိမြင်ပြီး ဖြောင့်မတ်တည်ကြည်မှုရှိစွာ ပြုမူဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားသည်။

ထို့နောက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးတွင် ကျင့်ဝတ်အရေးပါပုံနှင့် နိုင်ငံ့သားကောင်းလူငယ်တို့၏အခန်းကဏ္ဍ ခေါင်းစဉ်ဖြင့် လူငယ်စကားဝိုင်း ဆွေးနွေးပွဲကို ကျင်းပပြီး စိုးစံကိုယ်ပိုင်အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းရာ စကားဝိုင်းဆွေးနွေးပွဲတွင် ပါဝင်သည့် ကျောင်းသား ကျောင်းသူများက ဖြေကြားကြသည်။

ယင်းနောက် ကော်မရှင်အဖွဲ့ဝင်က စိုးစံကိုယ်ပိုင်အထက်တန်းကျောင်း CEOထံ ကော်မရှင်အမှတ်တံဆိပ်ပါ အမှတ်တရလက်ဆောင်ပစ္စည်းများပေးအပ်ပြီး CEO က ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

**ပြည်သူများလိုလားသည့် ဒီမိုကရေစီနိုင်ငံတော်ကို ရွေးကောက်ပွဲဖြင့်သာ ဖော်ဆောင်နိုင်မည်**

■ ကျောဖုံးမှ

တိုက်ဖျက်ရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် မြဝတီ-မဲ့ထော်သလေး (KK Park) နယ်မြေအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် အဆောက်အအုံများကို အပိုင်းသုံးပိုင်းခွဲ၍ ဖြိုချဖျက်ဆီးခြင်းများ ဆောင်ရွက်လျက်ရှိရာ အပိုင်း (၁) နယ်မြေအတွင်းရှိ အဆောက်အအုံ ၁၄၈ လုံးကို အားလုံးဖြိုချဖျက်ဆီးပြီးစီးပြီဖြစ်ကြောင်း သိရသည်။ ထို့နောက် အပိုင်း (၃) နယ်မြေအတွင်းရှိ အဆောက်အအုံများကို နိုဝင်ဘာ ၁၇ ရက်မှစတင်၍ ဖြိုချဖျက်ဆီးလျက်ရှိရာ ယနေ့တွင် တရားမဝင်အဆောက်အအုံ ၁၁ လုံးကို ထပ်မံဖြိုချဖျက်ဆီးခဲ့သဖြင့် အပိုင်း (၃) နယ်မြေအတွင်းရှိ အဆောက်အအုံ ၄၂၅ လုံးအနက် ယနေ့အထိ အလုံး၈၀ ဖြိုချဖျက်ဆီးခဲ့ကြောင်းနှင့် KK Park နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံ စုစုပေါင်း ၆၃၅ လုံးအနက် ၂၂၈ လုံးကို ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း သိရသည်။

အလားတူ ရွှေကုက္ကိုလ်နယ်မြေအတွင်း၌လည်း ရှင်းလင်းဖော်ထုတ်မှုများကို နိုဝင်ဘာ ၁၈ ရက်တွင် စတင်ဆောင်ရွက်ခဲ့ပြီး ယနေ့ခုနစ်ရက်မြောက် နေ့တွင်လည်း ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ ၁၇ ထပ် အဆောက်အအုံ တစ်လုံး၊ ခုနစ်ထပ် အဆောက်အအုံ လေးလုံး၊ ၁၃ ထပ်အဆောက်အအုံ တစ်လုံးနှင့် ခြောက်ထပ်အဆောက်အအုံ လေးလုံးတို့ကို ထပ်မံစစ်ဆေးခဲ့ရာ အွန်လိုင်းလိမ်လည်မှုနှင့် လောင်းကစားမှု လုပ်ငန်းများ လုပ်ကိုင်နေသူများကို တွေ့ရှိရခြင်းမရှိဘဲ Star Link ဘန်းတစ်လုံး၊ Router တစ်လုံးနှင့် ကွန်ပျူတာမျိုးစုံ ၂၀၅ လုံးတို့ကို စိစစ်တွေ့ရှိခဲ့ပြီး ဖော်ထုတ် ရှင်းလင်းခြင်းများ ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့ပြင် ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ ရွှေကုက္ကိုလ်နယ်မြေအတွင်း၌ အွန်လိုင်းလိမ်လည်မှုနှင့် လောင်းကစားမှုများ ကျူးလွန်ခဲ့ပြီး ထွက်ပြေးတိမ်းရှောင်ပုန်းအောင်းနေထိုင်လျက်ရှိကြသည့် တရုတ်နိုင်ငံသား ၈၁ ဦး၊ ဗီယက်နမ်နိုင်ငံသား ၁၃ ဦး၊ အီသီယိုးပီးယားနိုင်ငံသားနှစ်ဦး၊ အိန္ဒိယနိုင်ငံသားနှစ်ဦး၊ ပါကစ္စတန်နိုင်ငံသားတစ်ဦးနှင့် တရုတ်(တိုင်ပေ)မှ နှစ်ဦး စုစုပေါင်း ၁၀၁ ဦးတို့ကို ယနေ့တွင် ထပ်မံစစ်ဆေးဖော်ထုတ်ဖမ်းဆီးထိန်းသိမ်းနိုင်ခဲ့သည်။ ထို့ကြောင့် ရွှေကုက္ကိုလ် နယ်မြေအတွင်း စုစုပေါင်း ဖော်ထုတ်ရှင်းလင်းမှုများအရ ယနေ့အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်နေထိုင်သည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၈၄၇ ဦးနှင့် အွန်လိုင်းလိမ်လည် လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့် ကွန်ပျူတာ ၃၀၉၈ လုံး၊ မိုဘိုင်းဖုန်း ၂၁၇၅၀၊ Star Link ဘန်း ၁၀၂ လုံး၊ Router ၂၂ လုံးနှင့် လုပ်ငန်းသုံး ပစ္စည်းအများအပြားကို စိစစ်တွေ့ရှိဖမ်းဆီးရမိခဲ့ပြီး သိမ်းဆည်းရမိပစ္စည်းများကို စနစ်တကျ ဖျက်ဆီး ရှင်းလင်းခဲ့ကြောင်းနှင့် ဖော်ထုတ် ရှင်းလင်းခြင်းများ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ထိုသို့ ဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့သည့် ပြည်ပနိုင်ငံသားများကို မြဝတီမြို့နယ် ပူလွဲပူကျေးရွာအုပ်စု ရွှေကုက္ကိုလ်မြိုင်ကျေးရွာအတွင်း လုံထင်းဝန်းရှိ အဆောက်အအုံ၌ ထိန်းသိမ်းထားရှိပြီး တရားမဝင် ပြည်ပနိုင်ငံသား စစ်ဆေးရေးအဖွဲ့က စစ်ဆေးခဲ့ရာ ပြည်ပနိုင်ငံသား ၂၀၀ ကို စစ်ဆေးနိုင်ခဲ့ကာ သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြန်လည်လွှဲပြောင်းပေးနိုင်ရေးအတွက် ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များက လိုအပ်သည့်ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ နိုဝင်ဘာ ၂၄ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင်ဝင်ရောက်လာသည့်ပြည်ပနိုင်ငံသား စုစုပေါင်း ၁၂၆၈၇ ဦး ထိန်းသိမ်းနိုင်ခဲ့ကာ ၁၂၃၄၃ ဦးကို ပြည်နှင်နိုင်ရေး စစ်ဆေးခဲ့ပြီး ၎င်းတို့အနက်မှ ၉၉၇၈ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့ပြီးဖြစ်ကြောင်း၊ ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၂၇၀၉ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိကြောင်း သိရသည်။

နိုင်ငံတော် အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည် လောင်းကစားမှု ကျူးလွန်မှုများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူကာ မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေး ပြည်တွင်း အင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံ အစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**




ကရင်ပြည်နယ် မြဝတီမြို့နယ် KK Park အတွင်း အဆောက်အအုံများ ဆောက်လုပ်ထားရှိမှု။






လေးထပ်နှင့်ငါးထပ် လူနေအဆောက်အအုံများအား ဖောက်ခွဲဖျက်ဆီးရန် ယမ်းများတပ်ဆင်နေသည်ကို တွေ့ရစဉ်။




ငါးထပ် လူနေအဆောက်အအုံ တိုက်အမှတ် C 13 ကို ဖောက်ခွဲမဖျက်ဆီးမီနှင့် ဖောက်ခွဲဖျက်ဆီးပြီး တွေ့ရစဉ်။




ငါးထပ် လူနေအဆောက်အအုံ တိုက်အမှတ် C 18 ကို ဖောက်ခွဲမဖျက်ဆီးမီနှင့် ဖောက်ခွဲဖျက်ဆီးပြီး တွေ့ရစဉ်။




KK Park အတွင်း ယန္တရားဖြင့်ဖြိုဖျက်မည့် သုံးထပ်/နှစ်ထပ်လူနေအဆောက်အအုံများကို ဖြိုချဖျက်ဆီးပြီး တွေ့ရစဉ်။




ယန္တရားဖြင့်ဖြိုဖျက်မည့် သုံးထပ်လူနေအဆောက်အအုံများအား မဖြိုချမီနှင့် ဖြိုချဖျက်ဆီးနေမှုကို တွေ့ရစဉ်။



လေးထပ် လူနေအဆောက်အအုံ C12 ကို ဖောက်ခွဲဖျက်ဆီးပြီး တွေ့ရစဉ်။

# ငလျင်ကယ်ဆယ်ရေးလုပ်ငန်းများကို စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့ကြသည့် မြန်မာနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနမှ ကိုယ်စားလှယ်များအား ရုရှားနိုင်ငံ လူထုကာကွယ်ရေး၊ အရေးပေါ်အခြေအနေများနှင့် သဘာဝဘေးအန္တရာယ်ကာကွယ်ရေးဝန်ကြီးဌာန (EMERCOM) က ချီးမြှင့်သည့် ဂုဏ်ပြုအမှတ်တံဆိပ်နှင့် ဂုဏ်ပြုလက်မှတ်များပေးအပ်

နေပြည်တော် နိုဝင်ဘာ ၂၄

ငလျင်ကယ်ဆယ်ရေးလုပ်ငန်းများကို စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့ကြသည့် မြန်မာနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနမှ ကိုယ်စားလှယ်များအား ရုရှားနိုင်ငံ လူထုကာကွယ်ရေး၊ အရေးပေါ်အခြေအနေများနှင့် သဘာဝဘေးအန္တရာယ် ကာကွယ်ရေးဝန်ကြီးဌာန (EMERCOM) က ချီးမြှင့်သည့် ဂုဏ်ပြုအမှတ်တံဆိပ်နှင့် လက်မှတ်များ ပေးအပ်ပွဲအခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ စစ်ကြောရေးနှင့် တည်းခိုရေးစခန်း ဆင်ဖြူရှင်ခန်းမ၌ ကျင်းပသည်။

အဆိုပါအခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E.Mr. Iskander Azizov၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) မှ တပ်မတော် အရာရှိကြီးများ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဂုဏ်ပြုအမှတ်တံဆိပ်နှင့် ဂုဏ်ပြုလက်မှတ်ချီးမြှင့်ခံရသူ ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E.Mr. Iskander Azizov က ဂုဏ်ပြုအမှာစကား ပြောကြားသည်။ ထို့နောက် ငလျင်ကယ်ဆယ်ရေး လုပ်ငန်းများကို စွမ်းစွမ်းတမံဆောင်ရွက်ခဲ့ကြသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကာကွယ်ရေး ဝန်ကြီးဌာနမှ ကိုယ်စားလှယ်များအား ဂုဏ်ပြုအမှတ်တံဆိပ်နှင့် ဂုဏ်ပြုလက်မှတ်များပေးအပ်သည်။

ယင်းနောက် ဂုဏ်ပြုအမှတ်တံဆိပ်နှင့် ဂုဏ်ပြုလက်မှတ်ချီးမြှင့်ခံရသူများကိုယ်စား မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်က ကျေးဇူးတင်စကားပြန်လည် ပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

သတင်းစဉ်




## မြန်မာ့ကျောက်မျက်ရတနာပြပွဲ အငွှမနေ့ဆက်လက်ကျင်းပ၊ ကျောက်စိမ်းအတွဲပေါင်း ၆၉၅ တွဲ ရောင်းချရ

နေပြည်တော် နိုဝင်ဘာ ၂၄

၂၀၂၅ ခုနှစ် အကြိမ်(၆၀)မြောက် မြန်မာ့ကျောက်မျက် ရတနာပြပွဲ အငွှမနေ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မဏိရတနာ ကျောက်စိမ်းခန်းမ၌ ဆက်လက် ကျင်းပရာ နံနက်ပိုင်းမှစတင်၍ ပြည်တွင်း၊ ပြည်ပ ရတနာ ကုန်သည်များသည် မဏိရတနာ ကျောက်စိမ်းခန်းမ အပြင်ဘက် သတ်မှတ်နေရာများ အလိုက် ခင်းကျင်းပြသထားသည့် အုပ်စု (စီ)မှ ကျောက်စိမ်းအတွဲများကို စိတ်ကြိုက်လေ့လာ ကြည့်ရှုကြသည်။



ယနေ့ပြပွဲတွင် အုပ်စု(စီ)မှ ကျောက်စိမ်းအတွဲပေါင်း ၇၅၀ အနက် ကျောက်စိမ်းအတွဲပေါင်း ၆၉၅ တွဲကို ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချခဲ့ရကြောင်း ထုတ်ပြန်ကြေညာသည်။

ထို့ပြင် ပြပွဲနဝမနေ့တွင် ရောင်းချမည့် အုပ်စု (စီ) အတွဲအမှတ်(၃၆၅၁) မှ (၄၄၀၀) အထိကို ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များက ကြည့်ရှုစစ်ဆေးကြပြီး ဈေးနှုန်းပေးသွင်းလွှာများကို သက်ဆိုင်ရာတင်ဒါပုံးများအတွင်း ထည့်သွင်းကြသည်။ အဆိုပါ ဈေးနှုန်းတင်သွင်းလွှာများကို တာဝန်ရှိသူများက ယနေ့ညနေပိုင်းတွင် ဖွင့်ဖောက်စစ်ဆေးပြီး ရောင်းချရသည့် ကျောက်စိမ်းအတွဲများကို နိုဝင်ဘာ ၂၅ ရက် နံနက်ပိုင်းတွင် ကြေညာသွားမည်ဖြစ်သည်။

ယနေ့ညနေပိုင်းတွင် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီနာယက သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီက ပြပွဲကျင်းပရာ မဏိရတနာကျောက်စိမ်းခန်းမ၌ ကျောက်စိမ်းအတွဲများ တင်ဒါဖွင့်ဖောက်စစ်ဆေးနေမှုကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ကျန်ရှိသည့် အုပ်စု(စီ)မှ ကျောက်စိမ်းအတွဲများကို နိုဝင်ဘာ ၂၆ ရက်အထိ နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များအား ဆက်လက်ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## ရွှေတောင်မြို့နယ်၌ မီးခိုးမြူငွေ့ လျှော့ချရေးဆိုင်ရာ အသိပညာပေးဟောပြော

ရွှေတောင် နိုဝင်ဘာ ၂၄

ရွှေတောင်မြို့နယ် သစ်တောဦးစီးဌာနက သစ်တောထိန်းသိမ်းရေး၊ တောမီးကာကွယ်ရေးနှင့် မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ မြို့နယ်အဆင့် အသိပညာပေးဟောပြောပွဲကို နိုဝင်ဘာ ၂၁ ရက် နံနက်ပိုင်းက ရွှေတောင်မြို့နယ် သရက်တော အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌ ပြုလုပ်သည်။

အခမ်းအနားတွင် ရွှေတောင်မြို့နယ်သစ်တောဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်စက်ပိုင်က သစ်တောထိန်းသိမ်းရေး၊ တောမီးကာကွယ်ရေးနှင့် မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ အကြောင်းအရာများကို တက်ရောက်လာသူများအား အသိပညာပေး ဆွေးနွေးဟောပြောပြီး ကျောင်းသုံးဗလာစာအုပ် ခြောက်ဒါဇင်နှင့် စာရေးကိရိယာများ ပေးဝေခဲ့သည်။

အခမ်းအနားသို့ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် သစ်တောဦးစီးဌာနမှ ဝန်ထမ်းများ စုစုပေါင်း ၈၇ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။

ကိုကိုမင်း (ပြန်/ဆက်)



## ခါတ်ခွဲနမူနာစုစုပေါင်း ၆၃ ခု စစ်ဆေးပြီးစီး၊ ကိုဗစ် - ၁၉ ရောဂါ ခါတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိ

**ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ အပတ်စဉ် သတင်းထုတ်ပြန်ချက်(၂၄-၁၁-၂၀၂၅)ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ (၁၆-၁၁-၂၀၂၅)ရက်နေ့၊ ည (၈:၀၀)နာရီမှ (၂၃-၁၁-၂၀၂၅) ရက်နေ့၊ ည (၈:၀၀)နာရီအထိ ရက်သတ္တပတ်အတွင်း ခါတ်ခွဲနမူနာစုစုပေါင်း (၆၃)ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ခါတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိရပါ။ အစီရင်ခံကာလအတွင်း ပြင်းထန်လူနာ၊ အထူးကြပ်မတ်ကုသမှုပေးရသော လူနာနှင့် ကိုဗစ်-၁၉ ရောဂါဖြင့်သေဆုံးလူနာ မရှိပါ။

လတ်တလောတွင် မိမိတို့နိုင်ငံအတွင်း၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွား/သေဆုံးမှုနှင့် စပ်လျဉ်း၍ စိုးရိမ်ဖွယ်ရာအခြေအနေမရှိသော်လည်း ရောဂါဖြစ်ပွားမှုမှ ကြိုတင်ကာကွယ်နိုင်ရန်အတွက် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို လိုက်နာဆောင်ရွက်ရန်လိုအပ်ပြီး ရောဂါကူးစက်ခံရပါက ရောဂါပြင်းထန်နိုင်ခြေနှင့် အသက်ဆုံးရှုံးနိုင်ခြေမြင့်မားသည့်

- အသက်အရွယ်ကြီးသူများ (အသက် ၆၀ နှစ်နှင့်အထက်)၊
- ဆီးချိုရောဂါ၊ နာတာရှည်အဆုတ်ရောဂါ၊ ကင်ဆာရောဂါရှိသူများ၊
- ကိုယ်ဝန်ဆောင်မိခင်များ (ကိုယ်ဝန်ဆောင်ကာလ ၃ လနှင့်အထက်)

ကို ဦးစားပေးအစီအစဉ်ဖြင့် ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံပေးသွားမည်ဖြစ်ပါ၍ ကာကွယ်ဆေးထိုးနှံမှုခံယူကြရန် လိုအပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အသေးစိတ်သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

မြန်မာနိုင်ငံရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာန(Myanmar CDC)
ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန

# လားရှိုးတက္ကသိုလ် ပြန်လည်ဖွင့်လှစ်ခြင်းအထိမ်းအမှတ် အခမ်းအနားကျင်းပ



**နေပြည်တော် နိုဝင်ဘာ ၂၄**

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ရှိ လားရှိုးတက္ကသိုလ် ပြန်လည်ဖွင့်လှစ်ခြင်း အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါ တက္ကသိုလ်၌ပြုလုပ်ရာ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ် အေးမင်းဦးနှင့် တာဝန်ရှိသူများ၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တာဝန်ရှိသူများက လားရှိုးတက္ကသိုလ်မုခ်ဦးကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး လားရှိုးတက္ကသိုလ်ဆိုင်းဘုတ်အား အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ကျောင်းသား ကျောင်းသူများ၏ စာပေသင်ကြားနေမှုများကို လှည့်လည်ကြည့်ရှုပြီး ကျောင်းသား ကျောင်းသူများအား အားပေးစကား ပြောကြားသည်။ ယင်းနောက် စာသင်ဆောင်များ ပြုပြင်နေမှုများကို လှည့်လည်ကြည့်ရှုပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

**ကြည့်ရှုစစ်ဆေး**

ဆက်လက်၍ တိုင်းမှူးနှင့် တာဝန်ရှိသူများသည် လားရှိုးပညာရေးဒီဂရီကောလိပ်သို့ သွားရောက်၍ ကျောင်းသား ကျောင်းသူများ၏ စာပေသင်ကြားနေမှုများကို လှည့်လည်ကြည့်ရှုအားပေးပြီး စာသင်ဆောင်များအား လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကယားပြည်နယ်အတွင်းရှိ တက္ကသိုလ်များနှင့် ဒီဂရီကောလိပ်များ ဖွင့်လှစ်



**လွိုင်ကော် နိုဝင်ဘာ ၂၄**

၂၀၂၅-၂၀၂၆ ပညာသင်နှစ် ကယားပြည်နယ်အတွင်းရှိ တက္ကသိုလ်များနှင့် လွိုင်ကော် ပညာရေးဒီဂရီကောလိပ်တို့ကို ယနေ့တွင် စတင်ဖွင့်လှစ်သင်ကြားလျက်ရှိရာ ယနေ့နံနက်ပိုင်းက ကယားပြည်နယ် စီးပွားရေးရာဝန်ကြီး ဦးစိန်ဦးသည် တက္ကသိုလ်များနှင့် လွိုင်ကော် ပညာရေးဒီဂရီကောလိပ်တို့သို့ သွားရောက်ကာ ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းသာစွာ ပညာသင်ကြားနေမှုကို သွားရောက်ကြည့်ရှုပြီး တွေ့ဆုံအားပေးစကား ပြောကြားသည်။

လွိုင်ကော်တက္ကသိုလ် နေ့သင်တန်းများတွင် ဘာသာရပ် ၁၄ ခု၊ တန်းစဉ် ၁၃ ခုၡ ကျောင်းသား ကျောင်းသူ ၁၇၂ ဦး၊ နည်းပညာတက္ကသိုလ်တွင် ဘာသာရပ် လေးခု၌ ကျောင်းသား ကျောင်းသူ ၄၄ ဦး၊ ကွန်ပျူတာတက္ကသိုလ်တွင် ကွန်ပျူတာသိပ္ပံ ကျောင်းသား ကျောင်းသူ ၆၀ နှင့် လွိုင်ကော်ပညာရေး ဒီဂရီကောလိပ်တွင် ကျောင်းသား ကျောင်းသူ ၂၇၄ ဦးတို့ စတင်တက်ရောက် ပညာသင်ကြားလျက်ရှိကြောင်း သိရသည်။ **မေစု(ပြန်/ဆက်)**



# ကွန်ပျူတာတက္ကသိုလ်(ဟသ်ာတ)၌ မောင်မယ်သစ်လွင် ကြိုဆိုပွဲ ကျင်းပ

**ဟင်္သာတ နိုဝင်ဘာ ၂၄**

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ်ရှိ ကွန်ပျူတာတက္ကသိုလ်(ဟင်္သာတ)တွင် နိုဝင်ဘာ ၂၄ ရက် မွန်းလွဲပိုင်းက ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ပထမနှစ်သင်တန်းသို့ ဝင်ခွင့်ရသော မောင်မယ်သစ်လွင်များအား ကြိုဆိုနှုတ်ဆက်ပွဲ အခမ်းအနားကို ကျင်းပသည်။

အခမ်းအနားတွင် ဒုတိယပါမောက္ခချုပ် ဒေါက်တာထွန်းမြတ်အောင်က အမှာစကားပြောကြားသည်။ ထို့နောက် သင်တန်းရေးရာဌာနမှူးက ကျောင်းစည်းကမ်းများ၊ စာမေးပွဲဆိုင်ရာစည်းကမ်းများ၊ ကျောင်းသား ကျောင်းသူများ၏ အခွင့်အရေးများကို ပြောကြားသည်။ ထို့နောက် ဒေါက်တာထွန်းမြတ်အောင်နှင့် ဌာနမှူးများက မောင်မယ်သစ်လွင်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



ဧရာဝတီတိုင်းဒေသကြီး နည်းပညာတက္ကသိုလ်(ပုသိမ်)၏ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ဘွဲ့ကြိုသင်တန်းများအားလုံးကို နိုဝင်ဘာ ၂၄ ရက်က စတင်ဖွင့်လှစ်ရာ ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာပညာသင်ယူလျက်ရှိသည်ကိုတွေ့ရစဉ်။ ခရိုင်(ပြန်/ဆက်)



ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် နည်းပညာတက္ကသိုလ်(တောင်ငူ)၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ဘွဲ့ကြို၊ ဘွဲ့လွန်သင်တန်းများကို နိုဝင်ဘာ ၂၄ ရက် နံနက်ပိုင်းက ဖွင့်လှစ်ရာ ကျောင်းသား ကျောင်းသူများ တက်ရောက် ပညာသင်ကြားလျက်ရှိစဉ်။ ခရိုင်(ပြန်/ဆက်)

# ကွန်ပျူတာတက္ကသိုလ်(သထုံ)၌ မောင်မယ်သစ်လွင် ကြိုဆိုပွဲ ပြုလုပ်



**သထုံ နိုဝင်ဘာ ၂၄**

မွန်ပြည်နယ် သထုံမြို့နယ်ရှိ ကွန်ပျူတာတက္ကသိုလ်(သထုံ)တွင် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ပြီး တက္ကသိုလ်ဝင်ခွင့်ရရှိခဲ့ကြသည့် ကျောင်းသား ကျောင်းသူများအား မောင်မယ်သစ်လွင်ကြိုဆိုပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ဂေါ့ကျေးရွာရှိ ကွန်ပျူတာတက္ကသိုလ်(သထုံ)၌ ကျင်းပသည်။

အခမ်းအနားတွင် ပါမောက္ခချုပ် ဒေါက်တာနီလာသိန်းက ကွန်ပျူတာတက္ကသိုလ်(သထုံ)၏ သင်ကြားသင်ယူမှုစနစ်များ၊ သင်ကြားရေးဌာနများကို ရှင်းလင်းပြောကြားသည်။

**ကြိုဆို**

ကွန်ပျူတာတက္ကသိုလ်(သထုံ)၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် ပထမနှစ်မှ ပဉ္စမနှစ်အထိ သင်တန်းများကို ဖွင့်လှစ်ပေးလျက်ရှိရာ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၆၈၃ ဦး အေးချမ်းစွာတက်ရောက်လျက်ရှိပြီး အဆိုပါနေ့တွင် တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီး ကွန်ပျူတာတက္ကသိုလ်(သထုံ)၏ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ပထမနှစ်သို့ ဝင်ခွင့်ရရှိခဲ့ကြသည့် မောင်မယ်သစ်လွင် ၂၀၁ ဦးတို့အား ကြိုဆိုခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# မန္တလေးနည်းပညာတက္ကသိုလ်၌ ပထမနှစ် ကျောင်းသား ကျောင်းသူများအား နွေးထွေးစွာ ကြိုဆို



**မန္တလေး နိုဝင်ဘာ ၂၄**

မန္တလေး နည်းပညာတက္ကသိုလ်တွင် ၂၀၂၅ -၂၀၂၆ ပညာသင်နှစ် ပထမနှစ် ကျောင်းသား ကျောင်းသူများအား နိုဝင်ဘာ ၂၄ ရက်မှ စတင်ဖွင့်လှစ် သင်ကြားလျက်ရှိရာ မန္တလေးနည်းပညာတက္ကသိုလ်(MTU) ဒုတိယပါမောက္ခချုပ်(စီမံ) ဒေါက်တာအေးအေးမူနှင့် သက်ဆိုင်ရာဘာသာရပ်အလိုက် ပါမောက္ခ/ဌာနမှူးများက မောင်မယ်သစ်လွင်များအား နွေးထွေးလှိုက်လှဲစွာကြိုဆိုနှုတ်ခွန်းဆက် အားပေးစကားများ ပြောကြားသည်။

ဆက်လက်၍ ဒုတိယပါမောက္ခချုပ် ဒေါက်တာအေးအေးမူက မန္တလေး နည်းပညာတက္ကသိုလ်(MTU) သို့ တက်ရောက်သင်ကြားမည့် ကျောင်းသား ကျောင်းသူများ ပညာသင်ယူမှုသာမက အေးချမ်းစွာ နေထိုင်နိုင်ရန် အတွက်လည်း အဆောင်များအား သန့်ရှင်းသပ်ရပ်စွာ စီစဉ်ပေးလျက်ရှိပြီး ကျောင်းသား ကျောင်းသူများ အနေဖြင့် စည်းကမ်းရှိ၍ လွတ်လပ်ပျော်ရွှင်စွာ ပညာဆည်းပူးသွားကြရန် လိုအပ်ကြောင်း ပြောကြားသည်။ ယနေ့ထိ ကျောင်းအပ်နှံမှု ၂၅၀ ရှိပြီး ကျောင်းအပ်နှံမှုများကိုလည်း ဆက်လက်လက်ခံလျက်ရှိကြောင်း သိရသည်။

**ဇာနည်ကိုကို(ပြန်/ဆက်)**

■

# ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် မြောင်းမြခရိုင်အတွင်း ကော်ဖီစိုက်ခင်းများဖြစ်ထွန်းအောင်မြင်နေမှု ကြည့်ရှုအားပေး

ပုသိမ် နိုဝင်ဘာ ၂၄

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းသည် တာဝန်ရှိသူများနှင့်အတူ ယနေ့ညနေပိုင်းတွင် မြောင်းမြခရိုင်အတွင်းရှိ ကော်ဖီစိုက်ခင်းများ ဖြစ်ထွန်းအောင်မြင်မှုများကို ကြည့်ရှုအားပေးသည်။

**ကြည့်ရှုအားပေး**

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် မြောင်းမြမြို့နယ် တောင်ကလေးကျေးရွာ ရွှေခြသေ့ ရော်ဘာခြံအတွင်းရှိ တောင်သူ ဦးညွန့်ဝေ၏ စိုက်ဧက ၁၀ ဧကရှိ မြေပြန့်ကော်ဖီ(ရိုဘက်စတာ) ကော်ဖီမျိုး စိုက်ပျိုးထားရှိမှုကို ကြည့်ရှုအားပေးသည်။

ထို့နောက် တောင်သူ ဦးညွန့်ဝေက စတင်စိုက်ပျိုးမှုအခြေအနေနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် ရွှေခြသေ့ရော်ဘာခြံအတွင်း ရော်ဘာကုန်ကြမ်းထုတ်လုပ်မှုအဆင့်ဆင့်ကို ကြည့်ရှုစစ်ဆေးရာ ကုမ္ပဏီပိုင်ရှင်က ရော်ဘာပင်များကို ၂၀၁၀ ပြည့်နှစ်တွင် စတင်စိုက်ပျိုးခဲ့ပြီး ၁၀နှစ်သားအရွယ်တွင် ရော်ဘာအစေးများ စတင်ခြစ်ယူခဲ့မှု၊ နှစ်အလိုက်ရော်ဘာထွက်ရှိမှု၊ ရော်ဘာပြားများ ထုတ်လုပ်မှု၊ ရောင်းချမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က စိုက်ဧကများ အပြည့်အဝစိုက်ပျိုးနိုင်စေရေး၊ ဖြစ်ထွန်းအောင်မြင်အောင်စိုက်ပျိုးရေး၊ ကုန်ကြမ်းအရည်အသွေးပြည့်မီစေရေး၊ ကုန်ကြမ်းမှ ကုန်ချောထုတ်လုပ်နိုင်သည်အထိ နည်းလမ်းများရှာဖွေ၍ ပူးပေါင်းဆောင်ရွက်ကြစေရေး၊ တန်ဖိုးမြင့်ထုတ်ကုန်များထုတ်လုပ်နိုင်ရေး ဆောင်ရွက်ရန်မှာကြားသည်။



ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် မြောင်းမြမြို့နယ် သိလ္လာကျေးရွာရှိ ပိုင်ရှင် ဦးစိုးနိုင်၏ ရိုဘက်စတာ မြေပြန့်ကော်ဖီ ၅ ဒသမ ၅ ဧက၊ သီဟိုဠ် ၂၇ ဧက၊ ပီလောပီနံ ၁၀ ဧက စိုက်ပျိုးထားရှိမှုကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် မြောင်းမြမြို့ ဒီရော စက်မှုလက်မှုအလုပ်ရုံသို့သွားရောက်၍ မျိုးစေ့ချကိရိယာများ ထုတ်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူတစ်ဦးက လက်ရှိ မျိုးစေ့ချကိရိယာ ထုတ်လုပ်မှုအခြေအနေများ၊ တိုင်းဒေသကြီးအတွင်း ဖြန့်ဖြူးမှုအခြေအနေများရှင်းလင်းတင်ပြခဲ့ရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ရန်ကုန်တိုင်းဒေသကြီးအတွင်း သား၊ ငါး၊ ရိက္ခာ ဖူလုံရေး တွံ့တေးမွေးမြူရေးဇုန်ရှိ မွေးမြူရေးလုပ်ငန်းများကြည့်ရှုစစ်ဆေး

နေပြည်တော် နိုဝင်ဘာ ၂၄

ရန်ကုန်တိုင်းဒေသကြီးအတွင်း သား၊ ငါး၊ ရိက္ခာဖူလုံရေးအတွက် တွံ့တေးမွေးမြူရေးဇုန်မှ ယခုထက်ပိုမိုတိုးတက်မွေးမြူ ဖြည့်ဆည်းထောက်ပံ့နိုင်ရေး ဆက်လက်ကြိုးပမ်း ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးသည် ရန်ကုန်တိုင်းဒေသကြီး တွံ့တေးမြို့ တွံ့တေးမွေးမြူရေးဇုန်၌ မွေးမြူရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံသည်။



**ပြောကြား**

တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက ပြည်တွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူများ ခိုင်မာသော ဈေးကွက်ဖော်ဆောင်နိုင်ကြစေရန်၊ ဈေးကွက်နှင့် ကိုက်ညီသော အရည်အသွေးပြည့် ထုတ်ကုန်များ ပိုမိုတိုးတက်ထုတ်လုပ်နိုင်စေရန် ရည်ရွယ်၍ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မွေးမြူရေးလုပ်ငန်းများကို ကောင်းမွန်သော မွေးမြူရေးကျင့်စဉ်နှင့်အညီ မွေးမြူထုတ်လုပ်မှု အားကောင်းလာစေရေးအတွက် ပုဂ္ဂလိက လုပ်ငန်းရှင်များ၊ မွေးမြူရေးတောင်သူများ၏ လိုအပ်ချက်များ ဖြည့်ဆည်း ကူညီပေးနိုင်ရေး တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ဇုန်(၂)ရှိ မွေးမြူရေးခြံတွင် ငါးပြေမအကောင်ရေ ကိုးသိန်း မွေးမြူထားရှိမှု၊ ရွှေဘဲမွေးမြူရေးခြံ၌ မွေးမြူထားသည့် (ချယ်ရီဘယ်ရီ) အသားတိုးဘဲ အကောင်ရေ တစ်သောင်း မွေးမြူထားရှိမှု၊ နွားမွေးမြူရေးခြံတွင် မွေးမြူထားရှိသည့် နွားသိုး ၁၁ ကောင်နှင့် ဒေသနွား ၅၆ ကောင်၊ ငုံးခြံတွင် ငုံး ၃၀၀၀၀ မွေးမြူထားရှိမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တွံ့တေးမြို့နယ် ဝက်ချောင်းကျေးရွာအုပ်စု ရေဝက်ချောင်းကျေးရွာရှိ ဦးစိုးမြင့်၏ ပုစွန်မွေးကန် ဆောင်ရွက်ထားရှိမှုနှင့် ဦးစိုးမြင့်၏ ပုစွန်သားဖောက်ထုတ်လုပ်နေမှုများကို ကြည့်ရှုစစ်ဆေးရာ ဦးစိုးမြင့်က ငါးကန်ဧရိယာဧက ၂၀၊ ကန်လုံး ရေ ၁၀ လုံးဖြင့် ပုစွန်ယိုးဒယား မျိုးအားဖွဲ့နု၊ ငါးခြောက်၊ ပဲဖတ်၊ နှမ်းဖတ်၊ ပဲမှုန့်၊ ပြောင်းကလော၊ Binder (ကော်)၊ Sodium၊ ငါးဆီတို့ဖြင့် ကိုယ်ပိုင်အစာအဖြစ် ထုတ်လုပ်ကျွေးမွေးနေမှု၊ ပုစွန်သားဖောက်ထုတ်လုပ်ဖြန့်ဖြူးပေးနေမှုများကို ရှင်းလင်းတင်ပြပြီး ပုစွန်သားပေါက်နှင့် ပုစွန်မွေးမြူထားရှိမှုကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒေသခံမွေးမြူရေးတောင်သူများနှင့် တွေ့ဆုံ၍ အကြောင်း အမျိုးမျိုးကြောင့် လျော့နည်းလာသော ငါးသယံဇာတများ ပြန်လည်ဖြည့်တင်းပေးနိုင်ရန်နှင့် အာဟာရပြည့်ဝသော ငါးအသားရိက္ခာကို ပြည်သူများ ဖူလုံစွာ စားသုံးနိုင်ကြစေရန်အတွက် ဖမ်းယူရောင်းချခြင်းထက် မွေးမြူထုတ်လုပ်ရေးကို အလေးထားဆောင်ရွက်ကြရန် လိုကြောင်း၊ ရေရှည်တည်တံ့သော ထုတ်လုပ်မှုဖြစ်စေရေးအတွက် မွေးမြူထုတ်လုပ်မှု တိုးချဲ့ရေး၊ ရေရှည်အတွက် GAqP အပါအဝင် ခေတ်မီနည်းပညာအသုံးပြု ငါး၊ ပုစွန် မွေးမြူထုတ်လုပ်မှု လုပ်ငန်းများ ဖွံ့ဖြိုးလာရန် လိုအပ်ကြောင်း၊ ရေရှည် အကျိုးစီးပွားအတွက် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ခြင်း လုပ်ငန်းများကို ရေလုပ်ငန်းကဏ္ဍတွင် ပါဝင်ပတ်သက်သူအားလုံးတို့က စနစ်တကျ လိုက်နာဆောင်ရွက်ကြရန် လိုအပ်ကြောင်း ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဆိပ်ဖြူမြို့နယ်၌ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကာလ မဲရုံများမီးဘေးလုံခြုံရေး ကွင်းဆင်းဆောင်ရွက်



ဆိပ်ဖြူ နိုဝင်ဘာ ၂၄

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်၌ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကာလ မဲရုံများ မီးလောင်မှု၊ မီးလန့်မှုမဖြစ်ပွားစေရန်အတွက် မီးဘေးလုံခြုံရေးကို ယမန်နေ့က ကွင်းဆင်းဆောင်ရွက်သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဆိပ်ဖြူမြို့နယ် မီးသတ် ဦးစီးမှူး ဦးအေးမင်းမောင် ဦးဆောင်ကြီးကြပ်မှုဖြင့် သန္ဒေမီးသတ်တပ်ဖွဲ့ဝင်များက ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကာလ မဲရုံများ မီးလောင်မှု၊ မီးလန့်မှုမဖြစ်စေရန် မြို့နယ်ရွေးကောက်ပွဲကော်မရှင် တာဝန်ရှိသူများ၊ မဲရုံများတွင်တာဝန်ကျဝန်ထမ်းများ၊ မြို့နယ်လျှပ်စစ်ရုံးဝန်ထမ်းများနှင့် လုံခြုံရေးအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်၍ မီးဘေးအသိပညာပေး ဆောင်ရန်၊ ရှောင်ရန်အချက်များ၊ မီးသတ်ဆေးဘူး အသုံးပြုကိုင်တွယ်တတ်စေရေး အသိပညာပေးခြင်းများ ကွင်းဆင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ကိုမိုး**

**သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့**

# နမ့်စန်မြို့နယ် နမ့်မော်ခေါက်ဆင့်ကျေးရွာ၌ မိုးစပါးစံကွက်ရိတ်သိမ်း

နမ့်စန် နိုဝင်ဘာ ၂၄

ရှမ်းပြည်နယ် (တောင်ပိုင်း) နမ့်စန်မြို့နယ်တွင် မိုးစပါးစံကွက်ရိတ်သိမ်းပွဲကို ယနေ့နံနက်ပိုင်းက မက်မွန်မုန်းကျေးရွာအုပ်စု နမ့်မော်ခေါက်ဆင့်ကျေးရွာ ကွင်းအမှတ် (၂၇၁)၊ ဦးပိုင်အမှတ်(၂)ရှိ တောင်သူ ဦးကျော်ကျော်၏ လယ်မြေ ၃ ဒသမ ၃၅ ဧကတွင် ဆောင်ရွက်သည်။



စံကွက်ရိတ်သိမ်းပွဲတွင် နမ့်စန်ခရိုင် လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးသက်နိုင်၊ မြို့နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနေမျိုးထွန်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကိုယ်စားပြုခရိုင်ရုံးမှ ခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးသန့်ဇော်ဦးနှင့် တာဝန်ရှိသူများ၊တောင်သူများ တက်ရောက်ကြည့်ရှုအားပေးသည်။

ထို့နောက် မြို့နယ်ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနနှင့် စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက တောင်သူ ဦးကျော်ကျော်၏ အောင်နိုင်တိုး မိုးစပါးစိုက်ခင်းသုည ဒသမ ၀၁၁ ဧကစံကွက်ကို ကောင်း၊ သင့်၊ ညှိ ရိတ်သိမ်းခြွေလှေ့ခဲ့ရာ တစ်ဧကပျမ်းမျှ အထွက်နှုန်း ၁၀၁ တင်း ထွက်ရှိခဲ့ကြောင်း သိရသည်။

**သူရအောင်(နမ့်စန်)**




## "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ် ထုတ်လွှင့်မည်

နေပြည်တော် နိုဝင်ဘာ ၂၄

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ **"ပြည်သူ့ကြားက ပြည်သူ့စကား"** အစီအစဉ်မှ **"ပြည်သူတွေ မျှော်လင့်တောင့်တတဲ့ စစ်မှန်သော ရွေးကောက်ပွဲပေါ်ပေါက်ရေး"** ခေါင်းစဉ်ဖြင့် နိုဝင်ဘာ ၂၆ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။

အလားတူ လာမည့်အပတ် ဒီဇင်ဘာ ၃ ရက် မွန်းလွဲ၁ နာရီတွင် **"တိုင်းပြည်၏အနာဂတ်ကောင်းကျိုးအတွက် ကြိုးပမ်းထမ်းဆောင်နေကြသော နိုင်ငံ့ဝန်ထမ်းတွေကို ခြိမ်းခြောက် ဖမ်းဆီးသတ်ဖြတ်နေတဲ့ အကြမ်းဖက် PDF "** ခေါင်းစဉ်ဖြင့် ဆက်လက်ဆွေးနွေးတင်ဆက်မည်ဖြစ်ပါသည်။ အထက်ပါအစီအစဉ်အား အပတ်စဉ်ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့တိုင်း နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉ ၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

သတင်းစဉ်

## ၂၀၂၅ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ပိုစတာ၊ ဗီဒီယိုနှင့် ပန်းချီပြိုင်ပွဲများ၌ ဆုရရှိသူများ ထုတ်ပြန်ကြေညာ

နေပြည်တော် နိုဝင်ဘာ ၂၄

၂၀၂၅ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ပိုစတာ၊ ဗီဒီယိုနှင့် ပန်းချီပြိုင်ပွဲများ၌ ဆုရရှိသူများမှာ အောက်ဖော်ပြပါအတိုင်းဖြစ်ပါသည်-

**ပိုစတာပြိုင်ပွဲ**

| အသက် ၁၀ နှစ်မှ ၁၅ နှစ် | | အသက် ၁၆ နှစ်မှ ၂၀ နှစ် | | အသက် ၂၁ နှစ်မှ၂၅ နှစ် | |
|---|---|---|---|---|---|
| ပထမ | မောင်လင်းထွဋ်မောင်<br>၈/မကန(နိုင်)၃၄၁၃၀၇၊<br>မကွေးမြို့၊<br>အဘ-ဦးမောင်မောင်လေး | ပထမ | မောင်ထက်ဝေယံဖြိုး<br>၈/မဘန(နိုင်)၁၉၅၃၈၉၊ မကွေးမြို့<br>အဘ-ဦးမြင့်တင် | ပထမ | မဟန်နီဇော်<br>၈/မကန(နိုင်)၃၂၀၂၂၀၊ မကွေးမြို့၊<br>အဘ-ဦးနိုင်လင်းအောင် |
| ဒုတိယ | မောင်သမိုင်းသစ်<br>Grade 8၊ မကွေးမြို့၊<br>အဘ-ဦးလှမင်းနိုင် | ဒုတိယ | မောင်ငြိမ်းလင်းထွန်း<br>Grade(11)၊ ပွင့်ဖြူမြို့၊<br>အဘ-ဦးအောင်ခိုင်မင်း | ဒုတိယ | မောင်ခန့်ဇင်ဝင်း<br>၉/ဇယသ(နိုင်)၀၁၆၉၈၁၊နေပြည်တော်၊<br>အဘ-ဦးအောင်အောင် |
| တတိယ | မဆုဝေနှင်း<br>Grade 6၊ မကွေးမြို့၊<br>အဘ-ဦးအောင်အောင်ကျော် | တတိယ | မဝင့်ရတီဦး<br>၈/မကန(နိုင်)၃၄၀၁၈၅၊<br>မကွေးမြို့၊ အဘ-ဦးဝင်းမြင့်ဦး | တတိယ | မောင်အောင်ဇေယျာသက်<br>၈/မဘန(နိုင်)၁၅၅၃၂၂၊ မကွေးမြို့၊<br>အဘ-ဦးညွန့်သိန်း |

**ဗီဒီယိုပြိုင်ပွဲ**

| အသက် ၁၀ နှစ်မှ ၁၅နှစ် | | အသက် ၁၆ နှစ်မှ ၂၀ နှစ် | | အသက် ၂၁ နှစ်မှ ၂၅ နှစ် | |
|---|---|---|---|---|---|
| ပထမ | မောင်သင်ဘွဲ့ဆန်း<br>(အဖွဲ့လိုက်)<br>၈/ဂဂန(နိုင်)၁၄၃၂၁၅၊<br>ဂန့်ဂေါမြို့၊<br>အဘ-ဦးသင်တလန်း | ပထမ | မအိမ့်သံသာ(အဖွဲ့လိုက်)<br>၁၂/ဒပန(နိုင်)၀၆၇၇၇၃၊<br>ဒေါပုံမြို့၊<br>အဘ-ဦးရဲလင်း | ပထမ | မောင်ကောင်းခန့်တင်ကျော်<br>၉/မတရ(နိုင်)၂၂၉၁၉၅၊မန္တလေးမြို့၊<br>အဘ-ဦးတင်မောင်ဆွေ |
| ဒုတိယ | မောင်သန့်ဇင်(အဖွဲ့လိုက်)<br>၉/ဇယသ(နိုင်)၀၂၄၂၇၅၊<br>နေပြည်တော်၊<br>အဘ-ဦးတင်မိုးနိုင် | ဒုတိယ | မောင်ထူးခန့်လင်း (အဖွဲ့လိုက်)<br>၉/ဇယသ(နိုင်)၀၂၂၉၅၀၊<br>နေပြည်တော်၊<br>အဘ-ဦးမျိုးမင်းထွန်း | ဒုတိယ | မောင်ပြည့်ငြိမ်းအောင်<br>၈/မကန(နိုင်)၂၅၈၁၆၂၊မန္တလေးမြို့၊<br>အဘ-ဦးကျော်လင်း |
| တတိယ | မထက်မြတ်ဝန်း (အဖွဲ့လိုက်)<br>၉/ဇယသ(နိုင်)၀၂၄၄၈၄၊<br>နေပြည်တော်<br>အဘ-ဦးရဲလင်းထက် | တတိယ | မစုစုစံ(အဖွဲ့လိုက်)<br>၇/ညလပ(နိုင်)၂၄၀၇၀၁၊<br>ညောင်လေးပင်မြို့၊<br>အဘ-ဦးကျော်မိုး | တတိယ | မောင်သူရမျိုးထိန်<br>၁၂/လသန(နိုင်)၀၇၈၃၉၉<br>ရွှေပြည်သာ၊ အဘ-ဦးထိန်စိုး |

**ပန်းချီပြိုင်ပွဲ**

| အသက် ၁၀ နှစ်မှ ၁၅ နှစ် | | အသက် ၁၆ နှစ်မှ ၂၀ နှစ် | | အသက် ၂၁ နှစ်မှ ၂၅ နှစ် | |
|---|---|---|---|---|---|
| ပထမ | မောင်မြတ်ဘုန်းနိုင်<br>၁၂/ကမရ(နိုင်)၀၇၅၂၁၁၊<br>ပြည်မြို့<br>အဘ-ဦးကျော်ဇော်လင်း | ပထမ | မောင်မင်းသုဟန်ကျော်<br>၅/မရန(နိုင်)၃၃၁၆၈၅၊ မုံရွာမြို့<br>အဘ-ဦးခိုင်လင်း | ပထမ | မခင်မျိုးဦး<br>၅/ပလဘ(နိုင်)၁၀၃၂၀၉<br>ပင်လည်ဘူးမြို့၊အဘ-ဦးအောင်ရွှေ |
| ဒုတိယ | မအေးချမ်းမိုမိုအောင်<br>၉/ဇယသ(နိုင်)၀၃၆၂၀၈၊<br>နေပြည်တော်၊<br>အဘ-ဦးအောင်ကျော် | ဒုတိယ | မောင်ရှင်းခန့်လူ<br>၁၂/ဒဂတ(နိုင်)၁၀၈၃၉၇၊<br>တောင်ဒဂုံမြို့နယ်<br>အဘ-ဦးညွန့်ရွှေ | ဒုတိယ | မောင်အောင်စိုးလင်း<br>၉/ကဆန(နိုင်)၂၁၂၈၃၇၊<br>ကျောက်ဆည်မြို့၊အဘ-ဦးဉာဏ်ဝင်း |
| တတိယ | မအိန္ဒြာမင်းသူ<br>၁၂/လမတ(နိုင်)၀၄၁၂၀၄၊<br>လမ်းမတော်မြို့နယ်၊<br>အဘ-ဦးမင်းသူ | တတိယ | မငွေကြယ်စင်ထွန်း<br>၉/ပမန(နိုင်)၃၁၅၀၀၇၊<br>နေပြည်တော်<br>အဘ-ဦးအောင်လင်း | တတိယ | မောင်ခန့်ဝင်းဇော်<br>၅/ကလဝ(နိုင်)၀၅၅၂၇၉၊ ကလေးဝမြို့၊<br>အဘ-ဦးဝင်းနိုင်ဦး |



## အုတ်တွင်းမြို့နယ်၌ ဒသမအကြိမ် မဟာထေရပူဇာနှင့် ဩဝါဒခံယူပွဲ ကျင်းပ

အုတ်တွင်း နိုဝင်ဘာ ၂၄

ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ်၌ မြို့နယ်သံဃာ့ဝန်ဆောင်ဆရာတော်များ ဦးဆောင်ကျင်းပသော ဒသမအကြိမ် မဟာထေရပူဇာနှင့် ဩဝါဒခံယူပွဲအခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက ဇောဓိကုန်းကျောင်းတိုက် မင်္ဂလာဓမ္မဗိမာန်တော်အတွင်း၌ ကျင်းပသည်။

ဦးစွာ အုတ်တွင်းတပ်နယ်မှ တပ်နယ်မှူး ဗိုလ်မှူးချုပ် ဆန်းညွန့်လှိုင်က မင်္ဂလာဓမ္မဗိမာန်တော်ကြီးအတွင်းသို့ ဘုရားပင့်ဆောင်ပြီး ဆရာတော် ဘဒ္ဒန္တဝိလာသဂ္ဂထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ယင်းနောက် မြို့နယ်အတွင်းရှိ သက်တော်ရှည်ဆရာတော်ကြီး ၁၇ ပါးနှင့် သံဃာတော်အပါး ၂၀၀ တို့အား အလှူရှင်များက လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

ခင်ခင်မာ(ပြန်/ဆက်)



ရောဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ် ဒေါင့်ကြီးဈေးအတွင်း မီးဘေးလုံခြုံရေးအတွက် မြို့နယ်ဒုတိယမီးသတ်ဦးစီးမှူး ဦးချစ်လွင်ထွေး ဦးဆောင်ကာ သန္ဓေ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်းအဖွဲ့ နိုဝင်ဘာ ၂၄ရက်နံနက်ပိုင်းက အသိပညာပေး၊ စစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်စဉ်။ မိုးဟိန်းထက်



ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် ရတနာသိင်္ဂီဈေးအတွင်း မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမိုးသူ၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးစည်သူမျိုး ဦးဆောင်၍ တပ်ဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ နိုဝင်ဘာ ၂၄ ရက်က ဈေးဆိုင်များအား မီးဘေးလုံခြုံရေး စစ်ဆေးစဉ်။ သက်လွင်စိုး(ပြန်/ဆက်)

# တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)မှ တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့ ငပုတောမြို့နယ် ကျုံကူးကျေးရွာနှင့် အနီးပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် နိုဝင်ဘာ ၂၄**

ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့နယ်နှင့် ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့နယ်အတွင်းရှိ ကျေးရွာများနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးရန် အတွက် တပ်မတော်ပင်လယ်သွား ဆေးရုံရေယာဉ်(သံလွင်)ဖြင့် ရောက်ရှိနေသည့် တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများ ပါဝင်သော တပ်မတော်နယ်လှည့် အထူးကုဆေးအဖွဲ့သည် ယနေ့ နံနက်ပိုင်းတွင် ငပုတောမြို့နယ် ကျုံကူးရွာသို့ရောက်ရှိကြရာ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံပြည်သူများက သောင်းသောင်းဖြဖြကြိုဆိုကြသည်။

အဆိုပါ တပ်မတော်နယ်လှည့် အထူးကုဆေးအဖွဲ့မှ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများသည် ငပုတောမြို့နယ် ကျုံကူးကျေးရွာ စိတ္တသုခ ဘုန်းကြီးကျောင်းတွင် အခြေပြု၍ ကျုံကူးကျေးရွာနှင့် ပတ်ဝန်းကျင် ကျေးရွာများမှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆက်လက် ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာရောဂါ ၁၃၇ ဦး၊ ခွဲစိတ်ရောဂါ ၃၇ ဦး၊ သားဖွားမီးယပ်ရောဂါ ၂၃ ဦး၊ ကလေးရောဂါ ၃၂ ဦး၊ အရိုးရောဂါ ၇၉ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၂၄ ဦး၊ မျက်စိရောဂါ ၁၁၉ ဦးနှင့် သွားနှင့်ခံတွင်းရောဂါ ၁၀၇ ဦး စုစုပေါင်း ဒေသခံပြည်သူ ၅၅၈ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများဆောင်ရွက်ပေးသည်။ ၎င်းတို့အနက် အထွေထွေခွဲစိတ်လူနာ ကိုးဦး၊ မျက်စိခွဲစိတ်လူနာ ခုနစ်ဦး၊ ခတ်မှန်ရိုက်လူနာ လေးဦး၊ အာထရာဆောင်းဖြင့် စမ်းသပ်စစ်ဆေးလူနာ ၈၅ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၅၅ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၂၇ ဦးတို့ကို ရောဂါရှာဖွေ စမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထို့အပြင် ဆေးဝါးလာရောက်ကုသမှုခံယူကြသည့် ဒေသခံပြည်သူများအား တာဝန်ရှိသူများက လိုက်လံကြည့်ရှု အားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။








ထိုသို့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများအပေါ် ဒေသခံပြည်သူများ၏ စကားသံများကိုလည်း ယခုလိုပဲ ကြားသိခဲ့ရပါတယ် -

လည်ပင်းအကျိတ်က ပြည်တည်လို့ အကြောရောင်တာ၊ ဇက်ကြောတက်တာကနေ စဖြစ်တာပါ။ ဒီမတိုင်ခင်မှာ ပြခဲ့တာရှိပါတယ်။ စာမေးပွဲ ဖြေနေသေးလို့ဆိုပြီး မခွဲဖြစ်သေးတာပါ။ ဘယ်လိုပဲ ဖြစ်ဖြစ် အဆင်ပြေတယ်ပေါ့။ ကိုယ့်ဒေသမှာလာပြီး ကုသပေးတဲ့ အခါကျတော့ အစစအရာရာ အဆင်ပြေသွားတာပေါ့။ အခုလို မျိုးလာရောက်ပြီး ကုသပေးတဲ့ အတွက် ဆရာ ဆရာမတွေ အားလုံးကို ကျေးဇူးတင်ပါတယ်။

ကျွန်မရဲ့မေမေက အကြောနဲ့ ပတ်သက်ပြီး လမ်းလျှောက်လို့ လည်းသိပ်မကောင်းလို့ လာပြတာပါ။ အရင်တုန်းကလည်း လာပြဖူးပါတယ်။ အရင်တစ်ခေါက် လာတုန်းကလည်း အဲ့လိုပဲ အကြောနဲ့ပတ်သက်ပြီး ဆေးလာပြတော့ ဆေးထိုးပေးတယ်။ သောက်ဆေးတွေ ဘာတွေပေးတယ်ဆိုတော့ သက်သာတယ်။ အခုကျုံကူး တိုက်နယ်အတွင်းမှာရှိတဲ့ လူတွေ အားလုံးက ဒီနေရာကို လာပြီး ကုသလို့ရတယ်ဆိုတော့ အဆင်ပြေသွားတာပေါ့။ အခုလိုမျိုး ပင်ပင်ပန်းပန်းနဲ့ ဆေးလာရောက် ကုသပေးတဲ့ အတွက်လည်း ကျေးဇူးအများကြီးတင်ပါတယ်။ နောက်နောင်ကိုလည်း အခုထက် ပိုပြီးတော့ လာရောက်ကုသပေး နိုင်ပါစေလို့ ဆုတောင်းပါတယ်။

**သတင်းစဉ်**

# တပ်မတော်မြစ်တွင်းသွား ဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)မှ နယ်လှည့်ဆေးကုသရေးအဖွဲ့ ဝါးခယ်မမြို့နယ် ကနစိုးကုန်းကျေးရွာ၌အခြေပြု၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် နိုဝင်ဘာ ၂၄**

ဧရာဝတီ မြစ်ကြောင်းတစ်လျှောက်ရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန် အတွက် တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ် (ရွှေပုဇွန်)၊ မြစ်ရေယာဉ် (စကု)တို့ဖြင့် ရောက်ရှိနေသည့် တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများပါဝင်သော နယ်လှည့် အထူးကုဆေးအဖွဲ့သည် ယနေ့တွင် ဝါးခယ်မမြို့နယ် ကနစိုးကုန်း ကျေးရွာ ခရစ်ယာန်ဘုရားကျောင်း၌အခြေပြု၍ အဆိုပါကျေးရွာနှင့် အနီးဝန်းကျင် ကျေးရွာများမှ ဒေသခံပြည်သူ ၆၁၅ ဦးအား ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာရောဂါ ၂၆၂ ဦး၊ ခွဲစိတ်ရောဂါ ၃၄ ဦး၊ သားဖွား/မီးယပ်ရောဂါ ၄၃ ဦး၊ ကလေးရောဂါ ၄၉ ဦး၊ အရိုးရောဂါ ၇၀၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၄၆ ဦး၊ မျက်စိရောဂါ ၅၉ ဦးနှင့် သွားနှင့်ခံတွင်းရောဂါ ၅၂ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ၎င်းတို့အနက် အထွေထွေခွဲစိတ်လူနာ ရှစ်ဦး၊ မျက်စိခွဲစိတ်လူနာ ခြောက်ဦး၊ ဓာတ်မှန်ရိုက်လူနာ ၃၇ ဦး၊ အာထရာဆောင်းဖြင့် စမ်းသပ်စစ်ဆေးလူနာ ၅၀၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ရှစ်ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၄၉ ဦးတို့ကို ရောဂါ ရှာဖွေစမ်းသပ်ကုသပေး ခြင်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများအပေါ် ဒေသခံပြည်သူများ၏ စကားသံများကို ယခုလိုပဲကြားသိခဲ့ရပါတယ်–

ညီမနာမည်က မိုးအိဇင်ပါ။ ညီမက ဂေါ်သူတောင်တာကြီးကနေလာတာပါ။ ညီမတူလေးက အဆုတ် လေပြွန်ရောင်တာလို့ ပြောပါတယ်။ အဲဒီရောဂါနဲ့ ဆရာကိုလာပြတာပါ။ ဆရာဝန်က သေချာ ဆန်းစစ်ပေးတယ်။ ကလေးကို ဆေးကောင်းတွေ လည်းပေးလိုက်ပါတယ်။ ကလေးက အဆုတ်လေပြွန်ရောင်တာဖြစ်လို့ သေချာစောင့်ကြည့်သင့်တယ်လို့ပြောပါတယ်။ တကယ်လို့ မသက်သာရင်တော့ ဆေးရုံ ဆေးခန်းသွားဖို့ ညွှန်ကြားပေးတယ်။ ဘယ်ဆေးကို ဘယ်လိုတိုက်ရမယ်ဆိုတာလည်း သေချာ ညွှန်ကြားပေးတယ်။ အခုလိုမျိုး ညီမတို့ကို တကူးတကလာရောက် ကုသပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ အခုလိုမျိုး သူတို့က ညီမတို့ကို စိတ်ထဲမှာ အသိအမှတ်ရှိပြီး လာပြီးကုသပေးတဲ့အတွက် ညီမတို့က တကယ်ကျေးဇူးတင်ပါတယ်လို့ ပြောချင်ပါတယ်။









မျက်စိရောဂါနဲ့ လည်ပင်းရောဂါဖြစ်တာပါ။ လည်ပင်းက အသက်ရှူလို့မဝဘူး။ ကျပ်ပြီးတော့ ဆို့ထားသလိုဖြစ်တယ်။ ဒီဘက်ဘေးနားမှာ ဆို့ထားသလို၊ မျက်စိကျတော့လည်း အာရုံကြောကမကောင်းဘူး။ ကြည့်လို့မကောင်းဘူး။ မျက်စိဝေတယ် အလွန်ဝေတာပဲ။ အခုကတော့ တော်တော် သက်သာသွားပါတယ်။ ဆရာဝန်က ကျွန်မကို ပြောတာ သူက အခုလောလောဆယ်တော့ ခွဲလို့မရသေးဘူးတဲ့။ ခြောက်လပိုင်းကျမှ ခွဲလို့ရမယ်။ နုသေးတယ်လို့ပြောတယ်။ ဆေးပဲတိုက်ပေးတယ်။ ဆေးပဲသောက်ခိုင်းတယ်။ ဒီကိုလာရောက်ပြီးတော့ကုသပေးတဲ့ ဆရာဝန် ဆရာမတွေနဲ့ လာရောက်ဖို့ ညွှန်ကြားပေးတဲ့ နိုင်ငံတော် အကြီးအကဲနဲ့ တာဝန်ရှိသူတွေ အားလုံးကို ကျေးဇူးတင်ပါတယ်။

**သတင်းစဉ်**

## လေဖိအားနည်း ရပ်ဝန်းတစ်ခု ဖြစ်ပေါ်နိုင်

**နေပြည်တော် နိုဝင်ဘာ ၂၄**

ယနေ့မွန်းလွဲ ၃ နာရီခွဲ တိုင်းထွာချက်များအရ အိန္ဒိယနိုင်ငံတောင်ပိုင်းစွန်း ကိုမိုရင်းဒေရိယာနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်း သီရိလင်္ကာနိုင်ငံတို့တွင် နိုဝင်ဘာ ၂၅ ရက်၌ လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နိုင်သည်ဟု ခန့်မှန်းရသည်။

**မိုး/ဇလ**

# မျိုးဆက်သစ်ဝံသာနုပါတီက
# ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် နိုဝင်ဘာ ၂၄

**မျိုးဆက်သစ်ဝံသာနုပါတီ ဒုတိယဥက္ကဋ္ဌ ဦးအေးလွင်က ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို နိုဝင်ဘာ ၂၄ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။**

အဆိုပါဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-



ချစ်ခင်လေးစားအပ်ပါသော မြန်မာနိုင်ငံ၏ မဲဆန္ဒရှင် မိဘပြည်သူများ ခင်ဗျား

ကျွန်တော်ကတော့ မျိုးဆက်သစ်ဝံသာနုပါတီရဲ့ ဒုတိယဥက္ကဋ္ဌ ဦးအေးလွင်ဖြစ်ပါတယ်။ ကျွန်တော်တို့ မျိုးဆက်သစ်ဝံသာနုပါတီရဲ့ မှတ်ပုံတင်အမှတ်ကတော့ (၆၁)ဖြစ်ပြီး နိုင်ငံတော်ရဲ့လိုအပ်ချက်အရ မျိုးဆက်သစ်လူငယ်များ အမျိုးသားနိုင်ငံရေးကို စိတ်ပါဝင်စားလာအောင် ပြုစုပျိုးထောင်ပေးပြီး လွှတ်တော်အတွင်းသို့ မျိုးဆက်သစ်လူငယ်များ အတွေးသစ် အမြင်သစ်များဖြင့် ရောက်ရှိလာစေရန် ရည်ရွယ်ပြီး ပါတီကိုတည်ထောင်ခဲ့ခြင်း ဖြစ်ပါတယ်။

ကျွန်တော်တို့ မျိုးဆက်သစ်ဝံသာနုပါတီရဲ့ အလံတော်ဟာ အောက်ခံအဝါရောင်ပေါ်တွင် လက်ယာဘက်ထိပ်၌ ကြယ်ဖြူတစ်လုံးနှင့် ကြန်အင်လက္ခဏာပြည့်စုံသော စွယ်စုံဆင်နှင့် ဆင်ပေါ်တွင် ဆင်ဦးစီးလူငယ်တစ်ဦးအား ထားရှိပါတယ်။ အောက်ခံအဝါရောင်ရဲ့ အဓိပ္ပာယ်ကတော့ ညီညွတ်မှု၊ စည်းလုံးမှု၊ သဟဇာတနှင့် ဂုဏ်သိက္ခာတည်ငြိမ်ခန့်ညားမှုအာဏာတို့ကို ရည်ညွှန်းပါတယ်။ ကြယ်ဖြူရဲ့ အဓိပ္ပာယ်ကတော့ ထာဝရတည်တံ့ခိုင်မြဲမှု၊ စည်းလုံးညီညွတ်မှုနှင့် သန့်ရှင်းဖြူစင်ပြီး ကိုယ်ပိုင်အလင်းရောင်ရှိခြင်းတို့ကို ဖော်ဆောင်ပါတယ်။ စွယ်စုံဆင်ရဲ့အဓိပ္ပာယ်ကတော့ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲမှုနှင့် စစ်အောင်နိုင်ခြင်းတို့ကို ရည်ရွယ်ပါတယ်။ ဆင်ဦးစီးလူငယ်ကတော့ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကြီးတည်ဆောက်ရာတွင် မျိုးဆက်သစ်တို့၏ အားမာန်အပြည့်ဖြင့် ထိန်းသိမ်းစောင့်ရှောက်သွားမည့် ပွဲကိုင်ရှင်မျိုးဆက်သစ်လူငယ်များကို ရည်ညွှန်းဖော်ကျူးထားခြင်း ဖြစ်ပါတယ်။

ကျွန်တော်တို့ မျိုးဆက်သစ်ဝံသာနုပါတီရဲ့ အဓိကရည်ရွယ်ချက်ကတော့ ထာဝရငြိမ်းချမ်းပြီး လက်နက်ကိုင်ပဋိပက္ခတွေချုပ်ငြိမ်းကာ တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို အလေးထားဆောင်ရွက်ပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ကမ္ဘာ့အဆင့်မီ နိုင်ငံတော်သစ်ကြီးကို တည်ဆောက်သွားဖို့ဖြစ်ပါတယ်။ လက်ရှိဖြစ်ပေါ်နေသော ကမ္ဘာ့နိုင်ငံရေး၊ မြန်မာ့နိုင်ငံရေးအခင်းအကျင်းအရ ဟိုလူမကောင်းဘူး၊ ဒီလူမကောင်းဘူးဟု အပြစ်ပြောနေရမယ့်အချိန် မဟုတ်တော့ပါဘူး။ ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုး၊ ကိုယ့်ဒေသ ကောင်းစားဖို့အတွက် အမှန်တကယ် မျိုးချစ်စိတ်၊ ပရဟိတစိတ်၊ ဝံသာနုစိတ်ဓာတ်အပြည့်အဝရှိတဲ့ မျိုးဆက်သစ်လူငယ်များအားလုံးဟာ မျက်စိကိုဖွင့်၊ နားကိုစွင့်ပြီး ကမ္ဘာ့အဆင့်မီ ရင်ပေါင်တန်းနိုင်ဖို့အတွက် ကြိုးစားရုန်းကန်ရမယ့်အချိန်ကို ရောက်ရှိနေပါပြီ။ ဒါကြောင့် ဒီမိုကရေစီရဲ့အသက်ဟာ ရွေးကောက်ပွဲပါပဲ။ နိုင်ငံတော်၏ ကံကြမ္မာအပြောင်းအလဲကိုလည်း ဒီရွေးကောက်ပွဲက မဲဆန္ဒရှင်များ၏ ဆန္ဒမဲများဖြင့် ဆုံးဖြတ်ပေးမှာဖြစ်ပါတယ်။ ခေတ်မီဖွံ့ဖြိုးတိုးတက်သော ပါတီစုံဒီမိုကရေစီနိုင်ငံတော်ကြီး တည်ဆောက်ရန်အတွက် မိဘပြည်သူများအနေဖြင့် ကျွန်တော့်ပါတီကို မဲပေးဖို့ဆိုခြင်းထက် ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုး၊ ကိုယ့်ဒေသကောင်းစားရေးအတွက် အမှန်တကယ် လိုအပ်နေသည့် ပရဟိတစိတ်၊ ဝံသာနုစိတ်ဖြင့် ရှေ့ဆောင်ဦးရွက် လုပ်ဆောင်မည့် မည်သည့်ပုဂ္ဂိုလ်မျိုးကိုမဆို ရွေးချယ်တင်မြှောက်ပေးဖို့ တိုက်တွန်းပြောကြားလိုပါတယ်။ ယခုအချိန်မှစပြီး ကျွန်တော်တို့ မျိုးဆက်သစ်ဝံသာနုပါတီရဲ့ ကိုယ်စားလှယ်များဟာ လူငယ်များပီပီ စိတ်သစ်၊ လူသစ်၊ အတွေးသစ်၊ အမြင်သစ်တို့ဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ပါတီစုံဒီမိုကရေစီအစိုးရတစ်ရပ် ပေါ်ပေါက်လာအောင် ကြိုးစားသွားကြမှာဖြစ်ပါတယ်။ ပါတီစွဲ၊ ပုဂ္ဂိုလ်စွဲကင်းရှင်းသော နိုင်ငံ့ဝန်ထမ်းများဖြင့်သာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဦးဆောင်နိုင်စေရန် ထိန်းကျောင်းသွားပြီး ကျွန်တော်တို့ရဲ့ ရွေးကောက်ပွဲဝင်ရောက်မည့်ကိုယ်စားလှယ်များဟာ ပရဟိတစိတ်အပြည့်ဖြင့် ပြည်သူလူထုရဲ့ လိုအပ်ချက်များကို လွှတ်တော်အတွင်းသာမက လွှတ်တော်ပြင်ပမှာပါ ဥပဒေနှင့်အညီ လိုက်ပါဆောင်ရွက်သွားမယ့်သူများ ဖြစ်ပါတယ်။

ဝံသာနုရက္ခိတတရားများဖြင့် ပြည့်စုံပြီး အခြေခံဥပဒေနှင့်ကိုက်ညီသည့် ပါတီစုံဒီမိုကရေစီစနစ်ဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးပေါ်ထွန်းလာရေး ကြိုးပမ်းဆောင်ရွက်သွားပါမယ်။ ကမ္ဘာ့နိုင်ငံများ၊ အာဆီယံနိုင်ငံများကိုအခြေခံပြီး နိုင်ငံတကာမိတ်ဖက်အသိုက်အဝန်းတည်ဆောက်နိုင်ရေး ဘက်မလိုက်နိုင်ငံခြားရေးမူဝါဒနှင့်အညီ ကြိုးပမ်းတည်ဆောက်သွားပါမယ်။ ပြည်ထောင်စုတစ်ဝန်းလုံးရှိ နယ်မြေများထာဝရတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လမ်းပန်းဆက်သွယ်မှု လုံခြုံအေးချမ်းရေးတို့ကို အထူးအလေးထား တိုးမြှင့်ဆောင်ရွက်သွားပါမယ်။

နိုင်ငံတော်၏ လယ်ယာစိုက်ပျိုးရေးကဏ္ဍကိုလည်း အဆင့်မြှင့်တင်ပြီး အသေးစား၊ အလတ်စား၊ အကြီးစား စက်မှုလုပ်ငန်းများကို နိုင်ငံတကာအဆင့်မီဖွံ့ဖြိုးတိုးတက်စေပြီး ကုန်ထုတ်လုပ်ငန်းများ တိုးတက်စေရေးဆောင်ရွက်သွားပါမည်။ နိုင်ငံ့စီးပွားဖွံ့ဖြိုးရေး (Global Economy) အခြေအနေနှင့်ကိုက်ညီသည့် ရင်းနှီးမြှုပ်နှံမှု သယံဇာတများကို စနစ်တကျ ထုတ်လုပ်သုံးစွဲမှု၊ ပြည်တွင်း ပြည်ပအလုပ်အကိုင်အခွင့်အလမ်းများကို တိုးတက်အောင် ဆောင်ရွက်သွားပါမယ်။ နိုင်ငံတော်သာယာဝပြောရေး၊ တိုင်းရင်းသားအားလုံး တစ်ပြေးညီဖွံ့ဖြိုးတိုးတက်ရေး၊ စားနပ်ရိက္ခာဖူလုံပြည့်ဝစေရေး၊ သင့်တင့်သော ကုန်ဈေးနှုန်းများ တည်ငြိမ်ရေးအတွက် ကြိုးစားဆောင်ရွက်သွားမှာဖြစ်ပါတယ်။

နိုင်ငံတော်အတွင်းရှိ တိုင်းရင်းသားအားလုံး(အခမဲ့)ပညာသင်ကြားရေး၊ အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရေး၊ စစ်မှန်သော ပရဟိတလုပ်ငန်းများတိုးတက်ရေး၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းစဉ်များကို ဦးဆောင်ကြိုးစားဆောင်ရွက်သွားပါမယ်။ ခေတ်မီဖွံ့ဖြိုးတိုးတက်သော ပါတီစုံဒီမိုကရေစီနိုင်ငံတည်ဆောက်ရေးအတွက် မျိုးဆက်သစ်လူငယ်များအား အခြေခံပညာ၊ တက္ကသိုလ်အဆင့်မြင့်ပညာများသာမက အာကာသသိပ္ပံပညာ၊ နျူကလီးယားသိပ္ပံပညာ၊ နာနိုအီလက်ထရောနစ် နည်းပညာများ လေ့လာသင်ယူစေပြီး နိုင်ငံ၏လူသားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

ကျွန်တော်တို့ မျိုးဆက်သစ်ဝံသာနုပါတီကတော့ ယခုအကြိမ်မှာ မန္တလေးတိုင်းဒေသကြီးအတွင်းမှာသာ ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်မှာဖြစ်ပါတယ်။ ပါဝင်ယှဉ်ပြိုင်မည့် ကိုယ်စားလှယ်လောင်းများသည် မျိုးဆက်သစ်လူငယ်အများစုဖြစ်ပြီး အမျိုး၊ ဘာသာ၊ သာသနာကို လေးစားတန်ဖိုးထားတတ်သူများ၊ အနာဂတ်ကို ဦးဆောင်နိုင်အောင် လေ့ကျင့်ပျိုးထောင်ထားသည့် လူငယ်များကိုသာ လွှတ်တော်အတွင်းသို့ရောက်ရှိအောင်တင်သွင်းထားပါတယ်။




လေးစားအပ်တဲ့ မဲဆန္ဒရှင်မိဘပြည်သူများခင်ဗျား၊ ကျွန်တော်တို့ မျိုးဆက်သစ်ဝံသာနုပါတီ သို့မဟုတ် ရတနာဖြစ်တဲ့ ဆင်ပါတီဟာ မိဘပြည်သူများရဲ့ ဆန္ဒအမှန်ဖြစ်တဲ့ ထာဝရငြိမ်းချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းနှင့် ပရဟိတလုပ်ငန်းစဉ်များမှာ တက်ကြွစွာပါဝင်ဆောင်ရွက်သွားပါမယ်လို့ ကတိပေးပါတယ်။

မန္တလေးတိုင်းဒေသကြီးရဲ့ စက်မှုလက်မှုကဏ္ဍများကိုလည်း ပိုမိုခေတ်မီဖွံ့ဖြိုးတိုးတက်လာအောင် လယ်သမား၊ အလုပ်သမားတို့ရဲ့ အကျိုးခံစားခွင့်များပိုမိုရရှိလာအောင်၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးကအစ ဘက်ပေါင်းစုံဖွံ့ဖြိုးတိုးတက်အောင် ဦးစီးဆောင်ရွက်သွားပါမယ်။

အချုပ်အားဖြင့်ဆိုသော် ကျွန်တော်တို့ မျိုးဆက်သစ်ဝံသာနုပါတီဟာ မျိုးဆက်သစ်တို့ရဲ့ အားမာန်အပြည့်ဖြင့် ဌာနစုံဘက်ပေါင်းစုံနှင့် အဂတိတရားကင်းရှင်းပြီး စစ်မှန်သော ဝံသာနုစိတ်ဖြင့် ကမ္ဘာ့အဆင့်မီနိုင်ငံတော်ကြီးကို တည်ဆောက်လိုပါသဖြင့် မျိုးဆက်သစ်ဝံသာနုပါတီ (ဆင်ပါတီ)ကို မဲပေးကြဖို့ မေတ္တာရပ်ခံနိုဂုံးချုပ်ပါတယ်ခင်ဗျား .. အားလုံးကို ကျေးဇူးတင်ပါတယ် ခင်ဗျာ။

### ပါတီ၏ သီချင်းစာသား

A. (ပြည်ထောင်စုထဲက သွေးချင်းတို့ရေ ပြည်ထောင်စု ချစ်တဲ့စိတ်တွေ မွေးမြူစို့လေ)၂ သွေးချင်းခိုင်မာ အားသစ်ကိုမွေး ဒို့နိုင်ငံကောင်းစားရေးအတွက် တစ်စိတ်တစ်ဝမ်းညီအောင် ဖော်ဆောင်ကြိုးစား အစိုးရတစ်ရပ် အမှန်လိုအပ်နေ ...... အရွေးမမှားဖို့လိုပြီလေ ကိုယ့်ကံကြမ္မာ ကိုယ်ဖန်တီးဖို့ အသည်းကြားက မဲတစ်ပြားက ပဓာနကျတယ်လေ..

B. (လာလာလေမဲပေးရအောင် မဲရုံသွားစို့ ခလုတ်တစ်ချက် အစဉ်တစ်သက်နောင်တမရပေါင် ရှေ့ဆောင်ကောင်းမို့)၂ မျိုးဆက်သစ်တို့ တိုးတက်ရစ်ဖို့ ဘယ်ပါတီလဲမေးရင် ပရဟိတမျိုးဆက်သစ် ဝံသာနုပါတီ... ဆင်ပါတီကို မဲပေးကြပါစို့......

C. (သီလ သိက္ခာ သမာဓိ ပညာ လေးဝ ဖြဟ္မစိုရ်ဦးထိပ်တည်လို့သာ )၂ စွမ်းဆောင်ကြိုးပမ်း အဓိမှတ်စရာ ဓမ္မိကလာဒ်ဒါ အမျိုးဘာသာ သာသနာရေးနဲ့ ပြည်သူအကျိုးအတွက် ဦးဆောင်ပါဝင်ကာ ကမ္ဘာ့အလယ်မှာ တင့်တယ်စရာ မူအချက်နဲ့ မျိုးဆက်သစ်ဝံသာနုပါတီပါ..

### မျိုးဆက်သစ်ဝံသာနုပါတီ

* နိုင်ငံတော်ကို ချစ်မြတ်နိုးသော အားမာန်အသစ်တွေ ဉာဏ်ပညာနဲ့ ထက်ထက်မြက်မြက် စွမ်းဆောင်မှုတွေ လူငယ်လူရွယ်များရဲ့ လက်ထက်တို့ရဲ့တိုင်းပြည် စိန်ရောင် ရွှေရောင်ထွန်းလင်းတောက်ပတိုင်းပြည်အနာဂတ်တွေ...

* မျိုးဆက်သစ် ဝံသာနုပါတီ မျိုးချစ်စိတ်နဲ့ တိုင်းပြည်တည်ဆောက်မည် မျိုးဆက်သစ် ဝံသာနုပါတီ အများကောင်းကျိုးအတွက် တာဝန်ထမ်းဆောင်မည် …………

* ဒီမိုကရေစီခေတ်သစ်စနစ်နဲ့ တိုးတက်ခြင်းတွေ ပြည်သူတွေရဲ့ ဘက်ကရပ်လို့ အမြဲအတူရှိနေ ကမ္ဘာကိုရင်ပေါင်တန်းဖို့ ကြိုးစားစိတ်ဓာတ်မြင့်မားစေ ….. ရွှေနိုင်ငံ တည်ဆောက်ဖို့ ရဲရင့် အတွေးအမြင်အသစ်တွေ ………

---

### ❂ အာဆင်နယ်အသင်းမှ

လက်ရှိမှာ အက်ဗီအနေနဲ့ အာဆင်နယ်အသင်းနဲ့ အတူ ယခုဘောလုံးရာသီ ၁၅ ပွဲပါဝင်ကစားခဲ့ရာမှာ သွင်းဂိုး ငါးဂိုးနဲ့ ဂိုးဖန်တီးမှု သုံးကြိမ် ပြုလုပ်ထားနိုင်ခဲ့တာဖြစ်ပါတယ်။

အာဆင်နယ်အသင်းဟာ ပြီးခဲ့တဲ့ဘောလုံးရာသီတွေမှာ ပရီမီယာလိဂ်အမှတ်ပေးဇယား ဒုတိယနေရာနဲ့ သုံးကြိမ်အထိ ရပ်တည်ခဲ့ရတာဖြစ်ပြီး ၂၀၀၄ ခုနှစ်နောက်ပိုင်း ပရီမီယာလိဂ်ဖလားကို ပထမဆုံးအကြိမ် ဆွတ်ခူးနိုင်ရေး ပစ်မှတ်ထားနေတာဖြစ်ပါတယ်။

စပါးအသင်းကို အနိုင်ရရှိခဲ့တာကြောင့် အာဆင်နယ်အသင်းဟာ ပရီမီယာလိဂ်ပွဲစဉ်(၁၂) အပြီးမှာ ကိုးပွဲနိုင်၊ နှစ်ပွဲသရေ၊ တစ်ပွဲရှုံး ရမှတ် ၂၉ မှတ်နဲ့ အမှတ်ပေးဇယား ဒုတိယနေရာက ချယ်လ်ဆီးအသင်းကို ခြောက်မှတ် ဖြတ်ထားနိုင်ခဲ့တာဖြစ်ပါတယ်။

အခုပွဲစဉ်မှာ နိုင်ပွဲရရှိရေးအတွက် နောက်တန်းခံစစ်ကို ကစားသမားငါးဦးအထိ အသုံးပြုခဲ့တဲ့ စပါးအသင်းနည်းပြ သောမက်ဖရန့်ရဲ့ နည်းဗျူဟာလည်း ထင်တိုင်းမဖြစ်ခဲ့ဘဲ ရှုံးပွဲကြုံခဲ့ရတာကြောင့် စပါးအသင်းအနေနဲ့ ပွဲစဉ်(၁၂)အပြီးမှာ အမှတ်ပေးဇယား အဆင့်(၉)နေရာမှာ ရပ်တည်နေတာဖြစ်ပါတယ်။

**ငွေကြယ်**

# ကျိုက်ထိုမြို့နယ်၌ MEVM မဲပေးစက်အသုံးပြုခြင်းဆိုင်ရာ နည်းပညာအထောက်အကူပြုသင်တန်းဖွင့်



**ကျိုက်ထို နိုဝင်ဘာ ၂၄**

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်တွင် MEVM မဲပေးစက်အသုံးပြုခြင်းဆိုင်ရာ နည်းပညာအထောက်အကူပြုသင်တန်း ဖွင့်ပွဲကို နိုဝင်ဘာ ၂၃ ရက် နံနက်ပိုင်းက အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း ရာပြည့်ခန်းမ၌ ကျင်းပသည်။

**ရှင်းလင်းပြောကြား**

ဦးစွာ သထုံခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး ခရိုင်ရွေးကောက်ပွဲအရာရှိ ဦးသက်နိုင်ဦးက အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး မြို့နယ်ရွေးကောက်ပွဲအရာရှိ ဒေါ်နန္ဒာရည်ကျော်က MEVM မဲပေးစက် အသုံးပြုခြင်းဆိုင်ရာ နည်းပညာနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ကျိုက်ထိုခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကံစောလှိုင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးတင့်လွင်နှင့် အဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက MEVM မဲပေးစက် အသုံးပြုရန် လက်တွေ့သင်ကြားမှုအား လိုက်လံကြည့်ရှုကြသည်။

အဆိုပါသင်တန်းတွင် နည်းပြဆရာခြောက်ဦးတို့က သင်တန်းသား သင်တန်းသူ ၅၁ ဦးတို့အား စာတွေ့လက်တွေ့ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**ပြည့်ဖြိုး(ပြန်/ဆက်)**

# ဘီးလင်းမြို့နယ်၌ ဒုတိယအကြိမ် မဲဆန္ဒရှင်စာရင်းများ ကပ်ထားကြေညာ



**ဘီးလင်း နိုဝင်ဘာ ၂၄**

မွန်ပြည်နယ် ဘီးလင်းမြို့နယ်၌ ဒုတိယအကြိမ် မဲဆန္ဒရှင်စာရင်းများကို ယမန်နေ့ကစတင်၍ သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာများ၌ ကပ်ထားကြေညာလျက်ရှိရာ ပြည်သူများ လာရောက်ကြည့်ရှုကြသည်။

ဘီးလင်းမြို့နယ်တွင် ရပ်ကွက်ငါးခုနှင့် ကျေးရွာအုပ်စု ၂၃ စုတို့တွင် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ၌ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ စုစုပေါင်း ၁၄၁၆၁၄ ဦးရှိကြောင်း မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# မြိတ်မြို့နယ်၌ မိုးစပါးရိတ်သိမ်းနေမှု ကွင်းဆင်းကြည့်ရှု



**မြိတ် နိုဝင်ဘာ ၂၄**

မြိတ်မြို့နယ် ကဘင်းကျေးရွာရှိ မြစိမ်းရောင်(သမဝါယမကဏ္ဍ) နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် ဆောင်ရွက်သော ဆင်းသုခလယ်ယာကုန်ထုတ် ဝန်ဆောင်မှု သမဝါယမအသင်းက အသင်းသားတောင်သူ ၂၁ ဦး၏ မိုးစပါးစိုက်ခင်း ဧက ၂၆၀ ၌ မှော်ဘီ၊ GW-11 မျိုးစပါးများ စိုက်ပျိုးခဲ့ကြသည့် မိုးစပါးစိုက်ဧကများ ရိတ်သိမ်းခြွေလှေ့နေမှုကို မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်စမ်းစမ်းမိုးနှင့် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုခဲ့ရာ ယခင်နှစ်ကထက် စပါးအထွက်နှုန်း ပိုမိုထွက်ရှိခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရေတာရှည်မြို့နယ်၌ ကျောင်းတွင်းအာဟာရကျွေးမွေး

**ရေတာရှည် နိုဝင်ဘာ ၂၄**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်အတွင်းရှိ ကျောင်းသားကျောင်းသူများ ကျန်းမာကြံ့ခိုင်ပြီး ပညာရည်မြင့်မားစေရန် ရည်ရွယ်၍ မြို့နယ်ကျန်းမာရေးဦးစီးဌာနနှင့်ပညာရေးဌာနတို့ ပူးပေါင်းပြီး ယနေ့နံနက်ပိုင်းက အထက(ခွဲ)မြောက်နန်ချွန်၊ အမှတ် (၃)ရပ်ကွက်ကျောင်းနှင့်အမှတ်(၄)ရပ်ကွက်ကျောင်းများ အာဟာရကျွေးမွေးခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှုများ ပြုလုပ်သည်။



ထိုသို့ အာဟာရကျွေးမွေးရာတွင် KG ကျောင်းသား ကျောင်းသူများအား ထမင်း/ ကစီဓာတ်၊ အသားဓာတ်၊ ဘဲဥ၊ ကြက်ဥ၊ ပဲ၊ ငှက်ပျောသီး အာဟာရဓာတ် မျှတစုံလင်စွာပါရှိသည့် နေ့လယ်စာဖြင့် ကျွေးမွေးသည်။

ဆက်လက်ပြီး မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့တို့က မုန့်အာဟာရ လက်ဆောင်များနှင့် မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနက သွားတိုက်ဆေးနှင့် သွားတိုက်တံများ ပေးအပ်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# ပင်လောင်းနှင့် မိုးကောင်းမြို့နယ်တို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် နိုဝင်ဘာ ၂၄**

နိုဝင်ဘာ ၁၇ ရက် မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်တွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ ပင်လောင်းမြို့နယ် လိန်းလီကျေးရွာအနီး၌ နောင်ချိုမြို့နယ် နောင်အောကျေးရွာနေ ခန့်ဝင်းဇော်(၂၂)နှစ် မောင်းနှင်ပြီး မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ်နေ မျိုးမင်းထွန်း(၃၁)နှစ် လိုက်ပါလာသည့် Foton အမျိုးအစား ခြောက်ဘီးယာဉ်အား ရပ်တန့်စစ်ဆေးရာဖွေခဲ့ရာ ယာဉ်ပေါ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၈၁၀၀၀၀ (တစ်ပြားလျှင်ငွေကျပ် ၅၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ်သိန်း ၄၀၅၀) ဖမ်းဆီးရမိပြီး ကွင်းဆက်အရ နိုဝင်ဘာ ၁၈ ရက် နံနက် ၈ နာရီခွဲတွင် သိမ်းဆည်းရမိ စိတ်ကြွရူးသွပ်ဆေးပြားများကို သယ်ဆောင်ခိုင်းသူ မဟာအောင်မြေမြို့နယ် စိန်ပန်းရပ်ကွက်နေ ရဲမင်းနိုင်(ခ)ရဲကြီး (၃၃)နှစ်အားလည်းကောင်း။

နိုဝင်ဘာ ၂၀ ရက် မွန်းလွဲ ၁ နာရီတွင် သတင်းအရ မိုးကောင်းမြို့ ကျွန်းတောရပ်ကွက်နေ မညိုမီထွန်း (၅၂)နှစ်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ နေအိမ်အတွင်းမှ ဘိန်းဖြူ ၂ ဒသမ ၉၇ ကီလို (တစ်ကီလိုလျှင် ငွေကျပ်သိန်း ၂၅၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၇၄၂ ဒသမ ၅ သိန်း)နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၃၅၆၄၀၀ (တစ်ပြားလျှင်ငွေကျပ် ၁၅၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၅၃၄၆ သိန်း)တို့ကို ဖမ်းဆီးရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**သတင်းစဉ်**



# မတ္တရာမြို့နယ်၌ တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ်များ၌ တက်ရောက်ကြမည့် ကျောင်းသား ကျောင်းသူများ ကြိုတင်ဆန္ဒမဲပေး


**မတ္တရာ နိုဝင်ဘာ ၂၄**

ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မဲဆန္ဒနယ်ပြင်ပဖြစ်သည့် တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ်များတွင် တက်ရောက်ကြမည့် မတ္တရာမြို့နယ်မှ တက္ကသိုလ်ကျောင်းသား ကျောင်းသူများ ဆန္ဒမဲပေးခွင့်မဆုံးရှုံးစေရေး ကြိုတင်ဆန္ဒမဲပေးခြင်းကို နိုဝင်ဘာ ၂၁ ရက် နံနက် ၈ နာရီမှစ၍ မတ္တရာမြို့ အမှတ်(၅)ရပ်ကွက် အခြေခံပညာ အထက်တန်းကျောင်း(စလွန်ဖြူ)၌ ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ တက္ကသိုလ်ကျောင်းသား ကျောင်းသူများ ကြိုတင်ဆန္ဒမဲပေးရာတွင် ခရိုင်မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဗိုလ်မှူးသန်းဝင်းအောင်၊ ခရိုင်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်အောင်ထွန်း၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးအောင်သိန်းဝင်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အရာရှိ ဒေါ်ဆုမြတ်မွန်ထူး၊ ရပ်ကွက်/ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲများမှ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့က ကြိုတင်ဆန္ဒမဲပေးနိုင်ရေး ပူးပေါင်းဆောင်ရွက်ခဲ့ကြသည်။

မတ္တရာမြို့နယ်တွင် တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ်များတွင် တက်ရောက်ကြမည့် ကျောင်းသား ၃၆ ဦးနှင့် ကျောင်းသူ ၃၁ ဦး စုစုပေါင်း ၆၇ ဦးတို့ ကြိုတင်ဆန္ဒမဲ ပေးခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**




# မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်

**နေပြည်တော် နိုဝင်ဘာ ၂၄**

ယနေ့မွန်းလွဲ ၃ နာရီခွဲ တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော မလက္ကာရေလက်ကြားအနီးတွင် ဖြစ်ပေါ်နေသော အားကောင်းသောလေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ အဆိုပါ အားကောင်းသောလေဖိအားနည်းရပ်ဝန်းသည် အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး ပိုမိုအားကောင်းလာကာ ကပ္ပလီပင်လယ်ပြင်တောင်ပိုင်း၌ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။ အဆိုပါ အားကောင်းသောလေဖိအားနည်းရပ်ဝန်း၏အရှိန်ကြောင့် မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/ မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ကိုးပေမှ ၁၁ ပေခန့်ရှိနိုင်သည်။

**မိုး/ဇလ**

# ၂၀၂၅ ခုနှစ် နိုဝင်ဘာလအတွင်း (၁-၁၁-၂၀၂၅ ရက်နေ့မှ ၁၅-၁၁-၂၀၂၅ ရက်နေ့အထိ) ဝန်းကျင်လေထုအရည်အသွေး လေ့လာဆန်းစစ်ခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

မြန်မာနိုင်ငံတစ်ဝန်းရှိ ဝန်းကျင်လေထုအရည်အသွေးအခြေအနေကို လေ့လာဆန်းစစ်နိုင်ရန်အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် ပြည်ထောင်စုနယ်မြေ/ တိုင်းဒေသကြီး/ ပြည်နယ်များရှိ သတ်မှတ် Sampling Point နေရာများတွင် ဝန်းကျင်လေထု အရည်အသွေးကို Environmental Perimeter Air Station (EPAS) – Haz–Scanner၊ Air Quality Monitoring Station (AQM–65)၊ Scentroid (SL – 50 Scential)၊ Aeroqual (Series – 500 Portable Air Quality Monitor)၊ AQMesh (Dust Analyzer – 1941150)၊ (Gas Analyzer – 1940150)၊ Portable Beta Attenuation Mass Monitor (BAM 1022)၊ Air Quality Monitoring Station (AQMS) နှင့် Continuous Particulate Monitor များအသုံးပြု၍ Particulate Matter 2.5 ($PM_{2.5}$)၊ Particulate Matter 10 ($PM_{10}$)၊ Sulphur Dioxide ($SO_2$) ၊ Nitrogen Dioxide ($NO_2$)၊ Ozone ($O_3$) နှင့် Carbon Monoxide (CO) စသည့် အဓိက Parameter များကို ပုံမှန်တိုင်းတာပြီး လေ့လာဆန်းစစ်လျက်ရှိပါသည်။

<table>
<tr><th rowspan="2">စဉ်</th><th rowspan="2" colspan="2">ပြည်ထောင်စုနယ်မြေ/ တိုင်းဒေသကြီး/ ပြည်နယ်များတွင် တိုင်းတာသည့်နေရာ</th><th colspan="6">တိုင်းတာသည့် Parameter များ</th></tr>
<tr><th>၂.၅ မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှားများ</th><th>၁၀ မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှားများ</th><th>ဆာလဖာဒိုင်အောက်ဆိုက်</th><th>နိုက်ထရိုဂျင်ဒိုင်အောက်ဆိုက်</th><th>အိုဇုန်း</th><th>ကာဗွန်မိုနောက်ဆိုက်</th></tr>
<tr><td rowspan="3">၁</td><td colspan="8">နေပြည်တော်</td></tr>
<tr><td>၁</td><td>ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်</td><td>လက်ခံနိုင်သော</td><td>ကောင်းမွန်</td><td></td><td>ကောင်းမွန်</td><td>–</td><td>ကောင်းမွန်</td></tr>
<tr><td>၂</td><td>ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်</td><td colspan="2">လက်ခံနိုင်သော</td><td colspan="4">ကောင်းမွန်</td></tr>
<tr><td rowspan="3">၂</td><td colspan="8">ရန်ကုန်တိုင်းဒေသကြီး</td></tr>
<tr><td>၁</td><td>ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td>၂</td><td>သာကေတမြို့နယ်၊ ရန်ကုန်မြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td rowspan="9">၃</td><td colspan="8">မန္တလေးတိုင်းဒေသကြီး</td></tr>
<tr><td>၁</td><td>အမရပူရမြို့နယ်၊ မန္တလေးမြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td>၂</td><td>အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td>၃</td><td>ပုသိမ်ကြီးမြို့နယ်၊ မန္တလေးမြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td>၄</td><td>မတ္တရာမြို့နယ်၊ မန္တလေးမြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td>၅</td><td>ညောင်ဦးမြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td>၆</td><td>ကျောက်ဆည်မြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td>၇</td><td>ပြင်ဦးလွင်မြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td>၈</td><td>မိတ္ထီလာမြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td rowspan="3">၄</td><td colspan="8">စစ်ကိုင်းတိုင်းဒေသကြီး</td></tr>
<tr><td>၁</td><td>မုံရွာမြို့</td><td colspan="2">လက်ခံနိုင်သော</td><td colspan="4">ကောင်းမွန်</td></tr>
<tr><td>၂</td><td>စစ်ကိုင်းမြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td rowspan="3">၅</td><td colspan="8">တနင်္သာရီတိုင်းဒေသကြီး</td></tr>
<tr><td>၁</td><td>ထားဝယ်မြို့</td><td>–</td><td colspan="3">ကောင်းမွန်</td><td>–</td><td>ကောင်းမွန်</td></tr>
<tr><td>၂</td><td>ကော့သောင်းမြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td rowspan="2">၆</td><td colspan="8">ပဲခူးတိုင်းဒေသကြီး</td></tr>
<tr><td>၁</td><td>ပဲခူးမြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td rowspan="3">၇</td><td colspan="8">မကွေးတိုင်းဒေသကြီး</td></tr>
<tr><td>၁</td><td>မကွေးမြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td>၂</td><td>သရက်မြို့</td><td>–</td><td>ကောင်းမွန်</td><td>–</td><td>ကောင်းမွန်</td><td>–</td><td>ကောင်းမွန်</td></tr>
<tr><td rowspan="2">၈</td><td colspan="8">ဧရာဝတီတိုင်းဒေသကြီး</td></tr>
<tr><td>၁</td><td>ပုသိမ်မြို့</td><td>–</td><td>–</td><td colspan="4">ကောင်းမွန်</td></tr>
<tr><td rowspan="3">၉</td><td colspan="8">ကရင်ပြည်နယ်</td></tr>
<tr><td>၁</td><td>ဘားအံမြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td>၂</td><td>မြဝတီမြို့</td><td colspan="2">ကောင်းမွန်</td><td colspan="2">ခံနိုင်ရည် နည်းပါးသူများသာ ထိခိုက်နိုင်</td><td colspan="2">ကောင်းမွန်</td></tr>
<tr><td rowspan="4">၁၀</td><td colspan="8">မွန်ပြည်နယ်</td></tr>
<tr><td>၁</td><td>မော်လမြိုင်မြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td>၂</td><td>သထုံမြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td>၃</td><td>ချောင်းဆုံမြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td rowspan="5">၁၁</td><td colspan="8">ရှမ်းပြည်နယ်</td></tr>
<tr><td>၁</td><td>တောင်ကြီးမြို့</td><td>–</td><td>–</td><td colspan="2">ကောင်းမွန်</td><td>–</td><td>–</td></tr>
<tr><td>၂</td><td>ကျိုင်းတုံမြို့</td><td>လက်ခံနိုင်သော</td><td>–</td><td>–</td><td>–</td><td>–</td><td>–</td></tr>
<tr><td>၃</td><td>တာချီလိတ်မြို့</td><td>လက်ခံနိုင်သော</td><td>–</td><td>–</td><td>–</td><td>–</td><td>–</td></tr>
<tr><td>၄</td><td>မိုင်းဆတ်မြို့</td><td>–</td><td>ကောင်းမွန်</td><td>–</td><td>ကောင်းမွန်</td><td>–</td><td>ကောင်းမွန်</td></tr>
</table>

### လေထုအရည်အသွေးညွှန်းကိန်း (Air Quality Index – AQI)

| | |
|---|---|
| 0–50 | လေထုအရည်အသွေးကောင်းမွန်သောအဆင့် |
| 51–100 | လက်ခံနိုင်သော လေထုအရည်အသွေးရှိသည့်အဆင့် |
| 101–150 | ခံနိုင်ရည်နည်းပါးသောသူများအတွက်သာ ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 151–200 | ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 201–300 | ကျန်းမာရေးကို အလွန်ထိခိုက်စေနိုင်သောအဆင့် |
| 301–500 | ကျန်းမာရေးအတွက် ဘေးအန္တရာယ်ရှိသောအဆင့် |

လေထုအပူချိန်၊ လေတိုက်နှုန်း၊ လေတိုက်ခတ်ရာလမ်းကြောင်း၊ စိုထိုင်းမှု၊ မိုးရွာသွန်းမှု အခြေအနေ၊ မော်တော်ယာဉ်အသုံးပြုမှုအခြေအနေ၊ ပူပြင်းခြောက်သွေ့မှုကြောင့် ဖုန်မှုန့်ပျံ့လွင့်မှု၊ စက်ရုံများမှ ထုတ်လွှတ်အခိုးအငွေ့များ ထုတ်လွှတ်မှုအခြေအနေနှင့် ဝန်းကျင်လေထုအရည်အသွေး တိုင်းတာသည့်နေရာ အနီး ဝန်းကျင်အခြေအနေတို့အပေါ်မူတည်၍ တိုင်းတာရရှိသည့် ဝန်းကျင်လေထုအရည်အသွေးရလဒ်များသည် ပြောင်းလဲမှုရှိနိုင်ပါကြောင်း သုံးသပ်ရရှိပါသည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန

ပူနွေးကမ္ဘာ တားဆီးရာ ဖြေရှာတစ်ခု တောပြုစု

# ဒေါပုံမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးလုပ်ငန်း အချိန်အဟုန်မြှင့်ဆောင်ရွက်

ရန်ကုန် နိုဝင်ဘာ ၂၄

ဒေါပုံမြို့နယ်၌ ပြည်သူ့ကျန်းမာရေးဦးစီးဌာနက ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးခြင်းများကို နေ့စဉ် ကျန်းမာရေး ဌာနနှင့် သတ်မှတ်ဆေးထိုးစုရပ် များတွင် ထိုးနှံပေးလျက်ရှိရာ ယနေ့နံနက် ၉ နာရီက ဇေယျာ သီရိရပ်ကွက် ရတနာဈေးတွင် အချိန်အဟုန်မြှင့် တင်ကာ ထိုးနှံပေးခဲ့သည်။



### ကာကွယ်ဆေးထိုးနှံပေး

ထိုသို့ ကာကွယ်ဆေးထိုးနှံပေးရာတွင် ရတနာဈေးရှိ ဈေးသူဈေးသားများအား ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဌာနမှူး ဒေါက်တာ မျိုးမျိုးခိုင်ဦးဆောင်သည့် ကျန်းမာရေးဝန်ထမ်းများက ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး Pfizer JN1 များကို ထိုးနှံပေးခဲ့သည်။

အဆိုပါ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အချိန်အဟုန်မြှင့်ထိုးနှံဆောင်ရွက်ပေးလျက်ရှိရာသို့ ဒေါပုံမြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးထူးထက်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်မေဇင်ဖြိုးနှင့် အဖွဲ့ဝင်များက လာရောက်၍ လိုအပ်သည်များ ပေါင်းစပ် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ချစ်စုဝေ(ပြန်/ဆက်)



ရွှေကျင်မြို့နယ် မြို့မဈေးကြီးအတွင်း မီးဘေးလုံခြုံရေး ဆောင်ရွက်ထားရှိမှုများကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ၊ မြို့နယ်မီးသတ်ဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ်လျှပ်စစ်ရုံးတို့မှ တာဝန်ရှိသူများက နိုဝင်ဘာ ၂၂ ရက် မွန်းလွဲပိုင်းတွင် ကြည့်ရှုစစ်ဆေးစဉ်။ ထွန်းထွန်းဇော်(ပြန်/ဆက်)



# သဃ်န်းကျွန်းမြို့နယ်၌ သမဝါယမအသင်းလီမိတက် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာစည်းဝေး

ရန်ကုန် နိုဝင်ဘာ ၂၄

ရန်ကုန်တိုင်းဒေသကြီး သင်္ဃန်းကျွန်းမြို့နယ် ဘုရင့်နောင်ရောင်းဝယ်ရေး သမဝါယမအသင်းလီမိတက်၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ယမန်နေ့မွန်းတည့် ၁၂ နာရီက အမှတ်(၁၀) ကမာကြည်လမ်း ရန်ကုန်သစ်ရပ်ကွက် အသင်းရုံး၌ ကျင်းပသည်။

### ရှင်းလင်းပြောကြား

ဦးစွာ ဘုရင့်နောင်ရောင်းဝယ်ရေးသမဝါယမအသင်း ဥက္ကဋ္ဌ ဦးကျော်သူက သဘာပတိအဖြစ်ဆောင်ရွက်ကာ အသင်း၏ အခြေအနေများကို ရှင်းလင်းပြောကြားပြီး သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်စိုးက သမဝါယမအသင်း၏ ဥပဒေ၊ နည်းဥပဒေနှင့် သမဝါယမအသင်း ဖွံ့ဖြိုးတိုးတက်စေရန် လုပ်ဆောင်ရမည့်အချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ၂၀၂၄-၂၀၂၅ ခုနှစ် ဒါရိုက်တာအဖွဲ့ အစီရင်ခံစာ၊ အသင်းစာရင်းစစ်အစီရင်ခံစာနှင့် ၂၀၂၄ -၂၀၂၅ ခုနှစ် နှစ်ချုပ်ဘဏ္ဍာရေးရှင်းတမ်းကို ရှင်းလင်း၍ အသင်းသားများက သဘောတူအတည်ပြုကြပြီး အစုအပေါ် အမြတ်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

ဇော်မိုး(သင်္ဃန်းကျွန်း)

○ အာရှဖလားမှ

မြန်မာအသင်း နည်းပြချုပ် ဦးကျော်ဇေယျာသည် ပွဲထွက်လူစာရင်းကို အပြောင်းအလဲအချို့ ပြုလုပ်ခဲ့ပြီး နီပေါအသင်းကို ရင်ဆိုင်ခဲ့သည်။ မြန်မာအသင်းသည် ပွဲအစ ၁၃ မိနစ်မှာပင် အဖွင့်ဂိုးရခဲ့ပြီး တိုက်စစ်မှူး ရဲနိုင်အောင်က အနီးကပ်ပိတ်သွင်းယူခဲ့ခြင်းဖြစ်သည်။ ယင်းနောက်ပိုင်းတွင် ပွဲမှာအပြန်အလှန်ရှိသော်လည်း မြန်မာအသင်းသည် တိုက်စစ်တွင် အချိတ်အဆက်လွဲချော်နေသဖြင့် ဂိုးထပ်ရရန် ရုန်းကန်ခဲ့ရပြီး ဒုတိယပိုင်းမှ ဂိုးထပ်မံရရှိခဲ့သည်။ မြန်မာအသင်းအတွက် နောက်ထပ်အနိုင်ဂိုးများကို ၆၉ မိနစ်တွင် အသင်းခေါင်းဆောင် အောင်သီဟ၊ ၈၁ မိနစ်တွင် မျိုးခန့်ကျော်၊ ၈၃ မိနစ်တွင် ဝင်းမင်းသန့်က သွင်းယူခဲ့ခြင်းဖြစ်သည်။

မြန်မာအသင်းသည် နှစ်ပွဲကစားရာတွင် အာဖဂန်နစ္စတန်အသင်းကို သုံးဂိုး-တစ်ဂိုး၊ နီပေါအသင်းကို လေးဂိုးပြတ်အနိုင်ရရှိကာ ခြောက်မှတ်ရရှိထားသည်။ မြန်မာအသင်းသည် လက်ကျန်ပွဲများအဖြစ် နိုဝင်ဘာ ၂၈ ရက်တွင် အိုမန်အသင်း၊ နိုဝင်ဘာ ၃၀ ရက်တွင် ဆီးရီးယားအသင်းတို့နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

သတင်း - ကိုညီလေး
ဓာတ်ပုံ - စိုးညွန့်သော်

# လသာမြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု အခမ်းအနားကျင်းပ

ရန်ကုန် နိုဝင်ဘာ ၂၄

ရန်ကုန်တိုင်း ဒေသကြီး လသာမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော စာဖတ်ရှိန် မြှင့်တင်ရေး လှုပ်ရှားမှု အခမ်းအနားကို ယနေ့နံနက်ပိုင်းက အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း မြညီလာခန်းမ၌ ကျင်းပသည်။



### အမှာစကားပြောကြား

ဦးစွာ အနောက်ပိုင်းခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်အေးအေးခိုင်နှင့် မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးရန်နိုင်ဝင်းတို့က အမှာစကားများ ပြောကြားသည်။

ဆက်လက်၍ စာရေးဆရာမ ပေါက်ပေါက်က "စာဖတ်ခြင်း၏ အကျိုးကျေးဇူး" ခေါင်းစဉ်ဖြင့် ဟောပြောခဲ့ပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နန်းသဲနုအောင် ဦးဆောင်၍ လူငယ်စကားဝိုင်းကိုကျင်းပရာ ကျောင်းသား ကျောင်းသူများက ခေါင်းစဉ်အသီးသီးဖြင့် ဆွေးနွေးကြသည်။

ထို့နောက် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု ကျပန်းစကားပြောပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲ၊ ပုံပြင်ပြောပြိုင်ပွဲများ၊ ဉာဏ်စမ်းပြိုင်ပွဲများ၊ စကားပုံဆက်ပြိုင်ပွဲ၊ ဂိမ်းကစားနည်းမျိုးစုံ ထည့်သွင်းကျင်းပရာ ဆုရရှိသော ကျောင်းသားကျောင်းသူများအား တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

နေလင်း(ပြန်/ဆက်)

**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊** Mobile SIM Card၊ Mobile Payment Account၊ Bank Account **များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ဌားရမ်းအသုံးပြု စေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

နေရောင်အောက်က
သက်ရှိတွေကို စောင့်ရှောက်ဖို့
အိုဇုန်းလွှာကို ထိန်းသိမ်းစို့

### အများသိစေရန်ကြော်ငြာ

သင်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၉/သုဝဏ္ဏ(ရွှေဝါဆန်) မြေကွက်အမှတ်(၈)၊ မြေကွက်တည်နေရာအမှတ်(၈)၊ တောင်ထိပ်ပန်းလမ်း၊ ၂၉/သုဝဏ္ဏရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်၊ ဦးတင်နွယ်[၁၂/မဂတ(နိုင်)၀၂၂၉၁၄]၊ အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေအား အမည်ပေါက် ဦးတင်နွယ်(ခင်ပွန်း)သည် (၂၇-၃-၂၀၂၅)ရက်နေ့တွင် ကွယ်လွန်သဖြင့် ဒေါ်ကျင်ရွှေ(ခ)ဒေါ်မြင့်ကြည်[၁၂/မဂတ(နိုင်)၀၂၂၉၁၅]မှ တရားဝင်အမွေဆက်ခံပိုင်ဆိုင်ခွင့်ရှိသည့် တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ၎င်းမှလွဲ၍ အခြားသော အမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှမရှိကြောင်း တရားရုံးကျမ်းကျိန်လွှာအမှတ်( ၁၁၅၉/၂၀၂၅ )၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ သေစာရင်း၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ဂရန်မူရင်းတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအပေါ် တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

### "ကြော်ငြာစာ"

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့နယ်သမဝါယမအသင်းစုလီမိတက်ပိုင် မြေကွက်(၂)ကွက်အား အိတ်ပိတ်လေလံဖြင့်ရောင်းချရန်(၂၃-၁၁-၂၀၂၅)ရက်နေ့ပါ မြန်မာ့အလင်းသတင်းစာတွင် ကြော်ငြာခဲ့ရာ အသင်းမှအိတ်ပိတ် လေလံထားခြင်းအား ဆက်လက်ဆောင်ရွက်နိုင်ခြင်း မရှိတော့ပါသဖြင့် အိတ်ပိတ်လေလံခေါ်ယူခြင်းအား ပယ်ဖျက်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**မြို့နယ်သမဝါယမအသင်းစုလီမိတက်**
**တာချီလိတ်မြို့**

### ပြင်ဆင်ဖတ်ရှုပါရန်

၂၃-၁၁-၂၀၂၅ရက်၊ ကြေးမုံသတင်းစာ၊ ကြော်ငြာစာမျက်နှာ(၂၂)ပါ တရားလွှတ်တော်ရှေ့နေ ဒေါ်မဥ္ဇူအေးသိန်း၏ ဦးသန်းဝင်းနှင့် အများသိ ကြော်ငြာတွင် တရားလွှတ်တော်ရှေ့နေ ဒေါ်ရွှေဇင်ဝင်းအစား ဒေါ်ဆွေဇင်ဝင်းဟု ပြင်ဆင်ဖတ်ရှုပါရန်။

## သွေးသည် အသက်

### အိတ်ဖွင့်တင်ဒါ( Open Tender )ခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ်စည်ပင်သာယာရေးဌာန ကွပ်ကဲမှုအောက်ရှိ ကျိုင်းတုံမြို့နယ်စည်ပင်သာယာရေးဌာနမှ ၂၀၂၅-၂၀၂၆ ခုဘဏ္ဍာရေးနှစ်အတွင်း ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ကျိုင်းတုံမြို့၊ အမှတ်(၅)ရပ်ကွက်၊ မြို့ပတ်လမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း၊ (၂၀၄၀ပေ x ၁၆ပေ x ၈လက်မ)အား စံချိန်စံညွှန်း သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်လိုပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်ကုမ္ပဏီများထံမှ(မြန်မာကျပ်ငွေ)ဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။

| | | | |
|---|---|---|---|
| ၂။ | တင်ဒါလျှောက်လွှာ ရောင်းချမည့်နေ့ရက်/အချိန် | - | (၂၄-၁၁-၂၀၂၅)မှ ( ၈-၁၂-၂၀၂၅ ) ရက်နေ့အထိ(ရုံးချိန်အတွင်း) |
| | တင်ဒါတင်သွင်းရမည့် နောက်ဆုံးနေ့ရက်/အချိန် | - | (၈-၁၂-၂၀၂၅)ရက်နေ့ (၁၆:၃၀)နာရီ |
| | တင်ဒါတင်သွင်းရမည့်နေရာ | - | ရှမ်းပြည်နယ်စည်ပင်သာယာရေးဌာန၊ တောင်ကြီးမြို့ ။ |
| | တင်ဒါဖွင့်လှစ်မည့်နေ့ရက် | - | သီးခြားအကြောင်းကြားပါမည်။ |

၃။ တင်ဒါလျှောက်လွှာပုံစံ ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို ရှမ်းပြည်နယ်စည်ပင်သာယာရေးဌာန၊ တောင်ကြီးမြို့၊ ဖုန်း(၀၉-၅၁၁၂၃၄၇)သို့ ရုံးချိန်အတွင်း စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

### အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးအောင်ဇော်ဝင်း[၁၂/မဂတ(နိုင်)၀၇၅၁၅၇]၏ အမည်နှင့် ဂုဏ်သိက္ခာကျဆင်းစေရန် ရည်ရွယ်ချက်ဖြင့် (Face Book, Viber, Telegram)အစရှိသော လူမှုကွန်ရက်တို့ကို အသုံးပြု၍ မမှန်သတင်းလွှင့်ခြင်း၊ ရေးသားဖော်ပြခြင်း၊ မမှန်မကန်တင်ပြ၍ တစ်ဖက်သတ်ဆုံးဖြတ်မှုများ ရယူခြင်းတို့ဖြင့် ကျွန်ုပ်မိတ်ဆွေ၏ စီးပွားရေး၊ လူမှုရေး၊ မိသားစုရေး ပျက်ပြားစေရန် သွေးထိုးခြင်းနှင့် လူမှုစီးပွားရေး အသိုင်းအဝိုင်းတွင် အထင်အမြင်လွဲမှားစေလောက်အောင် ဖန်တီး၍ ပြောဆိုဆောင်ရွက်နေသူ မည်သူကိုမဆို ဥပဒေအရ ထိရောက်စွာ ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်မိုးရွှေ LL.B, LL.M**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၇၉၀၃/၁၁)**
**အမှတ်(၁၀၃)၊ (A/B)ပထမထပ်၊ (၃၆)လမ်း(အောက်)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၀၉၄၄၅၇**

### ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော် ဇမ္ဗူသီရိမြို့၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၄/ရွှေကြာပင်)၊ မြေကွက်အမှတ်၊ ZC-၀၀၇(အေ)(၁၀)၊ ဧရိယာ(၀.၆၄၃)ဧကရှိ ဦးကျော်ကျော်စိုး(ခ)ဦးဇာနည်စိုး အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ် မြေကွက်အား အမည်ပေါက်သူကိုယ်စားအထူးကိုယ်စားလှယ်လွှဲစာရရှိသူ ဦးဌေးလင်း (ဘ)ဦးကံညွန့်[၈/ပခက(နိုင်)၁၅၅၃၁၀]မှ မြေငှားစာချုပ်၊ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၁၃၉၆၈/၂၀၂၂)၊ အထူးကိုယ်စားလှယ်လွှဲစာအား ပြန်လည်ရုပ်သိမ်းထားခြင်းမရှိကြောင်း ကျမ်းကျိန်လွှာ၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများ တင်ပြပြီး ဦးဝင်းနိုင် (ဘ)ဦးလျှိုရီဖျင်း[၉/မရမ(နိုင်)၀၈၀၇၃၉]နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင် ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

### တရားရုံးကိုယ်စားလှယ်လွှဲစာပြန်လည်ရုပ်သိမ်းကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ မြို့သစ် (၁)ရပ်ကွက်၊ ရွှေဝါ (၂) လမ်း၊ အမှတ်(၁၇၄/က)နေ ဒေါ်အမြင့် [၁၂/အစန(နိုင်)၀၃၃၄၄၄] ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း သိစေအပ်သည်မှာ -

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်အမြင့် [၁၂/အစန(နိုင်)၀၃၃၄၄၄] သည် ဒေါ်စိုးစိုးဦး (အဖ) ဦးသန်းကြိုင် [၁၂/အစန (နိုင်) ၀၀၃၂၄၃]ကိုင်ဆောင်သူအား (၂၅-၃-၂၀၂၅) ရက်နေ့တွင် တရားရုံးကိုယ်စားလှယ်လွှဲစာအား နိုတ္တိပဗ္ဗလပ် ဦးထွန်းရှင်ထံတွင် မှတ်ပုံတင်အမှတ် (12319/3/2025) ဖြင့် လွှဲအပ်ထားရှိပါသည်။ ယနေ့(၂၄-၁၁-၂၀၂၅)ရက်နေ့မှစ၍ ဒေါ်စိုးစိုးဦးအား လွှဲအပ်ထားသည့် တရားရုံးကိုယ်စားလှယ်လွှဲစာအား ပြန်လည်ရုပ်သိမ်းကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးအောင်ဇော်မိုး (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၆၃၅၆)**
**ရှေ့နေများနားနေခန်း၊ စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်။**
**ဖုန်း - ၀၉-၄၂၀၀၃၆၁၂၂**

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ဆိုခြင်း

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာနမှ ပင်မဓာတ်အားခွဲရုံများတွင် အသုံးပြုထားသော 230 KV Shunt Capacitor များတွင် အသုံးပြုရန်အတွက် လိုအပ်သော Capacitor Unit များ ဝယ်ယူရန် တင်ဒါအမှတ်-85(T)/DPTSC (PSD)/2025-2026 (မြန်မာကျပ်ငွေ) ဖြင့် တင်ဒါခေါ်ဆို ဝယ်ယူလိုပါသည်။

၂။ အိတ်ဖွင့်တင်ဒါအား လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန၊ ပစ္စည်းစီမံရေးဌာန၊ ရုံးအမှတ်(၂၇)၊ နေပြည်တော်သို့ တင်ဒါပိတ်ရက် (၈-၁၂-၂၀၂၅) ရက် (၁၄:၀၀) နာရီအချိန် နောက်ဆုံးထား၍ (လူကိုယ်တိုင်) လာရောက်တင်သွင်းရမည်ဖြစ်ပါသည်။

၃။ သတင်းစာတွင်ကြော်ငြာပါသည့်ရက်မှစတင်၍ တင်ဒါပုံစံများအား ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။ တင်ဒါကြော်ငြာအား ဝန်ကြီးဌာန၏ Web-Portal (www.moep.gov.mm) တွင်လည်း ကြော်ငြာမည်ဖြစ်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန**
**ပစ္စည်းစီမံရေးဌာန၊ ရုံးအမှတ် (၂၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၃၄၁၀၂၀၉၊ ၀၆၇-၃၄၁၀၂၈၂**

## "ကန့်ကွက်နိုင်ပါသည်"

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ နွယ်အေးရပ်ကွက်၊ ခေမာသွယ်လမ်း၊ အမှတ်(၁၂၄)တွင်နေထိုင်သူ ဦးမိုးကျော်ဝင်း [၁၃/ညရန(နိုင်)၀၈၁၉၈၆] ၏ လွှဲအပ်ညွှန်ကြားချက်အရ ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၁)ရပ်ကွက်၊ အနော်မာအရှေ့(၁၁)လမ်း၊ အမှတ်(၄၇၆/က)ဟုခေါ်တွင်သည့် မြေကွက်(အလျား x အနံ) (၂၀ x ၆၀)ပေ နှစ်(၆၀)မြေအမည်ပေါက် ဦးမာမတ်အာလမ်၊ ဦးမာမတ်ကရင်တို့ထံမှ အရပ်စာချုပ်ဖြင့် ဝယ်ယူလက်ရောက်ပိုင်ဆိုင်ထားရှိသော ဂရန်အမျိုးအစားနှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦ(၂)လုံးတို့အား ပိုင်ရှင်များဖြစ်ကြသည့် ဦးစံတင်ဝင်း(TKA-092158)၊ ဦးမြင့်သန်း [၁၂/သကတ(နိုင်)၀၉၉၆၃၆]တို့ထံမှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အဆောက်အဦ(၂)လုံးတို့၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤသတင်းစာကြော်ငြာပါသည့်နေ့ရက်မှ (၁၀)ရက်အတွင်း ခိုင်လုံသော အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းဖြင့်ဖြစ်စေ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အပြီးအပိုင် အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက် ပြုလုပ်မည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးလှဦး အထက်တန်းရှေ့နေ (စဉ်-၄၄၄၉၄)**
**အမှတ်(၂၄)၊ ဗိုလ်ချုပ်လမ်း၊ ဗမာအေးရပ်ကွက်၊ ဒေါပုံမြို့နယ်။**
**ဖုန်း - ၀၉-၉၆၁၆၀၆၀၆၁**

## အများသိစေရန်

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ **မမေမြတ်သော်(ခ)မဆုလှဲ့နွယ်[၁၃/လရန(နိုင်)၁၅၅၅၅၁]**၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေ မမေမြတ်သော်(ခ)မဆုလှဲ့နွယ်နှင့် ကိုကျော်မင်းသူ [၇/ပခန(နိုင်)၃၂၁၂၈၅]တို့သည် ဗဟန်းမြို့နယ်တရားရုံး၊ တရားသူကြီးရှေ့မှောက်တွင် (၇-၁၁-၂၀၂၅)ရက်နေ့က နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ်မှ တရားဝင်ကွာရှင်းပြတ်စဲကြပြီးဖြစ်ပါသည်။ ထိုနေ့မှစ၍ မမေမြတ်သော်(ခ)မဆုလှဲ့နွယ်နှင့် ကိုကျော်မင်းသူတို့သည် တစ်ဦးနှင့်တစ်ဦး လူမှုရေး၊ စီးပွားရေး၊ ကိုယ်ရေးကိုယ်တာကိစ္စအဝဝ မည်သို့မျှ ဆက်စပ်သက်ဆိုင်ခြင်း အလျဉ်းမရှိတော့ပါကြောင်းနှင့် ကျွန်ုပ်မိတ်ဆွေနှင့်ပတ်သက်၍ ၎င်း၏ ကိုယ်ရေးကိုယ်တာကိစ္စများကို မမှန်မကန်ပြုလုပ်ပြီး လူမှုကွန်ရက်စာမျက်နှာများတွင်လည်းကောင်း၊ နှုတ်ဖြင့်သော်လည်းကောင်း ပြောကြား၊ ဖော်ပြသူများကို ကျွန်ုပ်၏မိတ်ဆွေမှ ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ -** | **လွှဲအပ်ညွှန်ကြားချက်အရ -** |
| **မမေမြတ်သော်(ခ)မဆုလှဲ့နွယ်** | **ဒေါ်ခင်မိုးမိုးအောင် (LL.B)** |
| **[၁၃/လရန(နိုင်)၁၅၅၅၅၁]** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၀၅၅)** |
| | **အမှတ် (၄၆)၊ ပထမထပ်၊** |
| | **မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။** |
| | **ဖုန်း- ၀၉-၄၂၁၀၉၇၄၀၃** |

## ကန့်ကွက်နိုင်ပါကြောင်း အများသိရှိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၁)၊ သုခမိန်လမ်း၊ မြေကွက်အမှတ် (၁၀၈၄/က)ဟုခေါ်တွင်သော အကျယ်အဝန်း(အလျား၂၅ပေ x အနံ၆၀ပေ)ရှိသည့် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ သစ်သားအုတ်ညှပ်တစ်ထပ်အိမ်အပါအဝင်၊ ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို နှစ်(၆၀)မြေငှားစာချုပ် (ဂရန်)အမည်ပေါက်ဖြင့် ပိုင်ဆိုင်ထားသူ ဦးအောင်မြတ်ကျော် [၁၂/ဒဂတ(နိုင်)၀၀၆၈၉၁]သည် လက်ရှိတွင် တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံပြောဆိုကာ ရောင်းချရန် အဆိုပြုကမ်းလှမ်းလာ၍ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် အိမ်နှင့်မြေတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်သန်းချို [၁၂/ရကန(နိုင်)၀၄၂၀၀၄]၏ လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်သဉ္ဇာဝင်း(LL.B,D.B.L)** | **ဒေါ်ခင်မြတ်နိုင်(LL.B)** |
| **အထက်တန်းရှေ့နေ(စဉ်-၄၆၃၅၆)** | **အထက်တန်းရှေ့နေ(စဉ်-၅၅၉၆၇)** |

**အမှတ်-စီ/၅၊ ရန်ကုန်နည်းပညာတက္ကသိုလ်၊ ကြို့ကုန်းအရှေ့ရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်းနံပါတ် - ၀၉-၄၂၁၆၅၉၂၄၄၊ ၀၉-၉၅၉၀၀၄၉၈၈၊ ၀၉-၂၆၂၄၇၇၇၃၃**

## ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရေတွင်းကုန်းရပ်ကွက်၊ ၁၂၂-လမ်း၊ အမှတ်(၄၇) ဟုခေါ်တွင်သော (၂)ခန်းတွဲ (၈)ထပ်တိုက်အနက်မှ ပထမထပ်(ဝဲ) အကျယ်အဝန်း (၁၅ ပေ x ၄၀ ပေ) ရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးနှင့် စပ်လျဉ်း၍ အများသိစေရန်ကြေညာခြင်း

အထက်လိပ်စာပါ တိုက်ခန်းသည် "(၂-၁၁-၂၀၂၁) ရက်စွဲပါ မိဘများမှ သား/သမီးများသို့ အစ္စလာမ့်တရားဥပဒေနှင့်အညီ ဟီဘာနာမာ (HIBANAMA) မေတ္တာဖြင့် တိုက်ခန်းအပြီးအပိုင် ပေးအပ်ခြင်းကတိစာချုပ်" အရ (၁) ဦးကျော်လှ၊ (၂) ဒေါ်အေးအေးသင်း၊ (၃) ဒေါ်လှလှမေ၊ (၄) ဦးကျော်သူတို့ (၄)ဦးမှ ပူးတွဲပိုင်ဆိုင်သည့် တိုက်ခန်းဖြစ်ပါသည်။

အဆိုပါပူးတွဲတိုက်ခန်းပိုင်ဆိုင်သူများအနက်မှ ဦးကျော်လှသည် (၁၉-၆-၂၀၂၃) ရက်နေ့တွင် ကွယ်လွန်ပြီးနောက် ၎င်း၏ တရားဝင်ဇနီးဖြစ်သူ ဒေါ်သန်းအေးနှင့် သားသမီး(၃)ဦးတို့မှ တရားဝင်ဆက်ခံခွင့်ရှိလာပါသည်။

သို့ဖြစ်ပါ၍ ပူးတွဲပိုင်ဆိုင်သည့်တိုက်ခန်းအား ကျွန်ုပ်တို့၏ မိတ်ဆွေ ဒေါ်သန်းအေး၏ သဘောတူခွင့်ပြုချက်မပါရှိဘဲ မည်သူတစ်ဦးတစ်ယောက်ကမျှ ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်းခြင်း၊ ငှားရမ်းခြင်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းတို့ကို လုပ်ပိုင်ခွင့် (လုံးဝ) မရှိကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဒေါ်မာမာသိန်း (LL.B)** | **ဒေါ်နီနီဝင်း (LL.B)** |
| **(စဉ်-၈၇၉၂)** | **(စဉ်-၅၁၇၁၈)** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |

**အမှတ်(၁၈)၊ မြေညီထပ်၊ ဦးဖိုးကျားလမ်း၊**
**ကန်/တောင်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၅၀၆၄၉၅၉**

## နှစ်ဦးသဘောတူကွာရှင်းပြတ်စဲပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ ဆာပါချောင်ကျောင်းစုရပ်ကွက်၊ မေတ္တာလမ်း၊ အမှတ်(၁၇၅)နေ မအေးမြတ်သရဖီအောင်[၁၂/ဒလန(နိုင်)၀၅၁၅၁၄]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ ဆာပါချောင်ကျောင်းစုရပ်ကွက်၊ မေတ္တာလမ်း၊ အမှတ်(၁၇၅)နေ မအေးမြတ်သရဖီအောင် [၁၂/ဒလန(နိုင်)၀၅၁၅၁၄] နှင့် ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ ကျန်းမာရေးဝန်ထမ်းအိမ်ရာရပ်ကွက်နေ မောင်ရဲသော် [၁၂/ဒလန(နိုင်) ၀၅၁၀၄၀]တို့သည် ဗုဒ္ဓဘာသာကိုးကွယ်သူများဖြစ်ကြပြီး မြန်မာဓလေ့ထုံးတမ်းဥပဒေနှင့်အညီ အကြင်လင်မယားအဖြစ် ၂၀၁၉ ခုနှစ်တွင် တရားဝင်လက်ထပ်ပေါင်းသင်းနေထိုင်ခဲ့ကြပါသည်။ မအေးမြတ်သရဖီအောင်နှင့် မောင်ရဲသော်တို့သည် စိတ်သဘောထားချင်းမတိုက်ဆိုင်တော့ပါသဖြင့် (၉-၁-၂၀၂၄) ရက်နေ့၌ နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲကြပြီးဖြစ်ပါ၍ နောက်နောင် တစ်ဦးနှင့်တစ်ဦး လူမှုရေးကိစ္စများ၊ ငွေကြေးကိစ္စအဝဝတို့အပါအဝင် မည်သည့်ကိစ္စတွင်မှ လုံးဝပတ်သက်စပ်ဆိုင်ခြင်း မရှိတော့ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ယောမယ်ရီ (LL.B, D.I.L) တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၃၃၄၄)**
**ဖုန်း - ၀၉-၄၂၁၀၂၉၀၈၇**

## အသိပေးကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်စန်းစန်းအေး [၁၂/အလန(နိုင်)၀၃၀၃၀၉] ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် အသိပေးကြေညာခြင်း။

ကျွန်ုပ်မိတ်ဆွေ၏ သမီးဖြစ်သူ မအိချယ်ရီအောင် (ခေတ္တစင်ကာပူ) သည် Ei Cherry အမည်ဖြင့် သူငယ်ချင်းအယောက်(တစ်ထောင်)ကျော်ခန့်ရှိသည့် ဖေ့ဘုတ်အကောင့်တစ်ခုတည်းကိုသာ နှစ်ပေါင်းများစွာ သုံးစွဲလျက်ရှိပါသည်။ လွန်ခဲ့သည့်တစ်လခန့်ကစ၍ Ei Cherry အမည်တူ သူငယ်ချင်းအယောက် (လေးထောင်)ကျော်ခန့်ရှိသည့် ဖေ့ဘုတ်အကောင့်အတုက သမီးဖြစ်သူ၏ အကောင့်အစစ်အမှန်မှ ဓာတ်ပုံများကို ကူးယူသုံးစွဲခြင်း၊ ပြုပြင်ဖန်တီးထားသော ဓာတ်ပုံများကို အသုံးပြုဂုဏ်သိက္ခာကျစေရန်ပြုလုပ်ခြင်း၊ အခြားသူများ၏ ဓာတ်ပုံများကိုပါ အသုံးပြုကာ ညစ်ညမ်းစကားများ၊ မမှန်မကန်စွပ်စွဲချက်များ သုံးနှုန်းရေးသားကာ ဖေ့ဘုတ်မှ ပို့စ်တင်ခဲ့ကြောင်း တွေ့ရှိရပါသည်။ ယင်းဖေ့ဘုတ် Ei Cherry အကောင့်တုမှ ပြုလုပ်သူများသည် ကျွန်ုပ်မိတ်ဆွေ၏သမီးဖြစ်သူနှင့် သက်ဆိုင်ခြင်းမရှိပါကြောင်း၊ အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်စန္ဒာဝင်း (LL.B )**
**တရားလွှတ်တော်ရှေ့နေ (စဉ် - ၇၆၇၄)**
**ရုံးအမှတ် (၈၃/၁၁)၊ ဒု-ထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း-၀၉-၇၃၀၉၄၂၈၅၊ ၀၉-၇၉၈၃၈၅၁၂၈**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြတ်သီရိလမ်း၊ (၂)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၀)၊ မြေကွက်အမှတ်(၄၆/က)၊ အကျယ်အဝန်း(၃၀x၆၀)ပေ၊ ဧရိယာ(၀.၀၄၁)ဧကရှိ ဦးကျော်စွာမောင်မောင် အမည်ပေါက် နှစ်(၆၀)ဂရန်မြေအမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော ရေ/မီးအစုံပါ အိမ်တို့၏ အကျိုးခံစားခွင့်အရပ်ရပ်ကို တရားဝင်လက်ဝယ်ထားပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဦးကျော်စွာမောင်မောင် [၁၂/ရပသ(နိုင်)၀၄၅၀၅၂]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူများက ဝယ်ယူရာ ရောင်းဖိုးငွေ၏ စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ဆိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသောအထောက်အထား (စာရွက်စာတမ်းမူရင်းများ)နှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်ပြီးပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ပြီးဆုံးသည်အထိ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဦးစိုင်းမျိုးမျိုး၊ ဒေါ်နီနီလှိုင်၊ မဆုယွန်းဝတီတို့၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ငြိမ်းငြိမ်း (LL.B)(D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၈၉၇)**
**အမတ်(၅၀)၊ မြေညီထပ်၊ (၃၉)လမ်း၊ ကျောက်တံတားမြို့နယ်။**
**ဖုန်း-၀၉-၄၂၅၂၈၆၀၄၂၊ ၀၉-၇၆၀၈၁၁၇၇၆**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၃၊ မြေကွက်အမှတ်-၂၄၅၊ မြေကွက်တည်နေရာအမှတ်-၂၄၅၊ ကျွန်းရွှေမြိုင်လမ်း၊ ၃၃-ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ဦးကြည်သောင်း (U/RGN-000114)အမည်ပေါက် နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)မြေအား ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံးတော်၊ တရားမကြီးမှုအမှတ်-၁၉၈/၂၀၂၄ ဖြင့် ဦးဖိုးငွေး၊ ဒေါ်လှလှစန်းတို့မှ (တရားလို) ပြု၍ ဦးကြည်သောင်း အပေါ်(တရားပြိုင်)ထားကာ "ပဋိညာဉ်အတိုင်း အရောင်းအဝယ်စာချုပ်အား မှတ်ပုံတင်ပြုလုပ်ချုပ်ဆိုပေးစေလိုမှု"ဖြင့် စွဲဆိုခဲ့ရာ အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေရန် တရားလိုများတောင်းဆိုသည့်အတိုင်း စရိတ်နှင့်တကွ အနိုင်ဒီကရီချမှတ်သည့် (၃-၂-၂၀၂၅)ရက်စွဲပါ စီရင်ချက်နှင့်ဒီကရီ၊ တရားမဇာရီမှုအမှတ်-၁၉/၂၀၂၅ ၏ (၂၈-၂-၂၀၂၅) ရက်စွဲပါအမိန့်နှင့် နေ့စဉ်မှတ်တမ်း၊ တရားရုံးကိုယ်စား မြေပုံမြေရာဇဝင်ကူးယူရန်အတွက် ဘီလစ်ခန့်အပ်ကြောင်း(၂၈-၂-၂၀၂၅) ရက်စွဲပါ အကြောင်းကြားစာ၊ နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)တို့တင်ပြ၍ ဘီလစ်စာရေးကြီး ဒေါ်လှဲ့လှဲ့ခိုင်မှ အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ မြို့ဟောင်းအနောက်ရပ်ကွက်၊ ကျိုက်ခေါက်ဘုရားလမ်း၊ Star City အိမ်ရာ၊ Estella Townhouse စီမံကိန်း၊ Lane-4၊အခန်းအမှတ်(၁၉၉)၊ ဧရိယာ(၁၂၃၅)စတုရန်းပေရှိ မြေပေါ်တွင် ဆောက်လုပ်ထားသည့် (၂)ထပ် Townhouse ဟုခေါ်တွင်သော မြေကွက်နှင့် နေအိမ်ပေါ်တွင် တွယ်ကပ်တပ်ဆင်ထားသော ရေ၊ မီးအစုံနှင့်တကွ အရန် Solar စနစ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဒေါ်နန်းဝင်းနန္ဒာ [၁၂/ကတန (နိုင်) ၀၇၈၉၃၂]မှ အမည်ပေါက်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ တိုက်ခန်းအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်း(မူရင်း)များဖြင့် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်မည့်သူများမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးထွန်းသူအောင် (LL.B) အထက်တန်းရှေ့နေ (စဉ်-၅၅၇၆၄)**
**အမှတ်-၁၁၅၊ ပထမထပ်၊ (၃၃) လမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း- ၀၉-၇၈၀၀၅၄၀၆၀**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-(၂၁)၊ လှူနေရပ်ကွက်အမှတ်(၆/၉)၊ မန္တလေးလမ်း၊ မြေကွက်အမှတ်(၁၅၅/ခ)၊ အကျယ်ပေ (၂၀x၆၀)ရှိ ဦးမောင်မောင် အမည်ပေါက် နှစ်(၆၀)မြေငှားစာချုပ်ထွက်ရှိထားသည့် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရေမီးအစုံပါ (၁)ထပ်နေအိမ်အား အရပ်ကတိစာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး အရှုပ်အရှင်းကင်းရှင်းကြောင်းနှင့် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသူ ဒေါ်ခင်ဝင်း[၁၂/အလန(နိုင်)၀၂၂၄၆၄] ကိုင်ဆောင်သူထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးဘိုနိုင် [၁၄/ဘကလ(နိုင်)၂၁၃၀၄၆] ကိုင်ဆောင်သူမှ စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်သောကြောင့်ကန့်ကွက်လိုသူ မည်သူမဆို ယနေ့မှစ၍ (၇)ရက်အတွင်း အိမ်မြေပိုင်ဆိုင်မှု စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **ဦးဘိုနိုင်** | **ဒေါ်အေးသန္တာစိုး(LL.B)** |
| **[၁၄/ဘကလ(နိုင်)၂၁၃၀၄၆]** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၁၈၀)** |
| | **အမှတ်-၃၇၄(ခ)၊ ကနောင်ပန်းခြံလမ်း၊** |
| | **(၈)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်။** |
| | **ဖုန်း-၀၉-၄၂၀၂၀၄၆၅၄** |

## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ လေးထောင့်ကန်ရပ်ကွက်၊ ကန်ဦးလမ်း၊ အမှတ် (၃၉၁)၊ အကျယ်အဝန်း အလျား(၁၂ ½)ပေx အနံ(၅၀)ပေ၊ ပထမထပ်(ခေါင်းရင်းခြမ်း) တိုက်ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသည့် ဒေါ်ဖြူဖြူဆန်း[၁၂/ကမတ(နိုင်)၀၅၁၁၆၃]ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေ ဒေါ်တင်တင်ဦး [၉/မခန(နိုင်)၁၈၄၁၈၉]က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်တို့ထံသို့ တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်းများနှင့်တကွ ယခုကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်လွင်မာဦး** | **ဒေါ်ယွန်းလှဲ့လှဲ့ထွန်း** |
| **(စဉ်-၄၅၀၄၄/၂၀၁၄)** | **(စဉ်-၄၇၆၇၀/၂၀၁၆)** |

**အထက်တန်းရှေ့နေများ**
**အမှတ်-၉၀၄(က+ခ)၊ ၄-လွှာ၊ ရတနာပုံ(၅)လမ်း၊ (၉)ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၂၂၁၁၉၉၀၊ ၀၉-၇၉၈၃၄၃၇၂၂**

## လုပ်ငန်းအမှတ်တံဆိပ်မူပိုင်ခွင့် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ မဟာဗန္ဓုလတံတား၊ လမုတန်းရပ်ကွက်၊ ယမုံနာလမ်း၊ ယမုံနာအိမ်ရာ၊ အမှတ်(၂၀)ရှိ "OCEAN ELITE SHIPPING CO.,LTD"(ကုမ္ပဏီမှတ်ပုံတင်လက်မှတ်အမှတ်-122345572) သည် အောက်တွင်ဖော်ပြထားသော လုပ်ငန်းတံဆိပ် Logo ဖြင့် ကုမ္ပဏီတစ်ဦးတည်းမူပိုင်အဖြစ် တရားဝင်သုံးစွဲရန်အတွက် ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် (၂၂-၁၀-၂၀၂၅)နေ့ရက်စွဲပါ စာချုပ်စာတမ်း မှတ်ပုံတင်အမှတ်-၉၄၁၁/၂၀၂၅ ဖြင့် မှတ်ပုံတင်ပြီးဖြစ်ပါသည်-

OCEAN ELITE SHIPPING CO.,LTD

အထက်ဖော်ပြပါ "OCEAN ELITE SHIPPING CO.,LTD" ဟူသော အင်္ဂလိပ်စာသားအပြင် ယှဉ်တွဲဖော်ပြပါပုံအမှတ်အသားကို သင်္ဘောသားဝန်ဆောင်မှုလုပ်ငန်းများတွင် အသုံးပြုသွားမည်ဖြစ်ပြီး ထိုလုပ်ငန်းအမှတ်တံဆိပ်အမည်အမှတ်အသားကို ကုမ္ပဏီ၏ တရားဝင်ခွင့်ပြုချက်မရှိဘဲ မည်သူတစ်ဦးတစ်ယောက်ကမျှ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ဆင်တိုးယိုးမှားဖြစ်စေ၊ သံတူကြောင်းကွဲဖြစ်စေ တုပသုံးစွဲခြင်း၊ အမည်တူ၊ အမှတ်အသားတူ (သို့မဟုတ်)ဆင်တူယိုးမှားအမှတ်တံဆိပ်တစ်ခုခုကို ပြုလုပ်ခြင်း၊ မူပိုင်ခွင့်မှတ်ပုံတင်ရန်လုပ်ဆောင်ခြင်းတို့ကို လုံးဝ မပြုလုပ်ရန်တားမြစ်ပါသည်။ ထိုတားမြစ်ချက်တစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း တွေ့မြင်ကြားသိရပါက ကျူးလွန်သူအပေါ် တည်ဆဲဥပဒေများနှင့်အညီ ဆက်လက်အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဝတ်ရည်သန့် (LL.B, D.M.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၀၁၄)**
**အမှတ်(၂၂)၊ မင်းရန်အောင်(၂)လမ်း၊ (ဈ)ရပ်ကွက်၊**
**မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၄၂၈၀၃၄၂၅၃**

**တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံ**
**အင်ဂျင်နီယာသင်တန်းသားများ**
**အလိုရှိသည်**

၁။ လျှောက်ထားသူသည်-

(က) **၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၁** ရက်နေ့တွင် အသက် **၁၈ နှစ်**အောက်မငယ်ရ၊ **၂၂ နှစ်**ထက်မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား **အိမ်ထောင်မရှိဖူးသူ(လူပျို)** ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် **၅ ပေ၊ ၃ လက်မ**နှင့်ကိုယ်အလေးချိန်**ပေါင် ၁၀၀** ထက်မနည်းရ၊ **ပေါင် ၁၄၀** ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူမဖြစ်စေရ။

(င) တက္ကသိုလ်ဝင်စာမေးပွဲအား **သိပ္ပံဘာသာတွဲ**၊ သို့မဟုတ် **ဝိပ္ပံဘာသာတွဲ**ဖြင့် အောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာတိုင်းစစ်ဌာနချုပ်များတွင်ဖြစ်စေ၊ တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံတွင်ဖြစ်စေ အခမဲ့ရယူပြီး **၂၄-၁၀-၂၀၂၅** ရက်နေ့မှ စတင်၍ **၁၈-၁-၂၀၂၆** ရက်နေ့ထိ နောက်ဆုံးထား လျှောက်ထားနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီး/မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)နှင့် ၁ လအတွင်းရိုက်ကူးထားသော ပတ်စ်ပို့အရွယ်ဓာတ်ပုံ ၃ ပုံကို ပူးတွဲတင်ပြရမည်။

၄။ သတ်မှတ်ချက်နှင့်ပြည့်စုံသူများသည် အရည်အချင်းစစ်စာမေးပွဲကို တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်ဖြစ်သည်-

(က) **အင်္ဂလိပ်စာ** ။ နံနက် ၉ နာရီမှ ၁၁ နာရီထိ။

(ခ) **သင်္ချာ** ။ နေ့လယ် ၁ နာရီမှ ၃ နာရီထိ။

၅။ ဖြေဆိုမည့်သင်တန်းသားများသည် တိုင်းစစ်ဌာနချုပ်များသို့ **၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၁၉ ရက်နေ့မှ ၂၃ ရက်နေ့အတွင်း** သတင်းပို့ရမည်ဖြစ်ပြီး တိုင်းစစ်ဌာနချုပ်များမှ **၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက်နေ့အရောက် ကျောင်းသို့ပို့ဆောင်ပေးရမည်**ဖြစ်သည်။

၆။ အရည်အချင်းစစ်စာမေးပွဲကို တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံတွင် **၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၂၈ ရက်နေ့တွင်** ဖြေဆိုကြရမည်ဖြစ်ပါသည်။

၇။ အရည်အချင်းစစ်စာမေးပွဲအောင်စာရင်းအား **၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက်နေ့တွင်** ထုတ်ပြန်ပေးမည်ဖြစ်ပြီး အောင်မြင်သူများသည် သင်တန်းတစ်ပါတည်းတက်ရောက်ရမည်ဖြစ်ပြီး မအောင်မြင်သူများအား တိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် သက်ဆိုင်ရာသို့ ပြန်လည်စေလွှတ်သွားမည်ဖြစ်သည်။

၈။ သင်တန်းကာလတွင် လစာအဖြစ် ပထမနှစ် **ကျပ် ၁၆၈၀၀၀/-** ၊ ဒုတိယနှစ် **ကျပ် ၁၇၄၀၀၀/-** ၊ တတိယနှစ် **ကျပ် ၁၈၀၀၀၀/-** ရရှိမည်။ သင်တန်းအောင်မြင်ပြီးလျှင် ရာထူးအဆင့်လိုက်သတ်မှတ်လစာနှင့်စရိတ်များ ခံစားခွင့်ရှိသည်။

၉။ သင်တန်းပြီးဆုံးပါက အောက်ပါအတိုင်းခံစားခွင့်ရှိသည်-

(က) **ဘွဲ့လက်မှတ်အပ်နှင်းခြင်း**။ အင်ဂျင်နီယာသိပ္ပံ **A.G.T.I(Diploma)** လက်မှတ်ပေးအပ်မည်။

(ခ) **တာဝန်ပေးအပ်ခြင်း**။ တပ်မတော်(ကြည်း၊ ရေ၊ လေ)လက်ရုံးဝန်ထမ်းတပ်ဖွဲ့တစ်ခုခုနှင့် မြန်မာနိုင်ငံကမ်းခြေစောင့်တပ်ဖွဲ့တို့တွင် **ပညာသည်အကြပ်ကြီး**အဖြစ် ခန့်အပ်တာဝန်ပေးအပ်မည်။

(ဂ) **အဆင့်တိုးမြှင့်ပေးအပ်ခြင်း**။ တပ်မတော်(ကြည်း၊ ရေ၊ လေ)တပ်ဖွဲ့အလိုက် ပညာသည်စစ်သည်များ **အဆင့်အတန်းတိုးမြှင့်ရေးစည်းမျဉ်းနှင့်အညီ** ဒုတိယအရာခံဗိုလ်နှင့် အရာခံဗိုလ်အဆင့်များသို့ဆက်လက်တိုးမြှင့်ပေးရေးအတွက်ဆောင်ရွက်ပေးမည်။

(ဃ) **ပြန်တမ်းဝင်အရာရှိလျှောက်ထားခွင့်**။ ပြန်တမ်းဝင်အရာရှိအဖြစ် ခန့်အပ်နိုင်ရေးအတွက် **သတ်မှတ်ထားသည့်အချိန်နှင့်အကျုံးဝင်သည့်အချိန်တွင်** စစ်ရာထူးခန့်ချုပ်ရုံးမှလျှောက်လွှာခေါ်ယူသည့်အခါ လျှောက်ထားနိုင်သည်။

**မှတ်ချက်**။ အသေးစိတ်သိရှိလိုပါက မိမိတို့လျှောက်လွှာထုတ်ယူခဲ့သည့် တိုင်းစစ်ဌာနချုပ်များတွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## အမျိုးသားသွေးဌာန
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

(၂၀၂၅-၂၀၂၆)ခု ဘဏ္ဍာရေးနှစ်အတွင်း အမျိုးသားသွေးဌာနသို့ သွေးနှင့်သွေးပစ္စည်းများ၊ ဓာတ်ခွဲစစ်ဆေးရန် လိုအပ်သည့် သွေးလှူဘဏ်သုံး ဓာတ်ခွဲဆေးပစ္စည်းများနှင့် Blood Management System တွင် အသုံးပြုသော Label နှင့် Ribbon များ ဒုတိယအကြိမ်တင်ဒါဖြင့် ဝယ်ယူလိုပါသဖြင့် မြန်မာနိုင်ငံသား ပြည်တွင်းလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါများ ဖိတ်ခေါ်အပ်ပါသည်။

တင်ဒါပုံစံစတင်ရောင်းချမည့်ရက် - ၂၄ -၁၁-၂၀၂၅ (တနင်္လာနေ့)
တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၈-၁၂-၂၀၂၅ (တနင်္လာနေ့)
(၁၆ : ၀၀) နာရီ

တင်ဒါပုံစံနှင့်တင်ဒါစည်းမျဉ်းစည်းကမ်း အသေးစိတ်အချက်အလက်များ သိရှိလိုပါက အမျိုးသားသွေးဌာန၊ ရန်ကုန်မြို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**အမျိုးသားသွေးဌာန**
**ရန်ကုန်**
**ဖုန်း-(၀၁၈-၃၇၂၇၅၃)**

---

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၉/၁ရွှေပေါက်ကံစက်မှုဇုန်)၊ ကနောင် (၆)လမ်း၊(၁၉)ရွှေပေါက်ကံစက်မှုဇုန်ရပ်ကွက်၊ မြေကွက်အမှတ် (၁၅၉)၊ အကျယ်အဝန်း(၅၃x၆၄)ပေ၊ ဧရိယာ(၀.၀၇၃)ဧကရှိ နှစ်(၆၀) မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ဂိုဒေါင်အဆောက်အဦအား အမည်ပေါက်ပိုင်ရှင်ဖြစ်သူ **ဦးညဏ်ထွန်း [၁၂/ပဇတ(နိုင်)၀၁၁၆၇၁]နှင့် ဦးကျော်ကျော်လွင် [၉/မရမ(နိုင်) ၀၀၁၄၃၀]** တို့ထံမှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေ **ဒေါ်မီမီဟန်မြင့် [၇/ကဝန(နိုင်) ၁၄၇၆၈၈]** က စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ အထက်ပါ မြေကွက်နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ဤသတင်းစာကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ ပိုင်ဆိုင်ကြောင်း စာရွက်စာတမ်းမူရင်းများဖြင့် လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ အကယ်၍ ကန့်ကွက်မည့်သူ မရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ချမ်းမိုးမိုးဌေး (LL.B)** **ဦးအောင်ဆွေဝင်း (LL.B, D.B.L)**
**အထက်တန်းရှေ့နေ(စဉ်-၅၆၀၅၄)** **တရားလွှတ်တော်ရှေ့နေ (စဉ် - ၈၇၅၅)**
**၀၉-၇၇၃၈၃၅၃၀၅** **ဖုန်း - ၀၉ - ၄၄၀၂၂၃၈၂၇**
**အမှတ် (၄၈)၊ မိုးမခလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။**

---

## ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်( ၄၅ )၊ လူနေရပ်ကွက်အမှတ်( ၉ )၊ ရေစက်လမ်း၊ အမှတ်( ၁၅၆ )ဟုခေါ်တွင်သော “ (၂ )ခန်းတွဲ၊ ( ၆ ) ထပ်တိုက် ” အဆောက်အဦ၏ ပထမထပ်၊ အခန်းအမှတ်-၂/က ( တိုက်အားမျက်နှာမူလျှင်ဝဲဘက်ခြမ်း )၊ အကျယ်အဝန်း ( အလျား ၁၂ ½ပေ x အနံ ၅၀ ပေ ) ရှိ တိုက်ခန်းအရောင်းအဝယ်နှင့် စပ်လျဉ်း၍ ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

အထက်ဖော်ပြပါ တိုက်ခန်းနှင့်တကွ ယင်းတိုက်ခန်းနှင့်ဆက်စပ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အရပ်စာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူ၍ တရားဝင်လက်ရှိထားကာ ရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံကတိပြုသူ ဦးနေဝင်း [၁၂/တမန(နိုင်)၀၅၂၂၅၅]နှင့် ဒေါ်ခိုင်ခိုင် [၁၂/တမန(နိုင်)၀၅၆၃၂၆]တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးမြတ်ဟိန်း [၁၂/မရက(နိုင်)၁၄၈၆၆၅]သည် အပြီးအပိုင် လက်ရောက်လွှဲပြောင်း ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို (၂၀- ၁၁-၂၀၂၅ )ရက်နေ့တွင် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍( ၁၀ )ရက်အတွင်း တိကျခိုင်မာသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုတစ်စုံတစ်ရာမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်မျိုးချစ် (LL.B)** **ဒေါ်သက်ဝေအောင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၂၇၄)** **အထက်တန်းရှေ့နေ (စဉ် - ၅၀၀၁၆)**
**တိုက်( B-8 )၊ အခန်း (၂၀၄)၊ ဗိုလ်မင်းရောင်အိမ်ရာ၊ ( ၄၂ )ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့၊**
**Ph: 09778849700, 09773562082**

---

## ဒေါ်အေးစန္ဒာစိုး [၁၂/သကတ(နိုင်)၁၅၃၃၉၂] နှင့် ဒေါ်ဝသုန်ဖြိုး [၁၄/ပသန(နိုင်)၂၀၇၇၃၈] ကိုင်ဆောင်သူများနှင့် အများသိစေရန် ကန့်ကွက်ကြောင်း ကြော်ငြာခြင်း

ဦးတေဇာအောင်[၁၄/ဟသတ(နိုင်)၂၉၆၉၀]၊ အမှတ်(၂၉၉)၊ (၅)လမ်း၊ သုံးပင်ကွင်း (၁)ရပ်ကွက်၊ ဟင်္သာတမြို့နေသူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြော်ငြာအပ်ပါသည်-

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၁၃)ရပ်ကွက်၊ ခိုင်ရွှေဝါ (၄)လမ်း၊ အမှတ်(၁၁၀၃/က) (ခြေရင်းခြမ်း)၊ (၁၀ပေx၆၀ပေ)ရှိ အိမ်နှင့်ခြံသည် ကျွန်ုပ်၏မိတ်ဆွေ ဦးတေဇာအောင်နှင့် ဒေါ်အေးစန္ဒာစိုးတို့ နှစ်ဦးပိုင်ဖြစ်ပြီး ယခုအခါ ဦးတေဇာအောင် မှ ဒေါ်အေးစန္ဒာစိုးအား နှစ်ဦးပိုင်လက်ထပ်ပွားပစ္စည်းများအား ခွဲဝေပေးရန် ဗိုလ်တထောင်ခရိုင် တရားရုံးတော်၌ ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ် (၁၆၉)ဖြင့် တရားစွဲဆိုထားဆဲဖြစ်သော အမှုတွင် ခွဲဝေရန် ဖော်ပြပါ ပစ္စည်းစာရင်း၌ အထက်ဖော်ပြပါ အိမ်နှင့်ခြံပါ ပါဝင်ပါသည်။ အဆိုပါ အိမ်နှင့်ခြံကို (၂-၁၁-၂၀၂၅)ခုနှစ် နိုင်ငံပိုင်ကြေးမုံသတင်းစာတွင် ဒေါ်အေးစန္ဒာစိုးမှ ဒေါ်ဝသုန်ဖြိုးအား ရောင်းချနေပြီး၊ ရောင်းဖိုးကျန်ငွေအား အပြီးအပြတ်ပေးချေခြင်း မရှိသေးကြောင်း ကြော်ငြာထားသည့်အတွက် အဆိုပါ အရောင်းအဝယ်အား ဆက်လက်မပြုလုပ်ပါရန် ကန့်ကွက်ပါကြောင်း ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးမင်းအောင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၉၈၀)**
**အမှတ်(၂၀၉၉/ခ)၊ သီရိရတနာ(၃)လမ်း၊ (ထ/၁၆)ရပ်ကွက်၊**
**ရွှေပြည်သာမြို့နယ်။ ၀၉-၂၆၁၈၃၆၇၃၅**

---

# တိုက်ခန်းရောင်းရန်ရှိသည်

၁။ ဆိပ်ကမ်းသာလမ်း(၅)လွှာ၊ (၁၂ခွဲ × ၆၀) ပေ
၂။ အနော်ရထာလမ်းမကြီး၊ (၁၂ခွဲ × ၅၀) ပေ
၃။ လမ်း(၄၀)၊ (၄)လွှာ၊ (၂၀ × ၅၀) ပေ
၄။ ၃၉လမ်း၊ (၇)လွှာ၊ (၁၂ခွဲ × ၅၀) ပေ
၅။ ၄၇လမ်း၊ ဗိုလ်တထောင်၊ (၁၂ခွဲ × ၆၀) ပေ

## ပိုင်ရှင်ဆက်သွယ်ရန် ဖုန်းနံပါတ်
## ၀၉ ၅၀၂၉၁၇၉

---

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ မြောက်အရှေ့ရပ်ကွက်၊ မကျည်းတန်း၊ ဌာနလမ်း၊ (၆)လွှာ၊ အမှတ် (၆၄) ဟုခေါ်တွင်သော တိုက်ခန်းအားပိုင်ရှင်ဖြစ်သူ ဦးမင်းဟိန်းခန့်(ခ)အောင်ကိုဇင် [၁/ဗမန(နိုင်)၀၇၂၃၁၀]မှ ၎င်းတစ်ဦးတည်း အဆပ်စပ်စာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားကြောင်း၊ ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်း တစ်စုံတစ်ရာမရှိ ကင်းရှင်းပါကြောင်း၊ တာဝန်ယူရောင်းချလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ခိုင်ခိုင်စိုး [၇/သဝတ(နိုင်)၁၀၆၇၆၁]မှ စရန်ငွေ တစ်စိတ်တစ်ဒေသပေးအပ်ထားပြီးဖြစ်၍ ယခုကြော်ငြာစာပါသည့်နေ့မှ (၇) ရက်အတွင်း ကျွန်ုပ်နှင့် ကျွန်ုပ်၏မိတ်ဆွေထံ ပိုင်ဆိုင်မှုစာရွက်စာတမ်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်သည့်တိုင် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးသက်ဇင်ဦး**
**အထက်တန်းရှေ့နေ (စဉ်-၅၁၀၁၈/၃၀-၄-၂၀၁၉)**
**အမှတ် CL-10၊ အခန်း-၂၀၄၊ Star City သန်လျင်မြို့၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း- ၀၉-၇၆၄၆၁၄၈၁၃**

---

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၂/ရွှေအင်ကြင်းအနောက်ရပ်)ရှိ ဦးပိုင်/မြေကွက်အမှတ် (ဒ-၄၀၈၉)၊ အကျယ်အဝန်း(၆၀x၆၀)ပေ၊ ဧရိယာ(၀.၀၈၂)ဧကရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦ၊ ရေ၊ မီး မီတာ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့/မြေဌာန၌ ဦးတင်ဦးလွင် (ဘ)ဦးမြင့်သိန်း[၉/မရတ(နိုင်)၀၁၉၀၉၃] အမည်ပေါက်သည့် နှစ်(၃၀)မြေငှားဂရန်အား ဦးတင်ဦးလွင်ထံမှ ဒေါ်လင်းလင်းအိ၊ (ဘ)ဦးအောင်ခင်း [၅/ဟမလ(နိုင်)၀၅၆၃၉၂] က အရပ်စာချုပ်ဖြင့် ဝယ်ယူခဲ့ပြီး ယခုအခါ ဒေါ်လင်းလင်းအိထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးအောင်ရဲထွဋ်မှူး (ဘ)ဦးလှဆောင် [၉/လဝန(နိုင်)၁၅၅၇၁၂]၊ အမှတ်(၃) ရပ်ကွက်၊ လယ်ဝေးမြို့နေသူက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၁၅)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်သူမရှိပါက အပြီးအပိုင် အရောင်းအဝယ်စာချုပ်ကို ဆက်လက်ပြုလုပ်ချုပ်ဆိုသွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဥမ္မာသင်း(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၃၉၄၆၈)**
**အမှတ်(၆)ရပ်ကွက်၊ လယ်ဝေးမြို့။ ဖုန်း-၀၉-၄၀၀၄၇၀၁၆၄**

---

## ကုန်အမှတ်တံဆိပ်သတိပေးကြေညာချက်

ဟင်းခွက်အိုင်ကျေးရွာ၊ သာစည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီးနေ [၉/သစန(နိုင်)၁၃၅၈၄၁] ကိုင်ဆောင်သူက အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ် အမည်အမှတ်အသားကို သာစည်မြို့ စာချုပ်စာတမ်း မှတ်ပုံတင်ရုံးတွင် တစ်ဦးတည်းမူပိုင်အဖြစ် သုံးစွဲရန် တရားဝင်မှတ်ပုံတင်ပြီး ဖြစ်ပါသည်-




အထက်ဖော်ပြပါ ရေသန့်အမှတ်တံဆိပ် အမည်အမှတ်အသားကို အသုံးပြု၍ သောက်ရေသန့်ကို ဘူးကြီး၊ ဘူးသေး၊ ဘူးလတ်စသည့် အရွယ်အစား အမျိုးအစားဖြင့် သာစည်မြို့နှင့်တကွ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်တစ်ဝန်းတွင် ထုတ်လုပ်ဖြန့်ချီရောင်းချသွားမည်ဖြစ်ပါသည်။ ထို့အပြင်၎င်းအမှတ်တံဆိပ် အမှတ်အသားကို ထည့်သွင်းထုပ်ပိုးမည့် ပစ္စည်းများဖြစ်သည့် ပလတ်စတစ်အိတ်၊ ပလတ်စတစ်ဘူးများ ထည့်သွင်းပစ္စည်းထုပ်ပိုးပစ္စည်းစသည့် အရွယ်အစားအမျိုးမျိုး အရောင်အမျိုးမျိုး ပြုလုပ်သည့် အသားတံဆိပ်ပြုလုပ်၍ ထုတ်လုပ် ဖြန့်ဖြူးရောင်းချသွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ တံဆိပ်အမှတ်အသားကို တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ဆင်တူယိုးမှား ထင်ယောင်ထင်မှား မဖြစ်စေရန်နှင့် တုပသုံးစွဲခြင်း မပြုလုပ်ကြပါရန် သတိပေးတားမြစ်အပ်ပါသည်။ အဆိုပါတားမြစ်ချက်များကို လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာ အရေးယူမည်ဖြစ်ပါကြောင်း ကြိုတင်အသိပေးကြေညာအပ်ပါသည်။ ၎င်းအမှတ်တံဆိပ် အမှတ်အသားနှင့်ပတ်သက်၍(အမည်တူ) ကန့်ကွက်လိုပါက သတင်းစာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးအောင်မျိုးလင်း**
**[၉/သစန(နိုင်)၁၃၅၈၄၁]**
**09-402 564 418**

---

## ရန်ကုန် ဘတ်စ်ကား အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် (YBPC) ၏ အထူးအထွေထွေအစည်းအဝေးနှင့် နဝမအကြိမ်မြောက် နှစ်ပတ်လည်အထွေထွေအစည်းအဝေးတို့ကို Online စနစ်ဖြင့် ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း အသိပေးဖိတ်ကြားလွှာ

၁။ ရန်ကုန်ဘတ်စ်ကား အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက် (YBPC) ၏ အထူးအထွေထွေအစည်းအဝေးနှင့် နဝမအကြိမ်မြောက် နှစ်ပတ်လည်အထွေထွေအစည်းအဝေး (9th AGM) တို့ကို Online စနစ်ကို အသုံးပြု၍ အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ကုမ္ပဏီ၏ အစုရှယ်ယာရှင်များအားလုံး Online မှ တက်ရောက် ချီးမြှင့်နိုင်ပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်-

| | | |
|---|---|---|
| ကျင်းပမည့်နေ့ရက် | - | ၂၃-၁၂-၂၀၂၅ ရက် (အင်္ဂါနေ့) |
| ကျင်းပမည့်အချိန် | - | နံနက် (၁၀:၀၀) နာရီ |
| ကျင်းပမည့်ပုံစံ | - | Online Zoom Meeting |

၂။ ၁၃.၁၁.၂၀၂၅ ရက်နေ့အထိ YBPC ၏ အစုရှယ်ယာရှင်မှတ်ပုံတင်စာရင်း (Members' Register) တွင် ပါရှိသည့် အစုရှယ်ယာရှင်များထံသို့ အစည်းအဝေးဖိတ်စာနှင့်အတူ ဒါရိုက်တာအဖွဲ့အစီရင်ခံစာ၊ ဘဏ္ဍာရေး ရှင်းတမ်းများ၊ Online Registration မှတ်ပုံတင်ခြင်းနှင့် Zoom Meeting တက်ရောက်ခြင်းတို့အတွက် လုပ်ဆောင်ရမည့်နည်းလမ်းပုံစံတို့ကို စာတိုက်မှတစ်ဆင့် ပေးပို့မည်ဖြစ်ပါသည်။

၃။ ကုမ္ပဏီ၏အစုရှယ်ယာရှင်များသည် အစည်းအဝေးတက်ရောက်ရန်အတွက် (၃-၁၂-၂၀၂၅) ရက်နေ့မှ (၁၆-၁၂-၂၀၂၅) ရက်နေ့အတွင်း အွန်လိုင်းမှ မှတ်ပုံတင်ခြင်း (Online Registration) ကို YBPC Website ဖြစ်သော http://www.yangonbuspubliccompany.com တွင် ပြုလုပ်ရမည်ဖြစ်ပါသည်။ Online Registration ပြုလုပ်ရမည့် နည်းလမ်းပုံစံကို YBPD Website တွင် ဝင်ရောက်ကြည့်ရှုနိုင်မည် ဖြစ်သည်။ YBPC တွင် မှတ်ပုံတင်ထားသည့် အစုရှယ်ယာရှင်များ၏ မိုဘိုင်းလ်ဖုန်းသို့ Online Registration ပြုလုပ်ရန် Website သို့ဝင်ရမည့် Link အား Phone SMS ဖြင့် ပေးပို့မည်ဖြစ်ပြီး အကြောင်းအမျိုးမျိုး ကြောင့် Online Registration ပြုလုပ်ရန် အခက်အခဲရှိသည့် အစုရှယ်ယာရှင်များ အနေဖြင့် YBPC Call Center ၏ Viber Phone No: **၀၉-၇၇၆၅၂၈၃၀၇ နှင့် ၀၉-၇၆၉၂၅၂၀၄၄** သို့ အစုရှယ်ယာရှင်၏ မှတ်ပုံတင်မူရင်းကို ရှေ့နောက် ဓာတ်ပုံရိုက်၍ အမည်၊ မှတ်ပုံတင်အမှတ်နှင့် မိုဘိုင်းဘ်ဖုန်းနံပါတ်တစ်ခုဖြင့် အစုရှယ်ယာရှင်ကိုယ်တိုင် စာရင်းပေးသွင်းနိုင်ပါသည်။

၄။ အစုရှယ်ယာရှင်များ၏ Online Registration ပြုလုပ်ထားသော မိုဘိုင်းဘ်ဖုန်းနံပါတ် တစ်ခုသို့သာ Zoom Meeting အစည်းအဝေးတက်ရောက်ရမည့် Zoom Meeting Link နှင့် Password တို့အား Phone SMS ဖြင့် ပေးပို့မည်ဖြစ်သည်။

၅။ အကြံပြုချက်နှင့် ဖြေကြားပေးစေလိုသည့် မေးခွန်းများကို (၁၂-၁၂-၂၀၂၅) ရက်နေ့ နောက်ဆုံးထား၍ ကုမ္ပဏီ၏ ရုံးခန်းတည်ရှိရာလိပ်စာသို့ ရုံးချိန်အတွင်း စာဖြင့်အချိန်မီ ပေးပို့နိုင်ပါသည်။

၆။ အစုရှယ်ယာလက်မှတ်ထုတ်ပေးခြင်း၊ မှတ်ပုံတင်ခြင်း၊ လွှဲပြောင်းခြင်းစသည့် အစုရှယ်ယာနှင့်သက်ဆိုင်သည့်ကိစ္စရပ်များကို (၂၅-၁၁-၂၀၂၅) ရက် မှ (၁၂-၁-၂၀၂၆) နေ့အထိ ခေတ္တရပ်နားထားမည်ဖြစ်ပါသည်။

၇။ Online Registration နှင့် အစည်းအဝေးတက်ရောက်ခြင်းကိစ္စများအတွက် Call Center Phone : **၀၉-၇၇၆၅၂၈၃၀၇၊ ၀၉-၇၆၉၂၅၂၀၄၄** သို့လည်းကောင်း၊ အထွေထွေစုံစမ်းမေးမြန်းရန် အတွက်ဖုန်းနံပါတ် ၀၉-၂၆၄၈၂၄၂၆၂ သို့လည်းကောင်း ရုံးဖွင့်ရက် ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပါသည်။

**ဒါရိုက်တာအဖွဲ့**
**ရန်ကုန် ဘတ်စ်ကား အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်**

---

## “ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း”

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊(၉၂)ရပ်ကွက်၊ ယုဇနအိမ်ရာအပိုင်း (၄)၊ သီဟိုဠ်လမ်း၊ တိုက်အမှတ် (H)၊ အခန်း(၄၀၄)၊ အကျယ်အဝန်း (၄၀၀)စတုရန်းပေရှိ (၁၂)ခန်းတွဲ ပုံစံဖြင့် တည်ဆောက်ထားသော (၅)ထပ်တိုက်၏ စတုတ္ထထပ် (ခြေရင်းခြမ်း)ရှိ တိုက်ခန်းအား အမည်ပေါက်ပိုင်ဆိုင်ထားသူ ဦးပြည့်စုံအောင် [၉ / ပဘန(နိုင်)၁၆၅၄၁၆]မှ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုလျက် ပြန်လည်ရောင်းချလိုကြောင်း အဆိုပြုကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်လင်းလင်းဌေး [၁၂/သကတ(နိုင်)၁၉၉၆၆၂]မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအဖြစ် ရောင်းဖိုးငွေများ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးစီးအောင် ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးလှမိုး (LL.B) အထက်တန်းရှေ့နေ (စဉ် - ၂၃၉၂၀)**
**အမှတ် (၂၁/ခ)၊ လယ်ယာ (၄)လမ်း၊ ၁၀/မြောက်ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၂၅၂၃၅၇၃၃၂**

---

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ဘုရားကုန်းကျေးရွာ၊ ကျောက်ရေတွင်းကျေးရွာ၊ ဘုရားလမ်း၊ အမှတ်(၂၃) ခေါ် (အလျား ၇၀ပေxအနံ ၃၀ ပေ) အကျယ်ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင်ဆောက်လုပ်ထားသည့် လူနေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဒေါ်တင်တင်၏ ခင်ပွန်းဖြစ်သူနှင့် ၎င်းတို့မိဘများမှ ပိုင်ဆိုင်ခဲ့သည့် အိမ်ခြံမြေဖြစ်ပါသည်။ ယခုအခါတွင် ခင်ပွန်းဖြစ်သူ ဦးလွှမ်းမိုးဟိန်း၏ မိဘများနှင့်ခင်ပွန်းဖြစ်သူတို့မှာ ကွယ်လွန်သွားပြီးဖြစ်ပါသည်။ ဦးလွှမ်းမိုးဟိန်း၏ တရားဝင်ဇနီးဖြစ်သူ ဒေါ်တင်တင် [၈/သရန(နိုင်)၀၆၈၆၈၈]မှ တရားဝင်အမွေဆက်ခံသူအဖြစ် အဆိုပါ အိမ်ခြံမြေတွင်ကျန်ရှိ ဆက်လက်နေထိုင်ပိုင်ဆိုင်လျက်ရှိကြောင်း ကျန်ရှိသည့် အိမ်ခြံမြေ၏ စီမံခန့်ခွဲမှုများလုပ်ဆောင်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်း(မူရင်း)များ ယူဆောင်လာ၍ ကျွန်ုပ်ထံ လာရောက် ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အထက်ပါအိမ်ခြံမြေ၏ စီမံခန့်ခွဲမှုများကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဒေါ်တင်တင်၏ လွှဲအပ်ညွှန်ကြားချက်အရ- ဒေါ်ထက်ထက်လတ် (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၈၄၇၃/၂၀၂၃)**
**ဖုန်း-၀၉-၂၆၃၁၀၉၀၄၃၊ ၀၉-၄၂၈၀၂၆၆၃၆**

---

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ကျွန်း/မြောက်ရပ်ကွက်၊ မကြီးကြီးလမ်း၊ အမှတ် (၆၉)ပေါ်တွင် ဆောက်လုပ်ထားသော (၁) ခန်းတည်း၊ ဓာတ်လှေကားပါ (၈-ထပ်) တိုက်၏ စတုတ္ထထပ်၊ (၅-လွှာ)၊ အကျယ်အဝန်း (၂၃x၄၈)ပေရှိ RC တိုက်ခန်း (တစ်)ခန်းနှင့်ယင်းတိုက်ခန်းတွင် ဆက်စပ် တွယ်ကပ်လျက်ရှိသော အကျိုးခံစားခွင့်များအားလုံးကို ဝယ်ယူရန် ဒေါ်ခင်သန်းနွဲ့ (ကန်ထရိုက်တာ/ ပိုင်ဆောက်လုပ်ရေး) ထံမှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်လက်ရှိထား၍ ယခု ရောင်းချပိုင်ခွင့်ရှိသူ ဦးဝင်းချို[၇/ပမန(နိုင်)၀၂၈၄၀၈]အား ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသော ဦးမျိုးသန့်ထွန်း [၁၂/လမန(နိုင်)၀၁၃၆၆၈] နှင့် ဒေါ်သီတာဝင်း [၁၂/အစန(နိုင်)၀၁၁၂၁၁]တို့မှ တိုက်ခန်းရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ စရန်ငွေ ပေးချေထားခြင်းနှင့်ပတ်သက်၍ မည်သူမဆိုကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထား စာချုပ်စာတမ်း (မူရင်း) များနှင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါသည်။

ကန့်ကွက်မည့်သူမရှိပါက အထက်ဖော်ပြပါ တိုက်ခန်းကို တရားဝင်နည်းလမ်းတကျ အရောင်းအဝယ် စာချုပ်ဆက်လက်ချုပ်ဆို၍ ဥပဒေနှင့်အညီ ဝယ်ယူသွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်စိုးစိုးမြင့် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၀၆၃)**
**ဖုန်း ၀၉ - ၄၂၁၀၃၅၉၆၃၊ ၀၉-၇၉၃၀၂၇၆၇၇**
**အမှတ် (၈၆)၊ ၇-လွှာ (စီ)၊ ဝါးတန်းလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ အထက်ပန်းဆိုးတန်းလမ်း၊ အမှတ် – ၁၃၈ တွင် တည်ရှိသော Pansodan View Tower ၊ အဌမထပ်၊ ဧရိယာ (၁၉၀၅) စတုရန်းပေ အကျယ်အဝန်းရှိ အခန်းအမှတ်–၈၀၂ ကွန်ဒိုတိုက်ခန်း (ယာဥ်ရပ်နားရန်နေရာ (၁) နေရာ အပါအဝင်) ကို **ဦးမျိုးမင်းလတ်** (၁၃/လရန (နိုင်) ၀၀၄၉၅၉) က ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချ ပိုင်ခွင့်ရှိကြောင်း၊ တာဝန်ယူလျက်လွှဲပြောင်းရောင်းချလိုကြောင်းကမ်းလှမ်းမှုအပေါ် **ဦးအေးမောင်** (၁၂/ဗဟန (နိုင်) ၀၈၁၃၂၆) ကလည်း ဝယ်ယူရန် သဘောတူညီပြီး စရံငွေ (ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသပေးချေငွေ) အား ပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုသူများ ရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၇) ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထား စာမှတ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှု တစ်စုံတစ်ရာမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးသိန်းထိုက် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၈၃၃၇)**
အမှတ်–၅၈၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း – ၀၉–၄၂၁၀၂၈၁၆၁

## အမွေဆက်ခံ ပိုင်ဆိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ပဲခူးစုရပ်ကွက်၊ လူထုလမ်း၊ အမှတ်(၁၃)နေ အိမ်ခြံမြေ၏ ပိုင်ရှင်များဖြစ်သည့် ဦးဆတ်သား+ဒေါ်နီတို့ လင်မယား ကွယ်လွန်ပြီးနောက် ၎င်းတို့၏ သားသမီးများ ကျွန်ုပ်မိတ်ဆွေများ ဖြစ်ကြသော ဦးတင်ရွှေ(ခ) ပွန်နူဆာမိ၊ မခိုင် (ခ)မူနီးမား၊ ဒေါ်လဲ့လဲ့ခိုင်(ခ)ဝဆန်းသီးနှင့် ဒေါ်ဆစ်တမား (ခ) ဒေါ်မျိုးသန္တာထွန်းတို့ မောင်နှမ (၄)ဦးသာလျှင် အထက်ပါ နေအိမ်နှင့် ခြံမြေအား အမွေဆက်ခံ ပိုင်ဆိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်ယဉ်ယဉ်မြင့် (LL.B)** | **ဒေါ်ဖြူဇာမြင့်(LL.B)** |
| **(တရားလွှတ်တော်ရှေ့နေ)** | **(အထက်တန်းရှေ့နေ)** |
| **(စဉ်–၁၆၂၄၃)** | **(စဉ်– ၅၃၇၇၃)** |

**အမှတ်( ၉ )၊ မဥ္ဇူလမ်း၊ ဒါရ်ဂါရပ်ကွက်၊ သန်လျင်မြို့။**
**ဖုန်း – ၀၉–၇၉၂၈၄၈၀၇၃**

## အထွေထွေကိုယ်စားလှယ်လွှဲစာ ပြန်ရုပ်သိမ်းကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ညောင်တုန်းလမ်း၊ အမှတ် (၃၅)၊ (၆)လွှာနေ ဒေါ်သိုက်ကျော့ရှင်း [၁၂/ဗတထ(နိုင်) ၀၀၀၃၇၀၀]မှ ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ညောင်တုန်းလမ်း၊ အမှတ်(၃၅) (၆) လွှာနေ ဒေါ်ခင်အေးမူ [၁၂/ကမတ(နိုင်)၀၃၉၂၅၃] အား ရန်ကုန်မြို့၊ စာချုပ်စာတမ်းရုံး၌(၉–၇–၁၉၉၇)ရက်နေ့တွင် လွှဲအပ်ပေးခဲ့သော အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၄၁၁၈/၂၀၀၀)အား ပြန်လည်ရုပ်သိမ်းကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ဒေါ်သိုက်ကျော့ရှင်း၏လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်ခိုင်ဖြူဖြူဇော်(LL.B,DBL)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၈၈၀၈)**
**တိုက်(၁)၊ စံပြ(ဖဆပလ) ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း–၀၉–၅၁၇၃၀၅၆**

## ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီခရိုင်၊ ထန်းတပင်မြို့နယ်၊ ခနဲရိအုပ်စု၊ အေးရွာလေးကျေးရွာ၊ စွယ်တော်လမ်းပေါ်ရှိ (အလျား ၁၅၀ပေXအနံ ၁၂၀ပေ) အကျယ်အဝန်းရှိ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ (၂၀–၁၁–၂၀၂၅) ရက်နေ့ထုတ် ကြေးမုံသတင်းစာကြော်ငြာ စာမျက်နှာ–၂၇၌ လွှဲအပ်ညွှန်ကြားချက်ဖြင့် ထည့်သွင်းကြော်ငြာထားသည့် တရားလွှတ်တော်ရှေ့နေ ဒေါ်ခင်မမ၏ ကန့်ကွက်နိုင်ကြောင်း ကြေညာချက်အပေါ် ကန့်ကွက်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၃)ရပ်ကွက်၊ ဘုရင့်နောင်လမ်းမကြီး၊ အမှတ် (၇)နေ ဦးလောလူ [၁၃/လခန(နိုင်)၀၂၁၀၂၄]၏ လွှဲအပ်ချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်–

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီခရိုင်၊ ထန်းတပင်မြို့နယ်၊ ခနဲရိအုပ်စု၊ အေးရွာလေးကျေးရွာ၊ ကွင်းအမှတ်–၂၄၈၊ ကွင်းအမည်–ကြာအင်းကွင်း၊ ဦးပိုင်အမှတ် ၆၆/၂၊ ဧရိယာ(.၅၀)ရှိ (အထက်ဖော်ပြပါမြေကွက်နှင့် လိပ်စာတူ) မြေကွက်အား ကျွန်ုပ်မိတ်ဆွေက (၁၆–၅–၁၉၉၇)ခုနှစ်တွင် ဒေါ်စန်းစန်းအေးထံမှ အဆက်စပ်စာချုပ်စာတမ်းမူရင်းများနှင့်တကွ ဝယ်ယူလက်ဝယ်ရရှိပိုင်ဆိုင်ထားသည်မှာ ယနေ့အချိန်ထိဖြစ်ပါသည်။

ယင်းမြေကွက်အား ဦးမြရှိန် [၁၂/ထတပ(နိုင်)၀၆၇၂၁၀] ထံမှ အပြီးပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်၍ ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာနှင့် ပတ်သက်၍ ကျွန်ုပ်မိတ်ဆွေ အနေဖြင့် အထက်ပါမြေကွက်၏အကျိုးခံစားခွင့်တို့အား ယနေ့အချိန်ထိ မည်သူတစ်ဦးတစ်ယောက်ထံမှ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်း၊ ရောင်းချ၊ ပေးကမ်းထားခြင်း မရှိဘဲ မူရင်းစာရွက်စာတမ်းများနှင့်တကွ လက်ဝယ်ပိုင်ဆိုင်သူဖြစ်၍ (၂၀–၁၁–၂၀၂၅)ရက်စွဲပါ ကြေးမုံသတင်းစာ၌ ထည့်သွင်းကြော်ငြာထားသည့် အရောင်းအဝယ်အား ဆက်လက်ဆောင်ရွက်ခြင်း မပြုလုပ်ပါရန်နှင့် တားမြစ်ချက်အား လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကန့်ကွက်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ချိုမာအောင် (LL.B)**
**အထက်တန်းရှေ့နေ (စဉ်–၄၈၉၄၆)**
**အမှတ် (၉၄၂/ခ)၊ ဏ/၁၄ ရပ်ကွက်၊ ဇီယာ(၃)လမ်း၊ ပန်းခြံ(၂၇)၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၉၇၁၈၅၃၉၀၅**

## ငြင်းချက်ထုတ်ရန်ဆင့်စာ (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀) မရမ်းကုန်းခရိုင်တရားရုံး ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ်– ၂၂၅

| | |
|---|---|
| Nature Treasure Land Gems CO.,Ltd | နှင့် ၁။ ဦးကျော်စွာဝင်း |
| (ကုမ္ပဏီ၏ကိုယ်စား ဒေါ်ကြူကြူလင်း–မန်နေဂျာ) | ၂။ ဦးသန်းဝင်း |
| **တရားလို** | **တရားပြိုင်များ** |

စစ်ကိုင်းတိုင်းဒေသကြီး ၊ ဟုမ္မလင်းမြို့နယ်၊ စေတီဆိပ်ကျေးရွာနေ (၁) တရားပြိုင် ဦးကျော်စွာဝင်းနှင့် (၂)တရားပြိုင် ဦးသန်းဝင်း (ယခုနေရပ်လိပ်စာမသိသူများ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက စက်ယန္တရား(၁)စီး လက်ရောက်ရလိုမှုနှင့် ၄ားရမ်းခကျန်ငွေ + နောက်ကျ နစ်နာကြေးငွေ စုစုပေါင်းငွေ– ၃၆၃,၈၉၀,၆၇၀ိ/– ကျပ်အား ရလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင် ဖြစ်စေ၊ ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပ ပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ( ၉ ) ရက်။ (၁၃၈၇ ခုနှစ်၊ နတ်တော်လဆုတ် ၅ရက်) နေ့မွန်းမတည့်မီ ၁၀:၃၀ နာရီအချိန်တွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့်သင်ကထုချေ တင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၂၄ ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

**(မို့မို့အောင်)**
**ဒုတိယခရိုင်တရားသူကြီး(၃)**
**မရမ်းကုန်းခရိုင်တရားရုံး**

## ဒေါ်စန်းစန်းဝင်း [၁၁/ကဖန(နိုင်)၀၂၆၅၉၂] နှင့် အများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ တာမွေကြီး(က+ဂ)ရပ်ကွက်၊ ၁၅၅–လမ်း၊ အမှတ်–၉၈(၄–လွှာ)နေ ဒေါ်ညွန့်ရီ [၁၂/တမန(နိုင်) ၀၄၂၅၅၇]၊ ဒေါ်မြမြအေး [၁၂/ဗဟန(နိုင်)၀၅၄၅၂၀]၊ ဒေါ်မြမြထွေး [၁၂/တမန(နိုင်) ၀၄၂၄၄၁]၊ ဦးနိုင်ဦး [၁၂/တမန(နိုင်) ၀၄၂၃၉၅]၊ ဒေါ်မြမြသင်း (ဒေါ်ရွှေကြည်၏ကိုယ်စားလှယ်စာယူထားသူ) [၁၂/တမန(နိုင်)၀၅၄၁၃၇] တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်–

(ဘ)ဦးချစ်လှိုင်၏သားသမီးများဖြစ်သော (၁)ဒေါ်ညွန့်ရီ၊ (၂)ဒေါ်မြမြအေး၊ (၃)ဒေါ်မြမြထွေး၊ (၄) ဦးနိုင်ဦး၊ (၅) ဒေါ်မြမြသင်းတို့သည် (၂၇–၇–၂၀၁၂) နေ့တွင် ဒေါ်စန်းစန်းဝင်းအား ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ တာမွေကြီး (က+ဂ) ရပ်ကွက်၊ ၁၅၅–လမ်းနှင့် ၁၅၇–လမ်းကြား၊ မြေကွက်အမှတ် (၆၅) ဟု ခေါ်တွင်သော အမှတ်(၁၀၀)၊ ၁၅၅–လမ်း၊ တာမွေကြီး (က+ဂ) ရပ်ကွက်ရှိမြေကွက် များထဲမှ ဒေါ်စန်းစန်းဝင်းအား အမှတ် (၆၅)၊ မြေကွက်တစ်ကွက်တည်းကိုသာ ရောင်းချထားခြင်းဖြစ်ပြီး ကျန်မြေကွက်များမှာ ကျွန်ုပ်တို့နှင့်သက်ဆိုင်ခြင်း မရှိကြောင်း၊ ရောင်းချခဲ့ခြင်းလည်းမရှိပါ။ အခြားမြေကွက်များနှင့် ပတ်သက်၍ အရှုပ်အရှင်း တစ်စုံတစ်ရာပေါ်ပေါက်ခဲ့ပါက တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း ဒေါ်စန်းစန်းဝင်းနှင့် အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးကျော်ဇင်လတ် (LL.B)**
**အထက်တန်းရှေ့နေ (စဉ်– ၅၃၃၄၈)**
**အမှတ်– ၆၃ (ပထမထပ်)၊ အနောက်အာဇာနည်လမ်း၊ ဆရာစံ(တောင်)စံပြရပ်ကွက်၊ ဗဟန်းမြို့နယ်။**
**ဖုန်း– ၀၉–၇၅၅၆၅၇၈၅၁၊ ၀၉–၂၅၄၄၇၁၁၇၁**

## "ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၁၄၀)၊ သူကြွယ်(၂)လမ်း၊ မြေကွက်အမှတ်(၃၉၈/ခ)ဟုခေါ်တွင်သော အကျယ်အဝန်း (၂၀ x ၆၀)ပေရှိ ဒေါ်စန်းစန်းဝင်း [၁၂/လကန(နိုင်) ၀၁၀၉၈၇] အမည်ဖြင့် မှတ်သားတည်ရှိသည့် စလစ်မြေ အမျိုးအစားမြေနှင့် ယင်းမြေ၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မူလစလစ်အမည်ပေါက်မှ အဆင့်ဆင့် ရောင်းချခဲ့သည့် အဆက်စပ်အရပ်ကတိစာချုပ်များဖြင့် လက်ရှိပိုင်ဆိုင် ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးသိန်းမြင့် MLGN – 015545 ထံမှ ကျွန်ုပ်၏ မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ် ပြုလုပ်သော တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၀)ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက် နိုင်ပါကြောင်းနှင့် သတ်မှတ်ရက် ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက် အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ဖြူဖြူလွင် (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၁၀၂၃)**
**လိပ်စာ – အမှတ်(၄၃၃/ခ)၊ သူကြွယ်လမ်း၊ (၁၄၀)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း – ၀၉–၄၂၀၁၃၂၉၇၈**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၄၄၊ မြေကွက်အမှတ်–၅၇၇၊ မြေကွက်တည်နေရာ အမှတ်–၅၇၇၊ နဝရတ်လမ်း၊ ၄၄ ရပ်ကွက်၊ ဒဂုံမြောက်၊ ဦးတင်ရီ (KLT–၁၀၈၈၁၃)အမည်ပေါက်၊ နှစ်(၆၀)မြေငှားစာချုပ် ဂရန်မြေအား ဂရန်အမည်ပေါက် ဦးတင်ရီ(ဖခင်)ကွယ်လွန်နှင့် ဒေါ်ခင်စန်းမြင့် (မိခင်)တို့ အသီးသီး ကွယ်လွန်သဖြင့် ၎င်းတို့၏သမီးတော်စပ်သူ ဒေါ်ခင်မို့မို့ [၁၂/ဒဂမ(နိုင်)၀၀၈၁၈၄] မှ တစ်ဦးတည်းသောသမီး တော်စပ်ကြောင်း၊ အခြားမွေးချင်းတစ်ဦးတစ်ယောက်မျှမရှိကြောင်း၊ အမွေစားအမွေခံကိတ္တိမသားသမီးများလည်း မွေးစားထားခြင်းမရှိကြောင်း၊ ဗုဒ္ဓဘာသာကိုးကွယ်သူများဖြစ်သည့်အားလျော်စွာ ဂရန်အမည်ပေါက် ဦးတင်ရီ၏အထက်ပါမြေကွက်နှင့်အကျိုးခံစားခွင့်အရပ်ရပ်တို့အား မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့်အညီ အမွေဆက်ခံခြင်းဆိုင်ရာ ဥပဒေတို့အရ တရားဝင်အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကျမ်းကျိန်လွှာ၊ ထပ်ဆင့်ထောက်ခံ ကျမ်းကျိန်လွှာ (၂)စောင်၊ မိဘများသေစာရင်း၊ အိမ်ထောင်စုစာရင်း၊ ဂရန်၊ နိုင်ကတ်တို့တင်ပြ၍ ဒေါ်ခင်မို့မို့မှ ပိုင်ဆိုင်ကြောင်း စာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## "ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ"

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ ထီးတန်းစက်မြေရပ်ကွက်၊ ဘန္ဓုပင်လမ်း၊ အမှတ်(၅)၊ ၄–လွှာ/ဘီ ၊ ခြေရင်းခန်း၊ အကျယ်အဝန်း (၁၂ပေခွဲx၅၀ပေ)ရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းတွင် တပ်ဆင်ထားသော ရေမော်တာ၊ လျှပ်စစ်မီတာအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရပ်ကတိစာချုပ်အဆက်စပ်ဖြင့် လက်ရှိထားပိုင်ဆိုင်၍ အရှုပ်အရှင်းကင်းရှင်းကြောင်း၊ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးသိန်းမြင့်ဦး [၁၂/လသန(နိုင်)၀၁၉၇၃၀]ထံမှ ကျွန်ုပ်၏ မိတ်ဆွေ ဒေါ်ခင်မို့မို့ဝင်း [၁၂/လမတ(နိုင်)၀၂၉၁၀၇]မှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် အတွက် စရန်ငွေတစ်စိတ် တစ်ဒေသကို ပေးချေဝယ်ယူထားပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းအရောင်းအဝယ်နှင့် စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း တိကျခိုင်မာသောစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ခင်မို့မို့ဝင်း၏ လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်အေးမြတ်မွန် (L.L.B, L.L.M)**
**အထက်တန်းရှေ့နေ (စဉ်–၅၅၈၄၂)**
**အမှတ်(၁၂၈)၊ မြယာကုန်းလမ်းတို၊ တောင်ညွန့်ကြီးရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း – ၀၉–၉၅၆၂၆၄၇၈၆၊ ၀၉–၇၈၆၉၅၆၃၉၃**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၂၈(စီ)မြေကွက်အမှတ်– ၈၆၇၊ (၂၅ပေx ၅၀ပေ)ခန့်ရှိ မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အမှတ်(၁၀)၊ ခတ်လှေကားပါ (Hall Type)(၈)ထပ်တိုက်၏ ဒုတိယထပ်(၃)လွှာ၊ ဝေဠုဝန်လမ်းကျယ်၊ ဝေ/တောင်ရပ်ကွက်၊ အကျယ်အဝန်း(၂၃ပေx၄၈ပေ)တိုက်ခန်းကိုရောင်းချသူ ဒေါ်ရွှေဇင်ဌေး[၆/ထဝန(နိုင်)၀၇၆၂၁၈]က ၎င်းသည်သာ ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိပြီး ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံလျက် ကျွန်ုပ်၏အမှုသည်က ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကိုပေးချေထားပြီးဖြစ်ပါသည်။ ပိုင်ဆိုင်မှုနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့်တကွ ဤကြော်ငြာသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်၏ထံသို့ လာရောက်တင်ပြ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက မည်သည့်ကန့်ကွက်ချက်ကိုမျှ လက်ခံစဉ်းစားမည်မဟုတ်ဘဲ ကျန်ငွေများကိုဆက်လက်ပေးချေ၍ တိုက်ခန်းအရောင်းအဝယ် ဆက်လက်ပြုလုပ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**တိုက်ခန်းဝယ်ယူသူ ဒေါ်ဇင်မာလွင်[၁/မညန(နိုင်)၁၃၆၄၃၆] ၏လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဟိန်းမျိုးဝင်း**
**အထက်တန်းရှေ့နေ (စဉ်–၅၆၅၉၂)**
**၀၉–၉၇၄၆၀၂၀၁၈**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့၊ မြေတိုင်းရပ်ကွက်အမှတ် (၁၀)၊ မင်းရဲကျော်စွာလမ်း၊ မြေကွက်အမှတ် (၄၈၀)၊ မြေအကျယ်အဝန်း (၄၀ပေx၆၀ပေ)ရှိ မြေကွက်ကြီးအနက်မှ တရားဝင်မခွဲမစိတ်ရသေးသော မြေကွက်ကြီး၏ ခြေရင်းဘက်အခြမ်း (၁၀ပေx၆၀ပေ)ရှိမြေကွက်နှင့် အပြာရောင်ဆေးခြယ်ထားသော နေအိမ်တစ်လုံး၊ ရေ၊ မီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့မှာ ဒေါ်မြမြလေးမြင့် [၁၂/ဥကမ(နိုင်)၀၂၄၆၄၇] အမည်ပေါက် ပါမစ် မြေကွက်အဖြစ်တည်ရှိပြီး ယခုရောင်းချသူ ဒေါ်စုသက်ရည်နှင်း [၁၂/သဃက(နိုင်)၀၃၇၇၃၆] မှ အရောင်းအဝယ် အဆက်စပ် စာချုပ်များဖြင့် တရားဝင်လက်ရောက်ပိုင်ဆိုင်ကြောင်း ဝန်ခံကတိပြုလျက် အပြီးအပိုင်လွှဲပြောင်းရောင်းချရန် စကားကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထား (မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ဒေါ်စန်းခင် [၇/သနပ (နိုင်) ၀၃၄၆၈၃] ၏ လွှဲအပ်ညွှန်ကြားချက်အရ –**

**ဒေါ်အေးချမ်းမွန် (LL.B, DIPL)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၆၄၄၇)**
**အခန်း (၄၀၆)၊ သုနန္ဒာ(၁၀)လမ်း၊ (ဆ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း–၀၉ ၄၀၂၅၈၈၉၈၂၃**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဖို့မြေရပ်ကွက်၊ ၁၀၁–လမ်း၊ အမှတ်(၁၁၉)၊ ၇–လွှာ၊ အကျယ်အဝန်း (၂၅ ပေ x ၅၀ ပေ)ရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်တွင် တွယ်ကပ်ပါရှိသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်ဝယ်ယူပိုင်ဆိုင်ကြပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူများဖြစ်ကြသော ဒေါ်ကြည်ကြည် [၉/မနမ(နိုင်) ၀၉၂၆၁၁]၊ ဦးဝင်းညွန့် [၉/မနမ(နိုင်)၀၉၁၈၃၂] ကိုင်ဆောင်သူတို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ တိုက်ခန်းအရောင်းအဝယ်ကိစ္စကို မည်သူမဆိုကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက တိုက်ခန်းအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးသက်နိုင်ဦး [ LL.B, LL.M, MRes(Law), D.B.L]**
**အထက်တန်းရှေ့နေ (စဉ်–၃၆၉၃၃)**
**အမှတ် (၁၅)၊ မြေညီ (ဘီ) ၊ အထက်မန္တလေးလမ်းသွယ် (၃)၊ ကန်/မြောက်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း – ၀၉ ၉၇၅၀၂၁၈၄၁**

## ကန့်ကွက်နိုင်ပါကြောင်းအများသိရှိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ ကျောင်းကုန်း(န/၂၆)ရပ်ကွက်၊ ကန်ဦးလမ်း၊ မြေတိုင်းရပ်ကွက်အမှတ် (၅၃)၊ မြေကွက်အမှတ်(၂၇၃)၊ ဦးမြင့်မောင် အမည်ပေါက် မြေချပါမစ်(မူရင်း)၊ မြေအကျယ်အဝန်း အလျား (၄၀)ပေxအနံ(၆၀)ပေရှိ မြေကွက်ကြီးအနက်မှ(ခေါင်းရင်းဘက် ခြမ်း) အလျား (၂၀)ပေxအနံ(၆၀)ပေရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော နေအိမ်အခန်းတွဲ၊ လျှပ်စစ်မီတာအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဒေါ်စန်းမြင့်(ဘ)ဦးကျော်သန်း[၁၂/ရပသ(နိုင်)၀၀၉၅၀၁]ထံမှ ကျွန်ုပ်မိတ်ဆွေဖြစ်သော ဒေါ်မိုးမိုးခိုင် (ဘ)ဦးသိန်းမြင့်[၇/ပခန(နိုင်)၄၄၃၅၀၈]တို့က အပြီးအပိုင် ဝယ်ယူရန်အတွက် (စရန်ငွေ) တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့် ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသည်ဟု အဆိုရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်း အထောက်အထား မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိရှိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

| | |
|---|---|
| **ဒေါ်ညိမ်းညိမ်းထွေး (LLB,DBL)** | **ဒေါ်အေးငြိမ်းသူ (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်–၁၃၃၁၅)** | **အထက်တန်းရှေ့နေ(စဉ်–၅၃၂၃၉)** |

**စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်။ ၀၉–၇၉၃၉၆၇၂၈၄**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၉)၊ ဗိုလ်သုန်လမ်း၊ မြေကွက်အမှတ်(၁၁၂၈)၊ မြေအကျယ်အဝန်း(၄၀ ပေ x ၆၀ ပေ)၊ ဧရိယာ(၀.၀၅၅)ဧက၊ (၂၄၀၀) စတုရန်းပေရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံး ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုမြေယာဌာနတွင် ဦးမင်းနိုင် [၆/ကသန (နိုင်)၀၀၃၄၅၉] အမည်ဖြင့်အမည်ပေါက် မှတ်သားတည်ရှိပြီး အမည်ပေါက်ကိုယ်တိုင်မှ မိမိတစ်ဦးတည်းသာလျှင် တရားဝင်လက်ရှိပိုင်ဆိုင်ကြောင်းနှင့် လွတ်လပ်စွာ ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြု၍ ကျွန်ုပ်တို့၏မိတ်ဆွေထံသို့ အပြီးအပိုင် လွှဲပြောင်းရောင်းချရန် စကားကမ်းလှမ်းလာရာ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား (မူရင်း)များဖြင့် ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက် ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

| | | |
|---|---|---|
| **ဒေါ်ယဉ်ယဉ်ကြည်(LL.B)** | **ဒေါ်ပန်းသဇင်ကျော်(LL.B)** | **ဒေါ်သက်ထားခိုင် (LL.B)** |
| **(စဉ်–၁၁၄၀၆)** | **(စဉ်–၅၆၈၂၃)** | **(စဉ်–၅၆၈၇၅)** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **ဒေါ်လဲ့လဲ့မွန်(LL.B)** | **ဒေါ်သန်းဌေး(ခ)ဒေါ်သန်းသန်းဌေး (LL.B)** | |
| **(စဉ်–၁၈၇၉၆)** | **(စဉ်–၅၆၆၆၂)** | |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** | |

**အမှတ်(၅၄၄/ခ)၊ သဒ္ဒါလမ်း(၂၀)၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း – ၀၉–၄၃၁၁၄၆၅၄**

သစ်တောမှန်လျှင် အသုံးဝင်၊ အစဉ်ထာဝရ ထိန်းသိမ်းကြ

❖ ဒီမိုကရေစီစနစ်ဟူသည်မှာ ပြည်သူကရွေးချယ်သည့် အုပ်ချုပ်ရေးစနစ်ဖြစ်ပြီး ၎င်း၏အနှစ်သာရဖြစ်သည့် အများဆန္ဒအတိုင်း ဆောင်ရွက်ခွင့်ရှိသော်လည်း လူနည်းစု၏ ဆန္ဒကိုလည်း အလေးထားရန် ...
❖ မိမိနှင့်အယူအဆမကိုက်ညီသူများကို ရန်သူလိုသဘောထားပြီး ခွဲခြားဆက်ဆံခြင်းများ၊ ဖယ်ကြဉ်ထားခြင်းများသည် ဒီမိုကရေစီစနစ်နှင့် လုံးဝကိုက်ညီမှုမရှိသည့်အရာဖြစ်...
❖ ဖက်ဒရယ်စနစ်ဟူသည်မှာလည်း လုပ်ပိုင်ခွင့်အာဏာနှင့် ရပိုင်ခွင့်အာဏာများကို မျှဝေခံစားစေခြင်းဖြစ်ပြီး ၎င်းအနှစ်သာရမှာ ပေါင်းစည်းခြင်းနှင့် သဟဇာတဖြစ်မှုပင်ဖြစ်...

( ယာယီသမ္မတ(တာဝန်) တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်နေ့တွင် ပြုလုပ်သော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအစည်းအဝေး(၃/၂၀၂၅) တွင် ပြောကြားသော အမှာစကားမှ ကောက်နုတ်ချက်)

❖ **နိုင်ငံတော် ရွှေသီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။**
❖ **နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။**
❖ **နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။**

### မျိုးဆက်သစ်ဝံသာနုပါတီ၏ ပြည်သူများသို့ စည်းရုံးဟောပြောချက် ဖော်ပြပါရှိ

နေပြည်တော် နိုဝင်ဘာ ၂၄

မျိုးဆက်သစ်ဝံသာနုပါတီ၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များကို ယနေ့ထုတ် ကြေးမုံ သတင်းစာ စာမျက်နှာ ၁၆ တွင် ဖော်ပြပါရှိပါသည်။

ကြေးမုံ

**ယနေ့ ဖတ်စရာ**

**၂၀၂၅ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ပိုစတာ၊ ဗီဒီယိုနှင့် ပန်းချီပြိုင်ပွဲများ၌ ဆုရရှိသူများ ထုတ်ပြန်ကြေညာ**

စာမျက်နှာ » ၁၃

**တပ်မတော်ပင်လယ်သွား ဆေးရုံရေယာဉ်(သံလွင်)မှ တပ်မတော် နယ်လှည့်အထူးကုဆေးအဖွဲ့ ငပုတောမြို့နယ် ကျုံကူးကျေးရွာနှင့် အနီးပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်**

စာမျက်နှာ » ၁၄

## KK Park နယ်မြေအတွင်း အွန်လိုင်းလိမ်လည်မှုနှင့် လောင်းကစားမှုများကျူးလွန်ရာတွင် အသုံးပြုသည့် အဆောက်အအုံ ၂၂၈ လုံး ဖြိုချဖျက်ဆီးပြီးဖြစ်၊ ရွှေကုက္ကိုလ်နယ်မြေအတွင်းမှ တရားမဝင်ပြည်ပနိုင်ငံသား ၁၀၁ ဦး ထပ်မံဖမ်းဆီးထိန်းသိမ်းနိုင်ခဲ့



ရွှေကုက္ကိုလ်နယ်မြေအတွင်း တရားမဝင် ဝင်ရောက်လာသည့် နိုင်ငံခြားသားများအား ဖမ်းဆီးရမိမှုကို တွေ့ရစဉ်။

နေပြည်တော် နိုဝင်ဘာ ၂၄

မြန်မာနိုင်ငံအစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှုများနှင့် အွန်လိုင်းလောင်းကစားမှုများ အများဆုံး အခြေချလုပ်ကိုင်လျက်ရှိကြသည့် ရွှေကုက္ကိုလ်နယ်မြေနှင့် KK Park နယ်မြေများ၌ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများအပါအဝင် အဖွဲ့စုံပါဝင်သည့် ပူးပေါင်းစစ်ဆင်ရေးအဖွဲ့များဖြင့် ဝင်ရောက်ရှင်းလင်းခြင်း၊ တရားမဝင်အဆောက်အအုံများအား ဖြိုချဖျက်ဆီးခြင်းများ ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ အွန်လိုင်းလိမ်လည်မှုများနှင့် အွန်လိုင်းလောင်းကစားမှု စာမျက်နှာ ၉ ကော်လံ ၁ သို့ ■

## အာရှဖလား ယူ-၁၇ ခြေစစ်ပွဲတွင် မြန်မာအသင်း နီပေါကို ဂိုးပြတ်သွင်းပြီး နိုင်ပွဲဆက်

ရန်ကုန် နိုဝင်ဘာ ၂၄

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပနေသည့် ၂၀၂၆ အာရှဖလား ယူ-၁၇ ခြေစစ်ပွဲ အုပ်စု (G) ဒုတိယနေ့ကို နိုဝင်ဘာ ၂၄ ရက်က ရန်ကုန်မြို့ သုဝဏ္ဏကွင်း၌ ဆက်လက်ပြုလုပ်ရာ မြန်မာအသင်းသည် နီပေါအသင်းကို လေးဂိုးပြတ်သွင်းယူပြီး နိုင်ပွဲဆက်ခဲ့သည်။

အိမ်ရှင်မြန်မာအသင်းသည် ခြေစစ်ပွဲတွင် နှစ်ပွဲဆက်တိုက်အနိုင်ယူပြီး ခြေစစ်ပွဲအောင်မြင်ရေးမျှော်လင့်ချက် ပိုမိုနီးစပ်လာခဲ့သည်။ မြန်မာအသင်းသည် အကောင်းဆုံးခြေစွမ်းပြသနိုင်ခြင်းမရှိသေးသော်လည်း အနိုင်သုံးမှတ်အတွက် လိုအပ်နေသည့် သွင်းဂိုးများ သွင်းယူနိုင်သည့်အတွက် ကျေနပ်စရာဖြစ်ခဲ့သည်။

စာမျက်နှာ ၁၉ ကော်လံ ၁ သို့ ○



မြန်မာအသင်းအတွက် အဖွင့်ဂိုးသွင်းယူခဲ့သည့် တိုက်စစ်မှူး ရဲနိုင်အောင် နီပေါအသင်းဘက်သို့ ထိုးဖောက်နေစဉ်။

## အာဆင်နယ်အသင်း ဇယားထိပ်၌ ခြောက်မှတ်ဖြတ်ဖြင့် ဆက်လက်ဦးဆောင် တိုက်စစ်မှူး အက်ဇီ ပထမဆုံး ဟက်ထရစ်သွင်းဂိုး သွင်းယူနိုင်ခဲ့

အာဆင်နယ်အသင်းဟာ နိုဝင်ဘာ ၂၃ ရက် ညပိုင်းက မြောက်လန်ဒန်ပြိုင်ဘက် စပါးအသင်းကို အနိုင်ရပြီး ပရီမီယာလိဂ်အမှတ်ပေးဇယားထိပ်ဆုံးမှာ ခြောက်မှတ်ဖြတ်ကာ ဆက်လက်ဦးဆောင်နိုင်ခဲ့ပါတယ်။

နည်းပြ အာတီတာရဲ့ အာဆင်နယ်အသင်းဟာ စပါးအသင်းကို လေးဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တာဖြစ်ပြီး အဲဒီပွဲစဉ်မှာ တိုက်စစ်မှူး အက်ဇီက ပထမဆုံးဟက်ထရစ်သွင်းဂိုး သွင်းယူနိုင်ခဲ့တာဖြစ်ပါတယ်။

စာမျက်နှာ ၁၆ ကော်လံ ၁ သို့ ❂